ဗျာဒိတ်ဧ [illegible] ကိ။

ဘုမ္မာ သိုက်။ သိဂြိုဟ်း သိုက်။

ဓာဝဂရု သိုက်။ နတ်စက်ဈောင် သိုက်။

ဂဝံပတော့ သိုက်။ ငမှန်ကန်းသိုက်။

ရွှေတိဂုံ သိုက်။ အင်းဝ သိုက်။

သိုက်စာအမျိုးမျိုးတို့ဖြင့်-တန်းဆာဆင်အပ်သော။

သိုက်စာ-ညွှန့်ပေါင်း။

နှင့်။

မင်းဆက်ရာဇဝင်သံခိပ်၊

ဦးနိဂြောဓအရှင်။ ဒုတိယအကြိမ်-ထပ်မံ ပြင်ဆင်သည်။

စာအုပ်ရှင်-ဦးစံညွန့်။ သား-မောင်လှမောင်၊
မန္တလေးပိဋကတ်စာအုပ်တိုက်၊
ဈေးချိုတော် (၆) ရုံ။ နံပါတ် (၂-၃)
မူရှင်-ဦးစံညွန့်။ ဘွဲ့-ပဋ္ဌာနးခင်း။

မအေးထင်-ပိဋကတ်-စာပုံနှိပ်တိုက်

၁—သုံး [illegible]။ [illegible]

ဗျာဒိတ်တော်သိုက်။
ဘုရားသိုက်။ သိကြားသိုက်။
ဇာဂရ သိုက်။ နတ်စက်ရောင် သိုက်။
ဂဝံပတေ့ သိုက်။ မှန်ကန်းသိုက်။
ရွှေတိဂုံ သိုက်။ အင်းဝသိုက်။
သိုက်စာအမျိုးမျိုးတို့ဖြင့်-တန်းဆာဆင်အပ်သော။

သိုက်စာ-ညွှန့်ပေါင်း။

ရာဇဝင်သံခိပ်၊

ဦးနိဂြောဓအရှင်။ ဒုတိယ-ထပ်မံ ပြင်ဆင်သည်။

MG. HLA MAUNG
MANDALAY PITAKA BOOK DEPOT

စာအုပ်ရှင်-ဦးစံညွန့်။ သား-မောင်လှမောင်။
မန္တလေးပိဋကတ်စာအုပ်ဆိုင်။
ဈေးချိုတော်(စီ)ရုံ။ နံပါတ်(၂-၃)
မူရှင်-ဦးစံညွန့်။ သမီး-မဖွားခင်။
မအေးတင်-ပိဋကတ်-စာပုံနှိပ်တိုက်။
၁၃၀၁-ခုနှစ်။ မိတ္ထီလာမြို့။ အဘိုး(၃-၈-၀)

သိုက်စာ·ညွှန်းပေါင်း။

မြင်းခြံမြို့၊

အဂ္ဂမဟာပဏ္ဍိတ

ပဥ္စမဂိုဏ်းချုပ် {၉} ဆောင်ဆရာတော်

ဘဒ္ဒန္တ ဝေပုလ္လာဘိဓဇ

အရှင်သူမြတ်သည်။

ကေနိပါတ် မဟာသုပိန ဇာတ်တော်ထွက်။

ကောသလမင်းကြီး အိပ်မက် တဆဲ့ခြောက်ချက်သော။

တိတ်ကြီး–နိမိတ်ကြီး–တို့နှင့်

ထိတ်လန့်ဘွယ်သော။

သံဝေဂကထာ၊ အလင်္ကာတို့ဖြင့်

တန်းဆာဆင်၍ စီရင်ရေးသားတော် မူအပ်သော၊

{ ဗျာဒိတ်တော်သိုက် }

{ နိဒါန်း။ }

ယခုခေတ်-ယခုအခါနိုက်။ပညာဗဟုသုတ။ရှိသည်ဟုပြောဆိုကြကုန်သော။လောကသင်္ကေတအလိုက်။သိုက်-သံမိုင်း-ရာဇဝင်။ဗေဒင်ကိန်းခန်း {လောကီကျမ်းတွေ့ရာစာ} တို့ကို။ လေ့လာသူ-အထူးထူးတို့သည်။တဦးနှင့်တဦး-မညီမညွတ်။ ရရာရွတ်-မှတ်မိရာပြော-ထင်ရာပြော {အတ္တနောမတိ} အမျိုးမျိုး။ အဆိုးနှင့်-အကောင်း။ကျိုးကြောင်းဟိတ်ဖိုလ်မတန်။အရမ်းဉာဏ်နှင့်။ကျမ်းဂန်ပိုးဝါး။ ကိုးစားယုံကြည် ဘွယ်ရာ။ မရှိလှပါ သောကြောင့်။ ဟာယနကာလ၏။ သဘာဝဖြစ်ပျက်ရေးကို။ လေးလေးမြတ်မြတ်။ ဝိဒ္ဒကတ်-ကျမ်းအာဂုံနှင့်တကွ။ယုံကြည်စွာသိမှတ်ရန် ရေးသား၍။ပေးသနားတော်မူပါမည့်အကြောင်း။ တပည့်တကာ အပေါင်းတို့။ တောင်းပန် လျှောက်ထားချက် အရ။ ဟာယန-ကာလ၏။ သဘာဝ ဖြစ်ပျက်ရေးမှာ။ ရှေးပညာရှိ။ကဝိပုဂ္ဂိုလ်တို့။ ထုတ်ဆိုသော သိုက်သမိုင်း တို့ကဲ့သို့။ ထုတ်ဆိုတိုင်း ဟုတ်မဟုတ် မှန်မမှန်ကို။ကြံဖန်သေးကြော။မတွေးတောရသော။ ဟောတော်မူရင်း { ဗျာဒိတ်တော်သိုက် } တိုက်ရိုက်တွေ့ကြုံဆဲ-တွေ့ကြုံရလတံ့။ ကြောက်လန့်ဘွယ် လောကဓံ။ တွေ့ကြုံကြရမည်- အမှန်ဖြစ်၍။ သံဝေဂဓမ္မ။ရကြီးရကြစေခြင်းငှာ။ကေနိပါတ်မဟာသုပ်န ဇာတ်တော်ထွက်။(ကောသလမင်းကြီး အိပ်မက်)တဆဲ့ခြောက်ချက်သော-ပါဠိဘာသာ။ မာတိကာ-ဂါထာကို။ မြန်မာပြန်-အနက်ကျဉ်း-အနက်ကျယ်-နှင့်တကွ။ ကျက်လွယ်-ရွတ်လွယ်သော-လင်္ကာ နှစ်ပုဒ် ရေးသား၍။ အများတို့ နှစ်သက်ရာ-ကြည့်ရှု မှတ်သားကြစေရန်။အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ။ မြင်းခြံမြို့-ပဋ္ဌမကိုဏ်းချုပ်(၉)ဆောင်ဆရာတော်ဘုရား။ ရေးသားတော်ပြသော-ကောသလမင်းကြီး အိပ်မက်ခန်း “အလင်္ကာ” တို့ကို။ စဉ်အလာ တထုံးမှတ်ရအောင်။ ပညာဝါ-နှလုံးမြတ်သူတို့။ သုံးသင်-ကြည့်ရှုကြစေကုန်သတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကေနိပါတ်-မဟာသုပိန ဇာတ်တော်လာ။
သောဠသ သုပိန ဂါထာပါဠိ။

(၁) ဥသဘာ၊ရုက္ခာ၊ဂါဝိယော၊ဂဝါစ။
အဿော၊ကံသော၊သိင်္ဂါလီကာစ၊ကုမ္ဘော။
(၂) ပေါက္ခရဏီစ၊အပါကံ၊စန္ဒနံ။
လာဗူနိ၊သိဒန္တိ၊သိလာ ပ္လဝန္တိ။
(၃) မဏ္ဍူကိယော၊ကဏှသပ္ပေ၊ဂိလန္တိ။
ကာကံ၊သုဝဏ္ဏာ၊ပရိဝါရယန္တိ။
တသာဝကာ ဠေဠကာနံ၊ဘယာဟိ၊ ။

၎င်းဂါထာ၏-မြန်မာပြန်အနက်ကျဉ်း။

(၁) ဥသဘာ။ မျက်စဥ်းညိုချောင်၊ မည်းနက်မှောင်သော။ လေးကောင်သော-ဥသဘနွားကြီးတို့သည်၊ တားဆီးမရ။ဓေ့ကြမည်-သဏ္ဍာန်ပြု၍။ကြည့်ရှုကြဆဲ။ဝေးရာသို့ ဘဲကြကုန်၏။ ။
(၂) ရုက္ခာ။သစ်ပင်-ချုံနွယ်။ လွန်နုနယ်တို့သည်။ ယွှယ်နှင့်မလိုက်။ကိုက်ထွန့်-ဖူးငုံ။အပွင့်အသီးနှင့်-ပြည့်ရုံကုန်၏။ ။
(၃) ဂါဝိယော။ယနေ့ဘွားသော။ နွားငယ်မနို့။နွားကြီးတို့ စို့ကုန်၏။ ။
(၄) ဂဝါစ။စေခိုင်းနေကျ။ဗလဘွမ်းသန်၊ လမ်းမှန်သွားပြီး၊ နွားကြီးတို့ကို-မစေခိုင်းဘဲ။ နွားရိုင်းနို့ စို့ -နို့ ခွာတို့ကို၊ စေခိုင်းလိုရာသွား။ထိုနွားတို့က။နုနယ်သူသဖြင့်။ လှည်းကိုမျှမရွေ့စေနိုင်ကုန်။
(၅) အဿော။နှစ်ဘက်မျက်နှာ။နှစ်ခြမ်းခံတွင်း၊ရှိသောမြင်းသည်။ခံတွင်းနှစ်ဘက်တို့ဖြင့်။မယောမျက်-မယောနှံတို့ကို၊ တန်ပြီဟု-မရပ်နား။ကျွေးလာတိုင်းစားလေ၏။ ။

(၆) ကံသော။ တသိန်း-အသပြာ၊ ထိုက်တန် စွာသေ၁။ ရတနာရွှေခွက်တွင်။ ကျင်စွန့်တော်မူပါဆို၍။ မြွေခွေးဖို့အား အပ် ပေး။ထိုမြွေခွေးသည်။ပေးတိုင်း-ရဲဝံ့။ရွှေခွက်၌-ကျင်စွန့်၏။ ။

(၇) သိင်္ဂါလိကာဃ။ ယောကျ်ားတဦး။ အသူးအားသွန်။ လွန်အထက်က။ ကျစ်သမ္မာကို။ အောက်ကစောင့်လျက်။ အကျိုး ပျက်အောင်။ခိုးဝှက်ပုန်းကွယ်၍။မြွေခွေးမ-စား၏။ ။

(၈) ကုမ္ဘော။ အိုးငယ်ထောင်သောင်း။ တပေါင်းတည်း-ဝန်းရံလျက်။ ဖိတ်လျှံ-ပိုစီး။ ရေပြည့်ပြီးသော။ အိုးကြီး၌သာ။ လေးမျက်နှာက။ လာလာသသူ။ ခင်သိမ်းလူတို့။ သယ်ယူထပ် လောင်း။ အိုးရံပေါင်းကိုကား။ လောင်းမည်ဝေးစွ၊ပြန်စောင်းမျှ-မကြည့်ကြရကုန်။ ။

(၉) ပေါက္ခရဏီ။ကြာမျိုးငါးရုံတို့ဖြင့်။သွမ်းခြုံတင့်တယ် လှုက်ရှိသော။ရေကန်ကြီး-အလည်၌ မြူနည်ကျရောက်။ ရေအလွှန် နောက်ပြီးသျှင်။ကင်းပျောက်-မြူမှုန်၊ရေစ၌သာ-ကြည်လင်ကုန်၏။

(၁၀) အပါကံ။အိုးတလုံးတွင်။ချက်ထားသောထမင်းသည် ပြော့ခြင်းတရပ်။မနူးနပ်နှင့်။နူးနပ်တဘက်။သုံးမျိုးသုံးစားကျက်၏။

(၁၁) စန္ဒနံ။အဘိုးတသိန်းထိုက်တန်သော။စန္ဒကူးနံ့သာကို။ အခုမဟုတ်၊ရက်တက်ပုတ်နှင့်၊ယုတ်မြတ်မဟူ၊ရောင်းစား၏။ ။

(၁၂) လာဗုနိ-သိဒန္တိ။ ရေ၌-ဗူးတောင်း။ မမြုပ် ကောင်း လျက်။ဗူးတောင်းရေ၌-မြုပ်ကုန်၏။ ။

(၁၃) သိလာ ပလဝန္တိ။ ကျောက်ဖျာကြီးများ၊မကြားစဘူး။ မမြင်စဘူး။ကျူကျူးကျော်ကျော်၊ရေ၌-ပေါ်သောပေါ်ကုန်၏။ ။

(၁၄) မဏ္ဍူကီယော။ ဘွားစနိုနယ်၊ ဘားမငယ်တို့သည်။ ကဏှသပ္ပေ။အခိုပ်-အတောက် ပြင်းစွာရောက်သော။မြွေဟောက် ကြီးတို့ကို၊ဂိလန္တိ၊ဖမ်းဆီးလိုက်သတ်။ ကိုက်ဖြတ်ကြကုန်၊မျိုကြ ကုန်၏။ ။

(၁၅) ကာကံ။အကျင့်လည်းဆိုး။ အမျိုးလည်းနုပ်။မည်းနက် ကြွတ်သော။ ကျီးယုတ်မာတကောင်ကို။သုဝဏ္ဏာ။မဟာသမတ။

ဆိုသိုက်လှသော၊ ဌက်များ-သနင်း။ ဓမ္မဟာသ်ာမင်းတို့သည်။ ပရိဝါရယန္တိ။ ဝင်းလှည့်အိပ်ဘန်၊ ကိုယ်ရံတော်သား။ မင်းချင်းများကဲ့သို့။ခစားခြံရံကြကုန်၏။

(၁၃) တသာဝဘာ၊ သားအမျိုးမျိုး၊ ကြောက်ရွံ့ပိုးရသော၊ တန်ခိုးကြီးစွာ။ သစ်သတ္တဝါတို့သည်၊ ငွေ့ကာနံ၊ ယုတ်ညံ့လှစွာ။ ဆိဘ်-သတ္တဝါတို့မှ၊ ဘယာ။မတွေ့ရအောင်။ မမြင်အောင်လျှင်။ ပုန်းရှောင်ထွက်ပြေး။တခြေဝေးသို့၊ပြေး၍မလုံ၊ ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။ ။

ဇာတိအယံ၊ဤသည်လျှင်။ မာတိကာ။ကောသလမင်း၊ တညဉ့်တွင်းန္တက်။ မြင်ခြင်းစဉ်ဆက်၊ဆဲ့ခြောက်ချက်ဟူသော။ အိမ်မက်၏-မာတိကာတည်း။ ။

မြတ်စွာဘုရားထံ၊ ကောသလမင်းကြီး၊
လျှောက်ထားခြင်း အိမ်မက်ရင်းအတိုင်း အနက်အကျဉ်း
မြန်မာပြန်–ပြီး၏။

တနည်းအားဖြင့်၊
ရင်းကေနိပါတ်-မဟာသုပိန-ဇာတ်တော်လာ။
သောဠသ သုပိနဂါထာကို။ အနာဂါတ်
ဗျာဒိတ်စကား။
မိန့်ကြားတော်မူသော–အဓိပ္ပါယ်နှင့်။
အနက်ကျယ် မြန်မာပြန်ခြင်း။

(၁) ဥသဘာ။ရိုဟ်းသံလျှပ်စစ်။ပတ်ရစ်လှည့်ကာ လေးမျက်နှာက။ တက်လာတိမ်ထောင်။ ရိုဟ်းလုံးမှောင်လျက်။ ရိုဟ်းခေါင်ရေရှား၊ ရွာယောင်နှင့်, မရွာနေလတ္တံ့သော–နိမိတ် အားဖြင့်။ နွားနက်ကြီးလေးကောင်။ဖွေ့မယောင်နှင့်။ ကွေ့ရှောင်ထွက်ပြေး၊ သည်ကို။မြင်မက်ခြင်းရင်း။ ။

(၂) ရက္ခာ။ မိတ္တုမ္ဘာရီ။ မာဏာဝီတို့၊ ရေသိပန်းပွင့်၊ မသင့်အယွယ်။ သန္ဓေလွှယ်လတ္တံ့ဟု။ ငယ်သောချုံသစ်ပင်တို့ကြီးရင့်သကဲ့သို့။သီပွင့်ငုံကင်းသည်ကို-မြင်မက်ခြင်းငှင်း။ ။

(၃) ဂါဝိဿယာ၊ မိဘအိုများ။ သမီးသား၏၊ သနားသမျှ။ စားသုံးရလတ္တံ့ဟု၊ ဘွားစနွားနယ်။ နွားငယ်မနို့။ နွားကြီးတို့က။ ဝို့သည်ကိုမြင်မက်ခြင်းငှင်း။ ။

(၄) ဂဝါစ။အသက်သိက္ခာ။ဥာဏ်ပညာနှင့်။စဉ်လာဇာတိရှိသူကိုကား။ ရှေ့သွားမှူခင်း၊ မဆောင်နှင်းကြဘဲ၊ ချင်းရည်မရှိ၊ ဇာတိနှုတ်ငယ်၊ အယွယ်ပျိုနု၊ ထိုသူ့ကို-ရှေ့ဆောင်ပြုသဖြင့်၊ သူမှူဆောင်သမျှ၊ ကိစ္စချည်းနှီး၊ ရုန်းရင်းခပ်, ပျက်စီးလတ္တံ့ဟု။ နွားကြီးကိုပယ်။နွားငယ်ကိုသုံး၊ ထိုနွားငယ်,မကုန်းရုန်းနိုင်သဖြင့်။ သုံးသမျှ-ကျိုးမနပ်ဘဲ၊ ရုန်းရင်းခပ်–ပျက်စီး သည်ကို မြင်မက်ခြင်းငှင်း။ ။

(၅) အဿော၊မှူသည်အားလုံး ရှုံးမခံနိုင်။သူ့ထက်ငါ,ငြိုင်ဆိုင်၍။နိုင်အောင်–တစိုး။နှစ်ဘက်လုံး–ထိုးသည်ကို အစိုးရများ။ နှစ်ဘက်လုံး စားလတ္တံ့ဟု။ထင်ရှားလှစွာ၊ နှစ်ဘက်သော မျက်နှာနှင့်။ အာခံတွင်းပေါက်။ နှစ်ဘက်ရောက်သဖြင့်၊ ကြောက်ရွံ့လေးမြတ်။ အာဟာရခေတ်တို့ကို၊ မပြတ်လပ်ပေး။ အထပ်ထပ်ကျွေးသော်လည်း။ ကျွေးမွေးသမျှ၊ ခံတွင်းပေါက်နှစ်ဌာနတို့ဖြင့်၊ မဝနိုင်အောင်။စားသောမြင်းကို။မြင်မက်ခြင်းငှင်း။ ။

(၆) ကံသော၊မတရားမင်း။ လက်ထက်တွင်းနိုက်၊ အချင်းအရည်၊ တမည်မရုံ၊ ဂုဏ်သိမ်ညှိုးပုပ်။ အမျိုးယုတ်တို့၊ စိုးအုပ်–ကြီးမှူး၊ရာထူးဆင့်ဆင့်၊ ဘုန်းတန်းပွင့်၍။ ထိုသူနှင့်ဆက်လက်မှု။ အထက်ရှေးနှယ်၊အသက်မွေး,လွယ်မည်ဟု။ ရည်ရွယ်မြော်ကိုး။ သူကောင်းမျိုးတို့၊ကိုးကွယ်လိုရေး။သမီးကိုပေးလတ္တံ့ဟု၊ မြေခွေးယုတ်ထံ၊ ရွှေလင်ပန်း-တသိန်းတန်ကို။ ကျင်ငွန့်ရန် ပေးသည်ကို။ မြင်မက်ခြင်းငှင်း။ ။

(၇) သိင်္ဂါလိကာစ၊ လင်ယောက်ျားများ၊ အားထုတ်ကြကာ၊ ဥစ္စာခနေ၊ ရှာဖွေ၍-ရသမျှကို၊ မိန်းမက-သယောက်ထား၍။ ပေါက်ပြားကွယ်ဖှက်၊ စားသောက်လတ္တံ့သော အချက်ကြောင့်၊ အထက်-ကျစ်ပြီးသမျှ-သားရေလွှနှံ့တစကို၊ မြေခွေးမ ပုန်းကွယ်စားသောက်သည်ကို၊ မြင်မက်ခြင်းရင်း။ ။

(၈) ကုဗ္ဗျော၊ တိုင်းသူပြည်သား၊ လူအများတို့၊ အားလုံးဆင်းရဲ၊ မင်းလည်းမွဲ၍၊ ဆင်းရဲသားရ၊ ကိုယ်အမှုကို၊ မပြုရပါ။ မင်း၏သာလျှင်၊ ရတနာထည့်၊ တိုက်ကျီပြည့်ကို၊ ထင်ဖြည့်-သိပ်နှိပ်၊ လျှံဗိုတ်လေအောင်၊ လူအားလုံး-ရွက်ဆောင်ရလတ္တံ့ဟု၊ အထောင်အသောင်း၊ ရေမရှိ-အိုးရံပေါင်းကို၊ လောင်းအံ့ပြန်လှည့်၊ ကြည့်ရှုံ့ရှု,မကြည့်ရဘဲ၊ ရေပြည့်အိုးကြီး တလုံးကိုသာ၊ များစွာသောလူအပေါင်းတို့ ထပ်လောင်း၍-ရေဗိုတ်လျှံသည်ကို-မြင်မက်ခြင်းရင်း။

(၉) ပေါက္ခရဏီစ၊ ရာဇခံ-ပျက်၊ မင်းလက်ထက်နှိုက်၊ နှိုင်စက်ဆန်းပြား၊ ယန္တရားဖြင့်၊ စွမ်းအားကုန်စစ်၊ ကြိကိုညှစ်သို့၊ ချစ်ချစ်ချုပ်ချုပ်၊ ခွန်အထုတ်ကို၊ ထုတ်၍လည်းယူ၊ လူကိုလည်းညှဉ်း၊ ဆင်းရဲပင်ပန်း၊ ပြည်တဝှမ်းလုံး၊ မချမ်းသာရေး၊ ထိုမင်းနှင့်ဝေးလေအောင်၊ ပြေးသွားကြရာ၊ တိုင်းစွန်မှာလျှင်၊ သာယာစည်ကား၊ မြို့ကြီးများနှိုက်၊ ပေါက်ပြားအခြေ၊ ချော်ချား၍နေလတ္တံ့ဟု၊ ရေကန်ကြီး-ကမ်နားကြည်၍၊ ရေလည်-နောက်ကျိ သည်ကို-မြင်မက်ခြင်းရင်း။ ။

(၁၀) အပါကာံ၊ မင်းမသမာ၊ စိုးအုပ်ခါနှိုက် ပြည်ရွာနေသူ၊ လူရှင်အပေါင်း၊ မကောင်းကျင့်များ၊ ကောင်းကျင့် ပါးလျှက်၊ တရားပယူ၍၊ လေကျင့်သော်လည်း၊ နည်းမှန်-လမ်းမှန် ကျမ်းဂန်-မကိုး၊ ကျင့်-၃-မျိုးကြောင့်၊ မိုးလည်း ထိုမြို့၊ အချို့မရွာ၊ အချို့ရွာနှင့်၊ ရွာ မနူးနင်၊ မိုးဃ်း(၃)ရပ်က၊ သုံးဖြတ်သည့်-လက္ခဏာ၊ မိုးဃ်းကွက်ကြား-ရွာလတ္တံ့ဟု၊ အာကာသ၌၊ နတ်များ့တန်ခိုး၊ အညိုးစိတ်ရင်း မိုးဃ်းနိမိတ်ခင်းသောအားဖြင့်၊ ထမင်းအိုးတလုံး

တွင်။ ၃–မျိုးကွက်လျှာက် မကျက်တရပ်။ကျက်–တရပ်နှင့်။မနပ်သောထမင်းကို–မြင်မက်ခြင်းဌင်း။ ။

(၁၁) စန္ဒနံ အဘိုးအနန္တ။ ထိုက်တန်လှသား၊ ဓမ္မဒေသနာ၊ မွန်မြတ်စွာကို။ သဒ္ဒါပုဒ်ဗျည်း။အနည်းနည်းနှင့်။ စည်းလေး–စည်းသုတ်။အအုပ်အခံ၊သံတိုသံရှည်။ သဘင်သည်တို့ကဲ့သို့။ရှင်ကြည်မှတ်ချက်။ ပါဠိအနက်ကို။ဇာတ်ကွက်လိုက်–ရွတ်၊ လိုရာသွတ်၍။ အလွှတ်ရေနှော။အသောလွမ်းဆွေး၊ သံသေး-သံငေါ်လပ်ပူဇော်ကို။မြော်ပြီး၍လျှင် ရဟန်းရှင်တို့ တွင်တွင်ဟောကြ။လူတို့ကသည်း အခယူခံ။မထိုက်တန်နှင့်။ ထိုက်တန်သင့်ရာ၊ မချင့်ပါဘဲ။ပြည့်ရွာအနှံ့။ပြောဟောကြလတ္တံ့ဟု။ စန္ဒတကူးနှစ်။အစစ်အမှန်၊ တသိန်းတန်ကို။နံ့စော်ချက်ပြုတ် ရက်ဘက်ပုတ်နှင့်၊ နှိုင်ရပ်လူရှင်။ရောင်းစားသည့်ကို–မြင်မက်ခြင်းဌင်း။ ။

(၁၂) လာဗူနိ-သိဒန္တိ၊ သိလ-သမာဓိ။မရှိခြောက်ခန်း။ လူ့ပေါက်ပန်းနှင့်။ ရဟန်းဆေးဆိုး၊ ထိုနှစ်မျိုးတို့၊ တန်ခိုးကွန့်မြူး၊ ဘုန်းကြီးရှူးနှင့်။ ဖျော့လူးတွေ့သော် ပွဲတိုင်းကျော်အောင်။ ဖျော့်ခပ်သောထုံး၊မှုအားလုံးကို ရှုန်းရင်းခပ်မွှေ အထွေထွေပင် မခြေမမြစ်၊ အနှစ်မပါ။ အကာသက်သက်၊ ပေါ့ပျက်ချော်ချွတ်၊ ပေါက်လွတ်အဓဋ္ဌ။ ပြောဆိုကြသော။ စကား–ဗူးတောင်း။ လိုက်နာဘွယ်မကောင်းသည်ကို၊ ထပ်လောင်းအသီးသီး၊ ကောင်းကြီးဩဘာ။ ထောပနာကြ၍။ပြောချအထူး။ ဩဇာရူးကြလတ္တံ့ဟု။ဗူးတောင်းရေတွင်၊နစ်သည်ကို–မြင်မက်ခြင်းဌင်း၊ ။

(၁၃) သိလာ-ပလဝန္တိ။သုဘာသိတ၊စသည်ဂုဏ်အင်၊ရုံလင်လှစွာ။ပညာရှိသူ။များရှင်လူတို့။ခဋ္ဌုပဒေ။နယူပဒေ။မူသေလက်ရှိ။မြော်မြင်သိတိုင်း၊ သတိတရား၊ ထားကြစေကြောင်း၊ မေတ္တာလောင်း၍၊ နောက်နှောင်းခုခေတ်။ဖြစ်ဘို့–ပျက်ဘို့။ သို့မလျောက်ပတ်။ သို့ လျောက်ပတ်ဟု။ မှတ်ထုံးတွင်ရစ်၊ နှလုံးနှိုက် အမြဲနှစ်လောက်အောင်၊အပြစ်ခပ်သိမ်း။ငြိမ်းစေလသေး။ လေးမြတ်နာယူဘွယ်ရာ။ ပြောဆိုပါသော်လည်း။ မနာယူချင်။ လူရှင်မနှစ်သက်။

သစ်ရွက်ညှာကြွေ။ပြာမြေလွင့်ပျော့။ပေါ့ပျက်ရာရောက်လတ္တံ့ဟု။ ကျောက်ဖျာရေတွင်-ပေါ်သည်ကို။မြင်မက်ခြင်းရင်း။ ။

(၁၄) မဏ္ဍူကိယော-ကဏှာသပ္ပေ-ဂိလန္တိ။အကြင်အခါနိုက်။ ကိလေသာမီး။ မတားဆီးနိုင်အောင်၊ အားကြီးလောင်တောက်။ တချောက်ချားချား၊ ယောက်ျားများကို။ မယားဖြစ်သူ၊ ပိုင်စိုးမူ၍။ တရူ-အောင့်အောင့်။ တနှောင့် ရှက်ရှက်။ တချက်ချက်နှင့်။ သူ့လက်-သူ့ခြေ။ သူခိုင်းစေသမျှ။ အိမ်နေ-ကျိုးနွံ။ ငွေဝယ်ကျွန် ကဲ့သို့။ အလွန်နှုတ်လျှာ။ယုတ်မာစွာနှင့်။ ငါလုံး-နင်လုံး။အစဉ်ဟုန်း လျက်။ဆုံးမ-သင်ပြ။သွင်မမျှဘဲ။လင်က-ကာမဂုဏ်။အာရုံ-မူးရစ်။ ကြောက်ရွံ့သူ-ဖြစ်လတ္တံ့ဟု။ သစ်မည်ဇည်ပွင့်။ နှင်းရှင့်စဘူယ်။ ဘားမငယ်က။မာန်စွယ်ဖီးဖီး။ မြွေဟောက်ကြီးကို။ဖမ်းဆီးနှိပ်စက်။ မျိုသည်ကို-မြင်မက်ခြင်းရင်း။ ။

(၁၅) ကာကံ။ သုဝဏ္ဏာ-ပရိဝါရယန္တိ၊ရာဇဝိဒ္ဒိဂုဏ်၊မရုံ-ချို ရွှင်း၊ သတင်းညှိုးပုပ်။ မင်းစိုးအုပ်က၊ မျိုးယုတ်နွယ်ဇာတ်။ ဘယ် အတတ်မှ၊ မအပ်မရာ။မတတ်ပါဘဲ၊ ဆေတ္တာသည်က၊စ၍-များ မြောင်။မျိုးယုတ်ကောင်တို့၊ ပြည့်ထောင်-ဦးစီး၊ မှူးကြီး-မတ်ရာ။ သေနာ-ပတိ၊ရာထူးရှိကြ၍ ဇာတိပုညဝန်းဂုဏ်တန်ခွန်ဖြင့်။ထုံမွှန် သူများ။ အယုတ်သားကို၊ ခစားဝန်းရံကာ၊ နေကြရရှာလတ္တံ့ဟု။ ရွှေဟင်္သာ-အသီးသီးတို့။ ကျီးယုတ်၏ အထံ၌။ ခြံရံ-ခစား၍။ နေသည်ကို--မြင်မက်ခြင်းရင်း။ ။

(၁၆) တသာ ဝကာ၊ မြွေကာန်-ဘယာ၊ ခေတ်ဟာယန၊ ဖြစ်လာကလျှင်။ ပါပ-မင်းသွမ်း။ စိုးအုပ်မြန်း၍။ ရဟန်း-လဇ္ဇီ၊ သီလဝန်လူ။ဟူဟူသနေ့ရွှေ။တနေ့တခြား။ရေနည်းငါးသို့၊ အားငယ် ကြသော်၊မသူတော်တို့။ပေါ်ပေါက်သဖြင့်၊မော်မောက်ကျင့်တိုင်း၊ မင်းနှင့်-လောက။သဘောမျှ၍။ ဂေါဏနဂေါ။နောမိရကား။ထိုသူ များကို၊ တရားရာဇဝတ်၊ ထွတ်ဦးသဘင်။ ထွန်းဖူးတင်က၊စီရင် ကျင့်ထုံး။ ရှေးလက်သုံးကို။ လုံးလုံးမှောက်လှန်။ လွန်ပေါက်ပြန်၍၊ ထောက်ခံပြီးလျှင်၊ပညာရှင်တို့၊ ချော့တင်ကြရာ။ တို့အာဏာကို၊

ပျက်ရာပျက်ကြောင်း။ ဖျက်သူပေါင်းဟု။ မောင်းမဲရေးချွတ်။ ရာဇဝတ်မှ မလွတ်နိုင်ရေး။ နှိုင်စက်သောအားတို့ကြောင့်။ ဇေးအစဉ်လာပညာရှိသူ။ လူရှင်-အားလုံး။ ကိုယ်လွတ်ရုန်း၍။ ပုန်းရှောင်ထွက်ပြေးရလတ္တံ့သော-အကြောင်းနိမိတ်ဟု။ ဆိတ်တို့ဘေးမှ။ ဝေးရာ-ရပ်ခွင်။ ပုန်းရှောင်ထွက်ပြေးသော သစ်တို့ကို-မြင်မက်ခြင်းငင်း။ ။

ဇာတိအယံ။ ဤသည်လျှင်။ မာတိကာ။ ကေနိပါတ်။ မဟာသုပိနဇာတ်တော်နိုက်။ ဆုပ်ကပ်-အခါသမယ။ ပမာဒဖြစ်သော။ ပါပမင်းလက်ထက်။ တပြိုင်တည်း ပေါ်ထွက်လတ္တံ့ဟု။ အနက် အဓိပ္ပါယ်။ အကျယ် ခွဲစိပ်။ ဟောကြားတော်မူအပ်သော။ အကြောင်းနိမိတ်ကြောင့်။ { **ဗျာဒိတ်တော်သိုက်။** } သမိုက်ကောင်းစွာ။ ဖြဟ္မဒတ်ကောသလ။ စောရာဇတို့၏။ မြင်ကြရင်း-တဆဲ့ခြောက်ချက်။ အရှိန်ထက်လှသော။ အိပ်မက်၏-မာတိကာတည်း။ ။

{ အနက်ကျယ်—မြန်မာပြန်ပြီး၏။ }

ဤသို့ အနက်ကျဉ်း-အနက်ကျယ်။ အဓိပ္ပါယ်-အထင်အရှား။ မာတိကာ-ထားသည့်အတိုင်း။ တညဉ့်အတွင်း။ လင်းအာရုဏ်အနီးတွင်။ အိပ်မက်ကြီး တဆဲ့ခြောက် { ၁၆ } မြင်ပါသောဟု။ ကောသလမင်းကြီး လျှောက်ထားသောပစ္စုပ္ပန်ဝတ္ထုကို။ အကြောင်းပြု၍။ သုပိနဇာတ်ကို ကေနိပါတ်၌။ အတိတ်ဝတ္ထု တင်ပြီးလျှင်။ အစဉ်အတိုင်း။ မြတ်စွာဘုရား ဖြေကြားတော်မူသည်အလျောက်။ နောက်သား နောင်လာတို့။ မှတ်သား လွယ်စေခြင်းငှာ။ ရတနာခွဲပုလဲကို။ မကွဲအောင် ရွှေကြိုးခက်သကဲ့သို့။ အိပ်မက် စဉ်လာ။ ဆဲ့ခြောက်ဖြာကို။ လက်ာသိကုံး၍။ ထားပေအံ့သတည်း။ ။

{၁} ကောသလမင်း။ တညဉ့်တွင်းတွင်။
မြင်ခြင်းအိမ်မက်။ ဆဲ့ခြောက်ချက်ကို။ ယထာက္ကမ
ဖေါ်ထုတ်ပြပိမ့်။ ။

(၁) ဥသဘ– ထင်ရှား။ နွားနက်ကြီး လေး၊ ဇွေ့ယောင် သွေး၍၊ ပြေးထွက်လွတ်ရာ။ အိမ္မွက်မှာ့မှူ၊ တက်လာမိုးစသ်းမှောင်။ ရွာမယောင်နှင့်။ခွာရှောင်လွင့်ပျောက်၊နိမိတ်ကောက်လော့။ ။

(၂) ပေါက်စသစ်ပင်၊ သီး,ပွင့်,အင်ကား။ အမြင်မဘွယ်။ မိနှုနယ်တို့။လွယ်သင္ဘေမျိုးပန်း,ပွင့်,သီးလိမ့်၊ ။

(၃) နွားကြီးတို့က၊ ဘွားစ,နှုနယ်၊ နွားငယ်မနို့။ဝို့သည် အလို။မိဘအိုတို့၊ ကိုယ်မှ–ပေါက်ဘွား၊ သမီးသား၏၊ သနားသမျှ၊ စားသုံးရလိမ့်။ ။

(၄) ဗလစွမ်းသန်၊ လမ်းမှန်သွားပြီး။နွားကြီးကိုကား၊ မစေ စားဘဲ။နွားငယ်တို့ကို၊လှည်းခွဲလျှို၍။ထိုလှည်းရွေ့အောင်၊မဆောင် မရွက်၊ပျက်ရခြင်းကား။လောက်လားသက်ရှယ်၊ဆက်နွယ်မျိုးရိုး၊ ဝိုးမိုး–အခလေ့။ ရွှေမြော်နောက်မြင်၊ ပညာရှင်ကို။ စီရင်စေမှု၊ ခွင့်မပြုဘဲ။သုတ–ပညာ။စဉ်လာမရှိ၊ ဇာတ်နိုပ်ငယ်၊ယွယ်–မလေ့ လား။ ငမောက်တွားကို။ မြှောက်စားသဖြင့်။ မချင့်မနှိုင်း၊ထင်ရာ စိုင်း၍၊ တိုင်းကျိုးပြည်ကျိုး။ မဖွံ့ဖြိုးဘဲ၊တန့်ခိုးဂုဏ်သိမ်၊တမြှိန်မြှိန် လျှင်၊အရှိန်သေးလျှော့၊အရေးပျက်လိမ့်။ ။

(၅) နှစ်ဘက်မျက်နှာ၊ နှစ်မြွာခံတွင်း၊ မြင်းတကောင်အား၊ စားသောက်စေရန်၊ မယောနှံကို၊ ဆောမြန်ပေးနှင်း။ ထိုသည့် မြင်း၏၊ ခံတွင်းနှစ်ဘက်၊ လုရက်ဝါးကြိတ်။ စားနိမိတ်ကား။ ကိစ္စ မှုခင်း။တွေ့ကြုံလျှင်း၍။ မင်းရှေ့–စိုးထံ။ကောံယူခံက၊ အမှန်အမှား၊ တရားရှိရာ။ လိုက်နာမဖြတ်။ ဓမ္မသတ်မျိုး။ လပ်–တစိုးကို။ မထိုးသူရှုံး၊သို့ကျင့်ထုံးကြောင့်၊ ရုံးမင်းကိုမှူ၊သူနိုင်–ငါနိုင်၊ အပြိုင် တစိုး။ထိုးကြသောအား၊နှစ်ဘက်စားလိမ့်။ ။

(၆) အများလူဗိုလ်,မြေခွေးဖိအား၊အရိုအသေ၊ရွှေဇမ္ဗူ၊ရတ် မြူညစ်သန့်သက်။သိန်းတန်ခွက်ကို၊ရက်စက်ရဲစံ့။ကျင်စွန့်စေမည်၊ ပေးရသည်ကား၊ပြည်တန်ခိုးနုပ်။ အမျိုးယုတ်တို့၊ စိုးအုပ်ကာလ၊ မြေခွေးမျှသား၊ဗာလကိုသာ၊ချီးမြှောက်ပါ၍၊ထိုဗာလအား၊ ချစ်သ

နားစိမ့်၊ ရှေးဖျားလက်မှန်။ တန်းခွန်တဆူ၊ ပြုလုပ်သူတို့၊ ကြည်ဖြူ မြတ်လေး၊ သမီးပေးလိမ့်။ ။

(၇) အရေးဆန်းထူး၊ တဦးယောကျ်ား၊ အားတသစ်သစ်၊ ကျစ်သည် လွန်စ။ ပြီးသမျှကို၊ မြေခွေးမ–ဆိုး၊ နိုးခါ–ဝှက်ခါ၊ စားသည်မှာကား၊ ဥစ္စာစီးပွါး၊ လင်ယောကျ်ားတို့၊ မနားမနေ၊ ရှာဖွေကြရ၊ ရသမျှကို၊ မိန်းမက, လျှင်၊ သယောက်လင်နှင့်၊ တရွှင် ပြုံးပြုံး၊ ဝှက်ကွယ်သုံးလိမ့်။ ။

(၈) တလုံးမျှပင်၊ ရေမမြင်သား၊ အကြွင်အိုးပေါင်း၊ ထောင် သောင်းများထွေ၊ ဝန်းရံနေလျက်၊ ရေပြည့်–လျှံဖြိုး၊ တလုံးအိုးကို၊ အမျိုးလေးဖြာ၊ လေးမျက်နှာက၊ လာ၍သောင်းသောင်း၊ ထပ်ထပ် လောင်းတိုင်း၊ ရင်းအိုးကြီး၊ ရေလျှံစီးလျက်၊ ချည်းနှီးထောင်သောင်း၊ အိုးရံပေါင်းကို၊ လောင်းမည်ဝေးစွ၊ ကြည့်ရုံမျှပင်၊ ကြည့်ကြလှည့် လည်၊ မရှိသည်ကား၊ ပြည်သူပြည်သား၊ တခြားဘောက်ယွင်း၊ မင်းလည်း–ရာဇဂုဏ်၊ အရုံမကျင့်၊ သို့ဖြစ်ခြင်းကြောင့်၊ ကစင့်ကရဲ တိုင်းပြည်ပွဲ၍၊ ခွဲကောက်–ခွန်ထုတ်၊ မင်းဥယျာဉ်က၊ ဇနပုဒ်သား၊ လူတလွှားကို၊ သနားမညှာ၊ အခါမင့်၊ ရင်တံ့မနေ၊ လုပ်ကိုင်စေ၍၊ ရွှေတိုက်ငွေတိုက်၊ ထိုက်လျှောက်သဖြင့်၊ ပြည့်ရုံလင့်လည်း၊ အခွင့် မတုံး၊ မင်းသုံးတော်ခံ၊ တိုက်ကျိုလျှံအောင်၊ ဘဏ္ဍာတော်မြတ်၊ အရပ်ရပ်ကို၊ ထပ်ဖြည့်စေခြင်း၊ ကိုယ်မှုခင်းကို၊ ချင်းနင်းကောင်း၏ ပြန်စောင်းလှည့်လျက်၊ ကြည့်ရှုရုံမျှ၊ မပြုရကြောင့်၊ သုခဟူ၍၊ မြူမ ငွေ့ဘဲ၊ ဆူလေ့ပြည်ခွင်၊ မကြည်လင်သည်၊ ။ ဤလျှင်ရှစ်ခု မြောက်, အိမ်မက်တည်း။ ။

{၂} ရှစ်ခုမှ, နောက်။ ကိုးကြိမ်မြောက်က၊ တလျှောက် ထင်ပြက်။ မြင်အိပ်မက်ကို။ ဆက်၍ စဉ်ကာ။ ဆိုပိမ့်နာလေ့။ ။

(၉) ရွှေကြာပဒုံ၊ ရုံလျက်–ခြုံလျက်၊ ကန်လည်ချက်ဝယ်၊ ညွန့်ပွက်တစေ၊ ရေနောက်လေ၍၊ အခြေနှစ်ချောင်း၊ ခြေလေးချောင်း တို့၊ ပေါင်းသုံးများစွာ၊ သွားလာ–လမ်း, ကျ၊ ရေကမ်းစဉ်၊ ချမ်းမြ,

ရေကြည်၊မြင်ရသည်ကား။ပြည်ကြီးသနင်း။မင်း-မသမာ၊ သတ္တဝါ ကို။မညှာ-မသနား။ယန္တရားဖြင့်။ဓွမ်းအားကုန်စစ်။ကြံကိုညှစ်သို့။ ချစ်ချစ်ချုပ်ချုပ်။ ခွန်အထုတ်ကို။ ထုတ်လိမ့်နောက်နှောင်း။ ထပ် ထပ်လောင်း၍။ တောင်းခံပိုးပိုင်၊ မပေးနိုင်က။ ခရိုင်ကျေးလက်။ ဝေးရပ်ကွက်သို့။ပြေးထွက်သောအား။ မြို့ကြီးများတို့။ချောက်ချား သိမ်ငယ်၊တိုင်းစွန်နယ်တို့၊ကြီးကျယ်ဖွံ့ဖြိုး။စည်ပင်တိုးလိမ့်။ ။

(၁၀) အိုးတလုံးပြည့်။ ချက်သည့်ထမင်း။ မစပ်လျဉ်းဘဲ။ ပြော့ခြင်းတရပ်။မနူးနပ်နှင့်။နူးနပ်တဘက်။သုံးမျိုးကွက်၍။ကျက်ရ သည်ကား။ တရားသဖြင့်။မင်း-မကျင့်က။ ချင့်-နိုင်ငံသူ၊လူလည်း ကျင့်မှား။ အောက်နတ်များလည်း။ တရားယွင်းပျက်၊ သို့အတွက် ကြောင့်။ အထက်ရပ်ဌာန်၊ နတ်ဗိမာန်တို့၊ သည်းထန်တုန်လှုပ်။ လေကြီးမှုပ်၍။ချုပ်ချုပ်တည်းတည်း။သည်းမခံတတ်။အထက်နတ် လျှင်။ ထိုသတ္တဝါ၊ မင်းယုတ်မာတို့။ ဗျာပါသောက၊ ချောက်ကြရ အောင်၊မိုဃ်းလအခါ၊မိုဃ်းမရွာဘဲ။လေသာလွှင့်တိုက်။မလိုခိုက် တွင်၊မြိုက်မြိုက်သွန်ချ။လိုကာလ၌။မကျနှင်း ဖွဲ။တိုင်းပြည်မွဲလျက်။ ဆင်းရဲမင်းပိုး၊ ထမင်းအိုးသို့၊မိုဃ်းမညီညာ။ ကွက်ကြားရွာလိမ့်။

(၁၁) သပြာသိန်းတန်။ စန္ဒကူးစစ်၊ အနှစ်ကိုလျက်။ မစက် မဆုပ်။ရက်တက်ပုပ်နှင့်၊နှပ်ချင်သော့သွမ်း။မယမ်းမပည်း။ရောင်း စားနည်းကား။ ပစ္စည်းရံမက်၊ ရဟန်းပျက်တို့။ အနဂ္ဃမျိုး။အဘိုး မပြတ်။ နိုင်အောင်မြတ်သား။ လူနတ်မျက်မှောက်။ နိဗ္ဗာန်ရောက် အောင်။ ချီးမြှောက်ဟောကြား။ မြတ်တရားကို။ မှတ်သားလေ. ကျက်။ နှုတ်လျှာသွက်လျက်။ ပုဒ်အက္ခရာ၊ပြည့်ရံစွာနှင့်၊သာယာ ချိုငေါ်၊ လပ်ပူဇော်ကို။ မြော်မြင်တောင့်တ၊ လူတို့ကလည်း။ အခ, ယူခံ။ မထိုက်တန်နှင့်။ ထိုက်တန်သင့်ရာ၊ မချင့်ပါဘဲ၊ပြည်ရွာနှံ့မျှ၊ ပြောဟောကြလိမ့်၊ ။

(၁၂) ထိုမှတကြောင်း။ ဖူးတောင်း,ရေတွင်၊ နှစ်သည်အင် ကား။လူရှင်ရဟန်း။ ဟော့ရမ်းရမ်းနှင့်။သော့သွမ်းပေါ်ပျက်၊ နှုတ်

သွက်,လျှာပါး။ပြောစကားကို၊လေးစားပြုလုပ်၊ဗုံးတောင်းမြုပ်သို့၊
မလုပ်မရှက်၊သက်ဝင်ကြကာ၊ဒူးဗိုက်နာလိမ့်။ ။

(၁၃) ကျောက်ဖျာကြီးက၊လှေတမျှ,ပင်၊ ရေမှ-ပေါ်တက်၊
မြင်အိမ်မက်ကား၊ မျက်မှောက်တမလွန်၊ ပြဒွန်ခွဲစိပ်၊ အတိတ်-
အနာဂါတ်၊ ဆုံးဖြတ်နိုင်သူ၊ လူသီလဝင်၊ ရှင်သူတော်ကောင်း၊
ကျိုးကြောင်းမြင်သိ၊ပညာရှိတို့၊သတိ,တမန်၊ ဉာဏ်,မြေကတုဘ်၊
ပြုလုပ်မြော်တွေး၊လေးလေးနက်နက်၊ပြောဆိုလျက်လည်း၊ရေထက်
ကျောက်ဖြာ၊ပေါ်တက်လာသို့၊နားမှာမနစ်၊ပေါ့လျှဖြစ်လိမ့်။ ။

(၁၄) သစ်မည်ဇာည်ပွင့်၊ နှိုင်းချင့်စဘွယ်၊ ဘားမငယ်က၊
မာန်ဓွယ်ဗီးဗီး၊ မြွေဟောက်ကြီးကို၊ စီးနင်းကိုက်စား၊ ဝါးကာ-
မျိုကာ၊ မြင်သည်မှာကား၊ ရာဂ,ဘီလူး၊ ဖမ်းစားကြူး၍၊အရူးခေါ်
ဆို၊လင်ကိုလျှင်၊မရှိမသေ၊မထေလေးစား၊ကျွန်အလားသို့၊မယား
တို့က၊နိုင်ကြရလိမ့်။ ။

(၁၅) မလှဆင်းဝါ၊ ကျီးယုတ်မာကို၊ရွှေဟင်္သာပေါင်း၊ ခြံရံ
ကြောင်းကား၊ နောက်နှောင်းမင်းယုတ်၊ စိုးအုပ်သောခါ၊မျိုးယုတ်
မာကို၊ရာကြီး,ထူးကြီး၊ ဦးစီးဦးခိုင်၊ပိုင်နိုင်အရေး၊ လွှဲအပ်ပေးက၊
ရှေးအစဉ်ဆက်၊ ထက်မြက်လွှမ်းမိုး၊ သူကောင်းမျိုးတို့၊ အရိုး
တိမ်မြုပ်၊တန်ခိုးနုပ်၍၊မျိုးယုတ်,ရံရွေ၊ဖြစ်ရချေလိမ့်။ ။

(၁၆) ထူးထွေစွာလှ၊ ဆိတ်တို့ကလျှင်၊ သစ်မျှော့-အသား၊
ကိုက်သတ်ဝါး၍၊ စားသောက် သည်တွင်၊ ဆိတ်ကို မြင်က၊
ကြောက်ငြင်ရရုံး၊ သစ်အားလုံးတို့၊ ပုန်းရှောင်ထွက်ပြေး၊ မြင်မက်
ရေးကား၊သေးသိမ်ညံ့ဖျင်း၊တရားကင်းသား၊မင်းတို့လက်ထက်၊
လူပျက်လူသွမ်း၊ မျိုးယုတ်ကန်းတို့၊ မင်းကျွမ်းဝင်ကာ၊ ရှင်ယုတ်
မာတို့၊ ရာဇ-ဝလ္လဘ၊ဖြစ်ကြရ၍၊ရှေးကလူမြတ်၊ ရဟန်းမြတ်တို့၊
ခြိပ်-တန်းခိုး၊ ညှိုးခွဲရကား၊မင်းပါး,စိုးခွင်၊ မဝင်ထွက်နိုင်၊တရား
မြိုင်လည်း၊ မနိုင်လုံးလုံး၊ ရှုံးရသည်ချည်း၊ နှိပ်စက်သည်း၍၊မိုက်
မည်း-လူ,ရှင်၊မင်းကျွမ်းဝင်တို့၊မမြင်စေကြောင်း၊သူတော်ကောင်း
တို့၊ပြောင်းရွှေထွက်ပြေး၊ပုန်းရှောင်ရေးတည့်။ ။

ဧကော့နိပါတ်။ သုမိန-မည်ခေါ်။ ဇာတ်တော်အထွက်။ အိမ်မက်
ပေါင်းစု။ဆဲ့ခြောက်ခုသည်။ ဒု-မနုဿ။ဒု-ရ-ဇတ္တိ။ ကာလလ္ဂသော်။
ပေါ်ကြီးပေါ်လိမ့်။ ရှင်တော်ဘုရား။ ဗျာဒိတ်ကြားတိုင်း။ ထင်ရှား
လှစွာ။သတ္တဝါတို့။ကြမ္မာဆုံ၍။ဘုံဓလေ့ပင်။ ကြုံတွေ့သည်တည်း။
စိတ်ညစ်မည်း၍။ ။မညည်းညူသာပေဘူးတည်း။ ။

လင်္ကာ—နှစ်ပုဒ်ပြီး၏။

{ နိဂုံး။ }

လောကသင်္ကေတ။ ခေါ်ဝေါ်ကြသော။ ဘုရင့်သိုက်။သိကြား
သိုက်-တို့နှင့်တကွ။တိုက်ဆိုက်အနာဂါတ်။ဆုံးဖြတ်ပြဋ္ဌန်းသော။
ဂဝံပတေ့။ ရသေ့-ငမှန်ကန်း။ ပုဂံ-မြင်းဆိုင်း။ စစ်ကိုင်း-ပန်းယ။
အင်းဝ-ကုန်းဘောင်။ဇာဂရ နတ်စက်ရောင်တို့သည်။တစောင်နှင့်
တစောင်။ တကျမ်းနှင့်တကျမ်း။ ချင့်မှန်း-အယူအဆ။ မတူကြ
သဖြင့်ရင်း။ မူလရေးသားခြင်းမှ။ တိမ်းယိမ်းသဖြင့်ရင်း။ကိန်းခြင်း
မကိုက်။ သိုက်ခြင်းမညီ။ဤက-အကောင်း။ ထိုက-အဆိုး။ထိုက-
အကျိုး။ဤကအဖြစ်။အရည်စစ်အားဖြင့်။ အတည်ဖြစ်လေံသော။
သိုက်မှန့်,သိုက်ဟုတ်ဟု။ မချယူမှတ်ရန် ခဲယဉ်းရကား။ ဘုရား
ဟော-ရဟန္တာဟော။ ဇောဓိသတ်ဗုဒ္ဓက်။ လောကဝိဒူ-အရှင်
သခင်တို့။ အစဉ်မြွက်ဆိုသော။ ဗျာဒိတ်တော်သိုက်,မှသာ။ မချ
အားဖြင့်။ယူမှတ်ရာသောကြောင့်။ "မဟာသုမိန" ဇာတ်တော်ထွက်
ကောသလမင်းကြီးအိမ်မက်ကို။ လ,စကြာတွင်။ယုန်တံဆိပ်တင်
သကဲ့သို့။ထင်တင်ရှားရှား။ဆရာတော်-ရေးသား၍။ ပြထားသည့်
အလျောက်။ အမှန်အားဖြင့်။ဆိုက်ရောက်ရမည်ကို။ ကြောက်လန့်
လှုပ်တုန်။ယုံကြီး,ယုံသူတို့သည်။ရေဗန်မှာ တက်ပြင်းနှင့်။အတင်း
လှော်ခပ်သကဲ့သို့။တသမတ်တည်း-မဆိုက်ရောက်ရအောင်။ ။
ကျည်တောက်သွန်စီး။ ရန်ရေကြီးတွင်။ တားဆီးလိုရေး။ တွန်းဝါး
ပေး၍။ဖေးဖေးမမ။ဖြည်းညှင်းစွာကျစေသကဲ့သို့။ ရတနာ-သုံးပါး

ဂုဏ်ကျေးဇူး။ အထူးထောက်ခံ၍၊ ဘောက်ပြန် တိမ်းယိမ်းမရှိ၊ ပကတိချမ်းသာသုခ၊ ရကြီး,ရကြွအောင်၊ ဓမ္မောဟာဝေရက္ခတိ၊ ဘုရားဟောရှိသည်အတိုင်း၊သတိတရားအထူးထားကြ၍၊တရား စောင့်ရှောက်ကြ စေလိုကြောင်း။ ဆရာတော်–မေတ္တာ လောင်း သည်နှင့်အညီ၊ ကောင်းကျင့်–ကောင်းကြံ၊ ကောင်းသောက်ဖြင့်၊ ကောင်းရန်အကြောင်း။ကောင်းဉာဏ်လောင်း၍၊ ကောင်းကောင်း နေထိုင်ကြစေကုန်သောဝ် ။

{ ကောသလမင်းကြီးအိပ်မက်ခန်းပြီး၏။ }

သူတော်ကောင်းတို့-အထူးနှလုံးသွင်းရန်
သံဝေဂ-ကထာ။
ဩဝါဒါနုသာသနီစာတန်း။

သုညု-အသုည။ ကမ္ဘာ့အပြား။ ဘုရားဘုန်းမြင့်၊ ပွင့်,မပွင့်, ကမ္ဘာနှစ်ရပ်တို့တွင်။ မြတ်စွာဘုရား–ထင်ရှား ပွင့်တော်မူသော အခါကြိုကြ၍။အသုည-ကမ္ဘာဟု-အောင်ဘွဲ့ခံသော။သာရ-မဏ္ဍ။ စသည်အပြား။ကပ်ငါးပါးတို့တွင်။ ဘုရားမြတ်စွာ ငါးဆူမြောက်, ပွင့်တော်မူရာဖြစ်၍၊ မဟာ ဘဒ္ဒကပ်။ ကမ္ဘာမြတ် ဟူ၍လည်း၊ ဖြဟ္မာနတ်,သသိုက်ညွန်းသော၊ လေးကျွန်း–တမြင့်မိုရ်၊ ထိုထိုများ စွာ။၊စကြဝဠာ–အနန္တတို့တွင်၊ မြရုက္ခဝေ၊ ဇုဗ္ဗဟော,သာခေါင်၊ အောင်ဇေယျခံ့နှင့်တကွ၊ အရံအရံသော-ပဝရာဘိ, ပဝရအနှစ်၊ ရတနာတိ,ရတန အစစ်တို့။ ဖြစ်ထွန်းပေါ်ထွက်ရာ။စက္ကဝါဦးစွန်း။ ကျွန်းမျှော့သရဖူ။ဇမ္ဗူဒိတ်ကျွန်းကြီးလည်းဖြစ်ထသော။ ပစ္စန္တ ရစ်၊ မဇ္ဈိမ,ဒေသ။ဌာနနှစ်ပါးတို့တွင်၊ဘုရားပွင့်တော်မူရာ။မဇ္ဈိမာဒေသ အလား။ ဘုရားရှင့်,သာသနာတော်၊ ထွန်းပေါ်တည်ဗိုက်လျက် ရှိသဖြင့်။ပဋိရူပ၊ဒေသ,စက်ဝိုင်းနှင့်၊ ချက်ကုန်.ညီညွတ်သည်လည်း၊ ဖြစ်ထသော။ ၊ဤသို့-တင့်အပ်, လျောက်ပတ်၊ အမြတ်ထက်,

အမြတ်ဖြစ်သော။ ဗုဒ္ဓုပ္ပါဒ။ ဒုလ္လဘ-ဌာနန္တ။ ပုညဘာဂီ၊ ပါရမီ
သေခက်ဦ။ ပကတူပ,ပစ္စည်းတပ်သဖြင့်။ ကြီးမြတ်သော-သဒ္ဓါ
သမ္ပန္န-ကုလပုတ္တအစစ်။ ဖြစ်ကြီးဖြစ်ကြသော-ဇာတိမျိုးရိုး။တန်းခိုး
မနိုင်။ဗုဒ္ဓဘာသာဝသီ။ပါရမီ,မွေ့လျော်။သူတော်သူမြတ်အပေါင်း
တို့၊ ။အကြောင်းဖြစ်သော။ကုသိုလ်ကံ,အကုသိုလ်ကံ,တို့ကြောင့်
ခံစံအပ်သော-ကုသလဝိပါက် အကုသလဝိပါက်တို့နှင့်။ ငြိရှက်
ကြိုက်ကြုံ၍။ ဣဋ္ဌာရုံ-အနိဋ္ဌာရုံတို့ အစွမ်း၊ ချမ်းသာ ဆင်းရဲ။
နှစ်ကွဲ-နှစ်ရပ်၊ သမ္ပတ္တိ-ဝိပ္ပတ္တိ။ ခေတ်နှစ်ပါးရှိသည်တွင်။ပဋိရူပ။
ဒေသ,စက်ပုံကို။ လှုံ့ရသောဌာနသားဖြစ်၍။ တရား-ဆိုးကောင်း၊
ကျိုးကြောင်းယုတ်မြတ်ကို။ သိတတ်သော-ဗုဒ္ဓဘာသာ။ မင်္ဂလာ
အယူနှင့်၊ နှိုင်းညှိလျှင်၊ သမ္ပတ္တိခေတ်၊ ဖြစ်စေအံ့ဌာ။ စွမ်းနိုင်ကြ
ပါသော်လည်း။ ကောသရေဇာ-ဖြစ်လျက်နှင့်။ သစ်ရွက်ကိုစားသ
ကဲ့သို့။သတ္တဝါအများတို့သည်။အားကြီးရုံးရ။မတရားပြုကြသော
ကြောင့်။ ။ဒုရာဇ-ဒုမနုဿကာလော-ကာလဝိပ္ပတ္တိနာမ။ ။
ကျမ်းမိန့်မှာ--ပြသည့်အတိုင်း။ကာလဝိပ္ပတ္တိ။ ကြုံတွေ့လျက်ရှိကြရ
ချေပြီ။ ကာလဝိပ္ပတ္တိ။ ကြုံတွေ့လျက်ရှိသည်ကို။ သတိ,သံဝေဂ,
ဉာဏ်ရည်ဖြင့်။ ကြံစည်ထောက်ရှုခြင်းမပြု။ အဓမ္မရာဂ-ဝိသမ
လောဘ မိစ္ဆာဓမ္မပရေတ။အဓမ္မအချက်ကြီး၊ စနက်မီး,တည်းဟူ
သော။ပျက်စီးရာပျက်စီးကြောင်းကိုသာ၊ ထပ်လောင်းခါပြုခဲ့လျှင်။
လဲလုသော-အိမ်ပျက်ကို၊ လေးဘက်ဝိုင်းအုံ။ လေသင်တိုင်း-
ခြုံသကဲ့သို့ရင်း။ ရေရန်မှာ-တက်ပြင်းနှင့်။ ရွက်ခင်းခါ-လှော်ခပ်
သကဲ့သို့ရင်း။ ကပ်ကြီး(၃)ပါး။ ထိခိုက်၍။ ဖြိုက်ဖြိုက်ကြေမွ။
တခုသော-ကပ္ပန္တရကဲ့သို့။ဗုဒ္ဓဘာသာ။ရတနာသုံးရပ်၊သာသနာ
တော်မြတ်, ကျေးဇူးဂုဏ်ကို။ ခိုလှုံရသော တန်းခိုး။ မနင်နိုးဘဲ၊
အကျိုးမဲ့ ပျက်စီးကြလတ္တံ့.သော-ရှိတော့သည်။ ။ထို့ကြောင့်။
အစိန္တေယျမြတ်စွာဘုရားက။ကပ်(၃)ပါး။တိုက်ခြင်း၏အကြောင်း
မူလ။ကပ်တိုက်ပုံ အခြင်းအရာတို့ကို-ပြတော်မူလို၍။ ။ဝေ-
ရဟိ-ဖြဟ္မဏ မနုဿာ။ အဓမ္မရာဂရတ္တာ။ဝိသမလောဘာ။မိစ္ဆာ

ဓမ္မပရေတာ၊လ၊တိက္ခာနိ-သဏ္ဌာနိ-ဂဟေတွာ၊ အညမညသ၊
ဇီဝိတာ-ဝေါရောပေန္တိ၊ အစရှိသောဒေသနာတော်ဖြတ်ကို ဟော
ကြားတော်မူချေသည်၊ နာယူလွယ်အောင်၊ အဓိပ္ပါယ် လိုရင်း
အနက်ကား၊ ၊တေမနုဿာ၊ထိုအဓမ္မရာဂ၊ ဝိသမလောဘ မိစ္ဆာ
ဓမ္မပရေတာ၊ အဓမ္မတရား-၃-မျိုး၊ လွှမ်းမိုးနှိပ်စက်ကုန်သောသူ
တို့သည်၊တိက္ခာနိ၊ထက်မြက်ကုန်သော၊သဏ္ဌာနိ လက်နက်တို့ကို
ဂဟေတွာ၊ ကိုင်၍၊ အညမညသ၊ အချင်းချင်းအား၊ ဇီဝိတာ၊
ဇီဝိတိန္ဒြေမှ၊ဝေါရောပေန္တိ၊ချကုန်၏၊ဟူ၍၎င်း၊ ၊ဒေဝေါ၊မိုးသည်၊
သမာဓာရံ၊ အချိန်မှန်စွာ၊ အရည်ပါအောင်၊ နအနုပဝေစ္ဆတိ၊
ကောင်းကောင်းမရွာ၊တေန၊ထိုသို့-အချိန်မှန်မှန်၊သည်းထန်အရည်
ပါပါ၊ မိုးကောင်းကောင်းမရွာသောကြောင့်၊ ဒုဗ္ဘိက္ခံ၊ အစား
အစာရှားပါးစွာသည်၊ဟောတိ၊ဖြစ်၏၊ဟူ၍၎င်း၊ ၊ယက္ခာ၊ဘီလူး
မျိုးတို့ကို၊ပိုင်စိုးဦးစီး၊ ဘီလူးကြီးတို့သည်၊ဝါဠေ၊ကြမ်းကြုတ်ကုန်
သော၊အမနုဿေ၊သူရဲသဘက်ရက္ခိုသ်,အစိန်း,တစ္ဆေ၊မြေဘုတ်
ဘီလူး စသော-မကောင်းသူ-မကောင်းသားတို့ကို၊ ဩဿဇ္ဇန္တိ၊
လွှတ်ကုန်၏၊ တေန၊ထို့ကြောင့်၊ ဗဟူ၊များစွာကုန်သော၊မနုဿာ၊
လူတို့သည်၊ ကာလံကရောန္တိ၊ သေကြကုန်၏၊ ဟူ၍၎င်း၊ ၊လူအ
ပေါင်းတို့၊မကောင်းသမှု၊လွန်မင်းစွာပြုကုန်သောကြောင့်၊ ကုဝေရ
အမည်ရှိသော-ဝေဿဝဏ်နတ်မင်းကြီးတို့သည်၊ လောင်မီးတမျှ၊
မျက်မာန်ထလျက်၊ ၊စဏ္ဍယက္ခေ၊ရက်ရောကြမ်းတမ်း၊ ဖမ်းစား
နှိပ်စက်တတ်ကုန်သော-ဘီလူးတို့ကို၊မနုဿပထေ၊လူတို့သွားရာ
လမ်းခရီး၌၊ဝိဿဇ္ဇန္တိ၊လွှတ်ကုန်၏၊တေ၊ထိုဘီလူးတို့သည်၊ လဒ္ဓေါ
ကာသံ၊ အခွင့်ရကုန်သည်ဖြစ်၍၊ မဟာဇနံ၊ ယုတ်မာဆိုးကောင်း၊
လူအပေါင်းကို၊ ဇီဝိတက္ခယံ၊ သေခြင်းဆိုး-အသက်ကုန်ခြင်းသို့၊
ပါပေန္တိ၊ရောက်စေကုန်၏၊ဟူ၍၎င်း၊ ၊တိကနိပါတ်-အင်္ဂုတ္တိုရ်
ပါဠိတော်၊ ၎င်းအဋ္ဌကထာတို့၌၊ ကျယ်ဝန်းစွာ-ဟောပြတော်မူ
လျက်ရှိချေပြီ၊ ၊ဝိပ္ပတ္တိခေတ်၊ ဖြစ်သည်အခါ၊ ဤအရာကဲ့သို့ပင်၊
များစွာသော-ဘေးဥပါဒ်၊ ဆိုက်ရောက်တတ်ကြောင်းကို၊ ဇာတ်

နိပါတ်-ဝဏ္ဏု-ပုံပြင်။မဟာဝင်-ရာဇဝင်တို့၌လည်း။အထင်အရှား။
အများပြဆိုလျက်ရှိချေသည်။ ။ဝိပ္ပတ္တိအခါ။ သတ္တဝါတို့သည်။
ရတနာ—၃-ပါးဂုဏ်ကျေးဇူးကို။ အထူးသက်ဝင်မှု၊မျက်မြင်ဒိဋ္ဌ။
အကျိုးထူးခံစံရမည်ဟု။သံဝေဂနိမိတ်ဖြင့်။ ။အရိုင်ပြန်သွား။ဘုရား
ပုထိုး။တန်ခိုးရောင်ခြည်။ ပြလတ်သည်ဟူသော။ ပြည်ရေး-ရွာမှု။
အစုစုတို့တွင်။ယခုအရွာရွာ-အရပ်ရပ်တို့၌။ခေတ်မွေ့သရီ။ စေတီ
တော်-ပုထိုးတော်-တို့လည်း။အပူဇော်ခံ။အန္တရာယ်ကင်းငြိမ်းခြင်း
အကျိုး။တန်ခိုးပြာဋိဟာ ပြတော်မူလျက်ရှိချေပြီ။ ။ဝေသဝဏ်-
ဘွံ့ထူး။ နတ်စစ်မှူးသည်။ ဘီလူးအပေါင်း။ နှစ်သောင်းထင်ရှား။
လူ့ပြည်သို့-လွှတ်ကြောင်း-များကိုလည်း။ သိကြား-နတ်မင်း။
ဘီးလင်းတောရ-ဘုန်းတော်ကြီးကို။အိမ်မက်ပြသည်ဟု။ယမန်က
သတင်းဖြစ်ပွားသည်တမျိုး။ မိုးညှင်း-ဆရာတော် ကြီးကိုလည်း။
ယခု-စတုလောကပါလာ။ သာသနာစောင့်-နတ်မင်းကြီး လေးဦး
တို့က။အသူးထူးအထွေထွေ။ ဘေးအန္တရာယ်တို့ နှိပ်စက်လေ၍။
အခြေနှစ်ချောင်း-အခြေလေးချောင်း။အပေါင်းများစွာ။သတ္တဝါတို့။
များစွာသေကြေ၊ ပျက်စီးလတ္တံ့သောအကြောင်း၊ ၎င်းဘေးအန္တ
ရာယ်တို့ ကင်းလွတ်ရန်။ ဓိမံစကား-အချက်ချက်နှင့်တကွ။ အိမ်
မက်—မျက်ကွယ်။ မမယ်, မရ, မဟုတ်။ လက်အုပ် ချီမြှောက်။
လာရောက်ကိုယ်တိုင်-လျှောက်ထားကြောင်းစကား။ဝန်လေးသော
ကျိန်စာကြီးများနှင့်တကွ။ အထင်အရှား-ကြော်ငြာစာ,ကမ်းလှမ်း
သည်တရပ်။ ။ခေတ်ဥတု,သမုဒ္ဒာန် တို့လည်း။ဘောက်ပြန်လုံးစုံ။
မကြုံစဘူး။ အသူးသူးအပြားပြား-နိမိတ်ထင်ခြင်း။ယင်းသို့သော
တိတ်-နိမိတ်-တို့သည်။ဝိပ္ပရိတ်,ဖြစ်ရန်ဟု။ အဘိခန်-ဒိုကာလာ။
ဗေဒါဝါဒ-ရသေ့တကျိပ်တို့တွင်။အရှင်နာရဒ,ဗိရင်ပြုလုပ်သော။ ။
ဥက္ကာပါတေ-ဘူမိစလေ။ အစချီသောဂါထာ။ အရပ်ရပ်-ပြမှာ
သည်နှင့်။ တိုင်းထွာဆင်ခြင်လျှင်။ ။သင်္ကေတ-ဝစနံ—သစ္စံ။
လောကသမုတိ—ကာရဏံ။ ။ဟူသော-သီလက္ခန်-အဋ္ဌကထာ
နှင့်အညီ။ ကောင်းစွာယုံကြည်ထိုက်သည်ပင် ဖြစ်ပေသည်။ ။

ဤသို့ လောကုတ်-လောကီ၊ အဟောညီသော၊ ဤယခုပိဋ္ဋတ္တိစက်မှ။ ထွက်မြောက်,ကျော်နင်းနိုင်ရန်၊ ကျင့်ကြံအားထုတ်ကြရမည့်မှာ။ ရတနာ-၃-ပါးမှတပါး၊ အခြားကိုးကွယ်ရန်မရှိကြ၊ ခေတ္တဋ္ဌာ သယ-သမ္ဗုဒ္ဓါဟိ-ဒိဋ္ဌမဗ္ဗ-ဝေဒနီယဘူတာ၊ ကျမ်းဂန်လာသည့် အတိုင်း၊ ရတနာ-၃-ပါး-ကျေးဇူးတော်ဂုဏ်ကို၊ မတုန်မလှုပ်— သက်ဝင်ယုံကြည်သောစိတ်ဖြင့်၊ နိစ္စဇဒ်-ဘုရားပုထိုး၊ ရှိခိုးပူဇော် ကြရမည်၊ ။သရဏဂုံ-၃-ပါး၊ သီလများကိုလည်း၊ တည်ကြည် ခိုင်လုံစေရမည်။ ။ဘိုးဘွားက,စ၊ဂုဏဝုဍ္ဎိ-ဝယဝုဍ္ဎိ၊ဉာတိဇေဋ္ဌ၊ ဟူသမျှနှင့်၊မိဘ-ဆရာ၊သိက္ခာကြီးသူ၊ယွယ်,ကြီးသူတို့ကိုလည်း၊ ကြည်ဖြူစွာလှ၊ဂါရဝဖြင့် အပစာယန-တရား,ပြုရမည်၊ ။တဦးနှင့် တဦး၊ ချစ်ကြည်နူးကြမှ၊ ရန်ဘူး-ရန်ညှောင့်၊ မနှောင့်ဘေးဘျမ်း၊ ငြိမ်းငြိမ်းချမ်းမည့်ကြောင့်၊ နှုတ်ကြမ်း-အာခက်၊ သူကထွက်လည်း၊ ချက်စားတဖန်၊တုံ့-မပြန်ဘဲ၊ ။သည်းခံသူကို၊လူလည်းကြင်ချစ်၊ အပြစ်လည်းနည်း၊ရန်လည်းမရှိ၊ဗုတ်-မတွေဝေ၊ သေ-နတ်တို့ရွာနှံ၊ ရောက်ကြောင်းမှန်၊ ။ဟူသော၊ သည်းခံကျေးဇူးငါးပါး၊ ။သည်း မခံသူ၊ ကျွတ်ဆတ်သူကို၊ လူနှလုံးနာ၊ မုန်းတတ်စွာ၏၊ ပြစ်ဆာ လည်းများ၊ရန်လည်းပွားလျက်၊ညည်းတွားတွေဝေ၊သေ-ငရဲရွာနှံ၊ အမြဲမှန်၊ ။ဟူသော၊ သည်းမခံပြစ်-ငါးပါး၊ ။ဤတရားများကို လည်း၊ ကြိုးစားလိုက်နာကြရမည်၊ ။မေ့လျော့နေခြင်း၊လွန်ပြင်း လောဘ၊ဒေါသခက်ထန်၊ သည်းမခံ-ဟူသော၊ရန်သူပေါ်ကြောင်း လေးပါး၊ ။မျိုးရိုးဆက်နွယ်၊ ချစ်ခင်ဘွယ်နှင့်၊ ဥပါယ်ကြံဖန်၊ မဏ္ဍန်စိပ်ရေး၊ပစ္စည်းပေး-ဟူသော၊ဘေးရန်ကင်းကြောင်းငါးပါး၊ ။ ဤတရားများကိုလည်း၊မှတ်သားသတိ-ပြုနိုင်ကြရမည်၊ ။အန္တရ ကပ်၊ ပျက်လပ်မည့်အခါ၊သူတော်စွာတို့သည်၊ မေတ္တာစသော— လက်နက်ကြီးတို့ဖြင့်၊တားဆီးကာကွယ်၍၊အန္တရာယ်မငြိရှက်ဘဲ အသက်စည်းစိမ်၊ ဂုဏ်သိမ်တန်းခိုး၊ အဆင့်ဆင့်-တိုးကြရကား၊ ကောင်းကျိုးလျှင်စွာ၊ ပေးနိုင်ရာသော၊ အန္တရာယ-ဝိသောဓန၊ ဗြဟ္မဝိဟာ၊မေတ္တာညွန့်ဖူး၊တရားထူးကြီးကိုလည်း၊ဘူးဘူးစိုက်စိုက်

အာရုံပြုရမည်၊ ။ဒုစရိုက်မှုပို၊အကုသိုလ်ကို။မပြုလို-သန္တ၊အလား
မထော့င့်။ တရားဖြော့င့်အောင်။ စောင့်ထိန်းကြသော။ ဓမ္မပါလ—
ရှာသားတို့သည်။တရားတော်အစွမ်းဖြင့်။အသက်တန်းမစေ့မကုန်
ဘဲ။တရုံတယောက်။ မသေပျောက်ကြောင်းကို။ အထောက် သာ
ဓက-နှိုးနှော၍၊ ဓမ္မောဟာဝေ-ရက္ခတိ-ဓမ္မစာရီ၊ ပယောဂ-သမ္ပတ္တိ
ကို။မိမိကြိုး-မှီကြမှ၊ ဤဆိုအပ်ပြီးသော-ကပ်ကြီး-ဘေးကြီးတို့နှင့်
မငြိမရှက်ဘဲ။အသက်စည်းစိမ်၊တည်ငြိမ်ချမ်းသာ။သမ္ပတ္တိဖြစ်နိုင်
ရာသောကြောင့်။ ယုတ်မာညစ်ကျု၊ မကောင်းမှုကို၊ ပြုမိခဲ့လျှင်။
ယုဘ်တရက်-အခြေယွင်းပြီး၊ သေမင်းကြီး-ငင်တော့မည် ကဲ့သို့။
ထင်မြင်သော-စိတ္တုပ္ပါဒ်ဖြင့်။ ကြပ်ကြပ်ကြီး-ပါယ်ရှား။ ကုသိုလ်
ကောင်းမှု၊ အားထုတ်၍ပြုခဲ့လျှင်လည်း။ထိုကုသိုလ်-ထောက်မ၍။
နောက်ဘဝ-မဟုတ်၊ ယုဘ်တရက်—ယခုခေတ်။ စကြဝတေးမင်း
ကြီး-ဖြစ်ရမည်ကဲ့သို့။နှစ်နှစ်သက်သက် နှလုံးထားပြီးလျှင်။ဆိုအပ်
ခဲ့ပြီးသော-သုစရိုက်တရားများကို၊ ကြိုးစား၍။ အားထုတ်ကြစေ
လိုကြောင်း။ယခုစာကို။ယခုအခါ-ရေးရန်သင့်သည်ဟု၊တွေးဉာဏ်
ဖြင့်လောင်းပြီးလျှင်။ ။{မကောင်းမြစ်ထာ၊ ကောင်းရာကိုလှစ်၊
အသစ်ဟောကြူး၊နာဘူးသပ်မန်၊နတ်ဗြာန်တင်ရာ။မေတ္တာလည်းပြု
ရဟာန်းမှု }ဟူသည်နှင့်အညီ၊ ။ယခုကာလ။ဟာယန၏။သဘာဝ
ဖြစ်ပျက်ဟန်ကို။ လမ်းမှန်မယုတ်။ကျမ်းဂန်မှထုတ်ပြီးလျှင်။ ဟုတ်
တိုင်းဆုံးဖြတ်၍၊ ။နသတိဝတဘောလောကော။ပါဠိအဟောကို။
လောကမြူဟာ-နတ်သား၊ ကရုဏာ- အခြေစိုက်၍။ ကုဋေ့တိုက်
တသိန်း နှံ့အောင်၊ ငြိမ်းတန့်ကာ ကြားသကဲ့သို့။ အများသတိ
ဗာဟုလ္လဖြစ်ရန်။သံဝေဂ-ကထာ-အကျဉ်းချုပ်၊ ဩဝါဒါနုသာသနီ
စာတမ်းထုတ်လိုက်သည်။ ဥက္ကဋ္ဌ-တရ၊ ဗုဒ္ဓဘာသာဝသီ။ပါရမီ
မွှေ့လျော်။သူတော်သူမြတ်အပေါင်းတို့၊ ။

သံဝေဂကထာ၊ ဩဝါဒါနုသာသနီ
စာတန်းပြီး၏။

နေ့စဉ်မပြတ်။ ရွတ်ဘတ်သရဇ္ဈာယ်ရန်။ အန္တရာယ်ကင်း ပရိတ်ဂါထာ။ ပါဠိအနက်။

သိရသ္မိံ မေ-ဇုဏ္ဍသေဋ္ဌော၊ သာရိပုတ္တော စ-ဒက္ခိဏေ၊
ဝါမအံသေ-မောဂ္ဂလာနော၊ ပုရတော-ပိဋကတ္တယံ။ ။
ပစ္ဆိမေ-မမ-အာနန္ဒော၊ စတုဒ္ဒိသာ-ဝိဏာသဝါ။
သမန္တာ-လောကပါလာ စ၊ ဇာန္တာ ဒေဝါ-သဗြဟ္မကာ၊ ။
ဧတေသံ-အာနုဘာဝေန၊ သဗ္ဗရောဂါ-ဥပဒ္ဒဝါ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု-အသေသတော။ ။

ဇုဏ္ဍသေဋ္ဌော။ သမ္မာ-ဇုဏ္ဍ။ သံဇုဏ္ဍတို့ထက်၊ ဥက္ကဋ္ဌဂုဏ်ကြီး။ အရုံပြီးသဖြင့်။ချီးမွမ်းအံ့ဩ၍-မဆုံးမကုန်နိုင်သော။သုံးဘုံလုံးနတ် အစိန္တေယျ-ဘုရားမြတ်သည်။ မေ။အကျွန်ုပ်၏။ သိရသ္မိံ။ခေါင်မငါး ဖြာ။ကိုယ်အင်္ဂါတွင်။ဆင်တန်းသာမှု။မင်္ဂလာတခုဟု။ပြုအပ်သော ဦးခေါင်းထက်၌၊ တိဋ္ဌတိ။အကျွန်ုပ်အား၊ သနားကရုဏာ။မေတ္တာ တော်ရိုယ်း။ရွာသွန်းဖြိုးလျက်၊ကိုးကွယ်ပူဇော်စေ။တိန်းဝပ်တည် စံတော်မူပေ၏။သာရိပုတ္တော စ၊လက်ျာတော်ရံ။ဉာဏ်ပညာအရာ၌ ဧတဒဂ်ရ။ဓမ္မသေနာပတိ။ ရာထူးရှိတော်မူသော၊ သာရိပုတ္တရာ၊ မည်သာထင်ပေါ်၊ မထေရ်ကျော်သည်လည်း။ ဒက္ခိဏေ။ သုံးလူ့ ထွန်းထား။ မြတ်ဘုရား၌။ ခစားမြဲထုံး၊ အကျွန်ုပ်လက်ျာပခုံး၌။ တိဋ္ဌတိ။တည်တော်မူ၏။ မောဂ္ဂလာနော။ဣဒ္ဓိမန္တာ။ဒုတိယ-ဧတဒဂ် လွန်ထက်မြက်လှသော၊ လက်ဝဲတော်ရံ၊ အရှင်မဟာမောဂ္ဂလာန် သည်။ဝါမအံသေ၊ သုံးလူ့ထွန်းထား။ မြတ်ဘုရား၌၊ ခစားမြဲထုံး။ အကျွန်ုပ်-လက်ဝဲပခုံး၌။ တိဋ္ဌတိ။တည်တော်မူ၏။ ပိဋကတ္တယံ။ သုတ်ဝိနည်းအဘိဓမ္မာ။ဒေသနာတော်အစုံ၊ ပိဋကတ်သုံးပုံသည်။ ပုရတော၊အကျွန်ုပ်၏။လက်အုပ်အဉ္ဇလီ။တင်ချီခြင်းငှါ။သင့်လျော် စွာသော၊ ရှေ့မျက်နှာအရပ်မှ၊ အာဂန္တွာ။ ယုဂန်တောင်ထက်၊ နေလရုံထွက်သကဲ့သို့။ဓမ္မစက်ဒေသနာ။ ပေါ်ထွန်းလာ၍၊တိဋ္ဌတိ၊ မှောင်အဝိဇ္ဇာ၊ မဝိတ်ကာစိမ့်။ စိပ်ဖြာခွဲဝေ၊ တည်စံတော်မူပေ၏။

မမ၊အကျွန်ုပ်၊ပစ္ဆိမေ၊ ရှေ့အရပ်နှင့်၊သမာသတိ-ဇိလာ၊ နောက်
မျက်နှာ၌၊အာနန္ဒာ၊ဗဟုသုတ၊ စသည့်ဗေဒင်၊ပွါးတက်အစဉ်၊
ငါးချက်တင်သော၊ အရှင်အာနန္ဒာ မထေရ်မြတ်သည်၊ တိဋ္ဌတိ၊
မြတ်စွာဘုရား၊ နောက်တော်ပါးက၊ ခစားမြဲအနေ၊တည်စံတော်မူ
ပေ၏၊စတုဒ္ဒိသာ၊အရှေ့အနောက်၊တောင်မြောက်ဝဲယာ၊လေးမျက်
နှာအရပ်မှ၊ အာဂန္တွာ၊ အကျွန်ုပ်အား၊သနားကရုဏာ၊ မေတ္တာ
တော်ခြုံ၊ ကြွရောက်တော်မူလာကုန်သည်ဖြစ်၍၊ ဒိဏ္ဏာသဂါ၊
ကာမာသဝ၊စသည့်ကုန်ခန်း၊လွန်ငြိမ်းချမ်းတော်မူကြသော၊ရဟန္တာ
အရှင်မြတ်တို့သည်၊ တိဋ္ဌန္တု၊ သင့်ရာသင့်ရာ၊ သံဃာတော်ချင်း၊
စပ်လျဉ်းပေါင်းဆုံ၊ တည်စံတော်မူကြကုန်၏၊ သမန္တာ၊ မြေပြင်
ရေပြင်၊ ဝေဟင်မာ၊ ထက်ဝန်းကျင်သော-အရပ်မျက်နှာမှ၊ သဗြဟ္မ
ကာ၊အရိယာပုထုဇဉ်၊ဈာန်ယာဉ်စက်စီး၊ဗြဟ္မာကြီးတို့နှင့်တကွ
ဗုန္ဒာဒေဝါစ၊ နတ်-နှစ်ပြည်ပိုး၊ တန်ခိုးကြီးမြတ်၊သိကြားနတ်တို့
သည်၎င်း၊လောကပါလာစ၊ သာသနာတော်ရေး၊လောကရေးကို၊
အလေးဂရု၊ ပြုလျက် ရှုလျက်၊ စဉ်ဆက်မပြတ်၊ မြဲစောင့်ကြပ်
ကြသော၊ မြတ်သူတော်ကောင်း၊ နတ်အပေါင်းတို့ သည်၎င်း၊
တိဋ္ဌန္တု၊ ရတနာတော်မြတ်၊ သုံးလူ့နတ်တို့ကို၊ ဆည်းကပ်အာရုံ၊
တည်နေတော်မူကြကုန်၏၊ ဇေတသံ၊ထိုရတနာသုံးပါး၊ သိကြား
ဗြဟ္မာ၊ နတ်တကာတို့၏၊ အာနုဘာဝေန၊ တန်ခိုးတေဇော်၊ အာနု
ဘော်တော်အားဖြင့်၊ သဗ္ဗေ၊ခပ်သိမ်းကုန်သော၊ ရောဂါစ၊ကိုးဆဲ့
ခြောက်ဖြာ၊ အနာဟူသမျှတို့သည်၎င်း၊ ဥပဒ္ဒဝါစ၊ရေမီး-မင်းက၊
စသည်အရပ်ရပ်၊ဘေးဥပါဒ်တို့သည်၎င်း၊အနေကအန္တရာယာပိ၊
ထိုမှမက၊ များလှအသွယ်သွယ်၊ အန္တရာယ်တို့သည်၎င်း၊အသေ
သတော၊ လက်နက်ဝရဇိန်၊ စက်ပုဆိန်ဖြင့်၊ တရှိန်တည်းခြင်း၊
ရန်ပုံကို-ခွင်းသကဲ့သို့၊အကျွင်းအကျန်မရှိမူ၍၊ ဝိနဿန္တု၊ကိုယ်
သညာန်၌၊ တဖန်အသစ်၊ တရံခေတ်မှ၊ မဖြစ်လုံးလုံး၊ ကိစ္စတုန်း
အောင်၊သုံးရှုံးပျောက်ပျက်ပါစေကုန်သတည်း။ ။

{ အန္တရာယ်ကင်းပရိတ်ဂါထာ၊ ပါဌ်အနက်ပြီး၏၊ }

ပုဒ်ချင်းဆက်စပ်။ အဖျားမှ-အရင်းပတ်သောကြောင့်။ ခရုပါတ်,စကြာ-ဆိုစကောင်းသော ဆုတောင်းပိုဒ်စုံရတု။

(၁) ငွေမောင်း-မင်္ဂလာ။ တီးခပ်ငြာပိမ့်၊ ဤစာ-ပုညဝန်၊ ဂုဏ်တံခွန်ကြောင့်။ ထုံမွှန်-အတိရိက်၊ ဝိသိဋ္ဌ-ကဝိန်၊ တိညာဉ်-ဆဋ္ဌာ။ ဌာသမာနှင့်။ မဟာသာဝက။ ဌာနတော်ကြီး၊ အသီးနိုယံ၊ ဗျာဒိတ်ခံ၍။ ။တက်ဆန် ဥဂ်မာ,ရေကြောင်းတည်း။ ။

(၂) ရေကြောင်း-ဥဂ်မာ၊ မဆန်ပါဖို့။အဏ္ဏဝါမြစ်၊ သံသာ ခေတ်ဝယ်။ဖြစ်ရာနိုက်ကား ပါယ်လေးပါးနှင့်၊ သုံးပါးသောကင်။ ရပ်ပြစ်ရှစ်တန်၊ ရန်အနိဋ္ဌ၊ ဟူသမျှတို့။ မြို့လွှမကြုံ။ဈာန်မှာရုံနှင့်။ ။ ပြည့်ရုံလျှင်မကြာ,စေကြောင်းတည်း။ ။

(၃) စေကြောင်း-လျှင်မကြာ။ဘုပဏ္ဏနာသား။မဟာကုသိုလ် ဥဒဟိုတိုးပွါး။ အကျိုးများကို၊ ဘိုး-ဘွား-ဘ-မိ။ အာစရိနှင့်။ ဉာတိတို့က။ စ၍-အထွေထွေ၊ များဝေနေတို့။ ရစေအသီးသီး၊ ဌဝေပြီး,ပြီ၊ ။တီးလော့-မင်္ဂလာ,ငွေမောင်းတည်း။ ။

၁၂၈၇-ခု၊ တပေါင်းလဆုတ်-၈-ရက်။ သောကြာနေ့တွင်။
ချမ်းမြေ့ကြည်လင်၊ ပြီးအောင်မြင်သတည်း။

ဓေယျတု၊ ။ဝံသာနုဝံသနုနှင့်၊ဝံသာနုအသင်း။ဝံသာနုသမားများက။ဝံသာနုတရားလယ်ဟော၊ဝံသာနုစကား။တယ်ပြောကြတယ်၊ဘယ်သဘောတရားကို ဝံသာနုဆိုကြသလဲ၊ ဝံသာနုဆိုဒါ-ဘာလဲလို့။သဲကွဲအောင်-နားမလယ်လို့ဖြစ်စေ၊ နားလယ်ရက်နှင့်-ပယ်ဖျက်ကျောက်ကန်၊ ထောက်ခံစောဒနာလို၍ဖြစ်စေ၊ အခြေမကျ၊အနေမကျ၊ ကလေကဝအချင်းချင်း၊မရေမရ အသင်းအပင်းရယ်လို့၊အဖျင်းဖျင်းအလကားဟာထင်ပြီး၊တရားဓမ္မတာအစဉ်၊မညှိနှိုင်းကြပဲ၊မသိတိုင်းအပြစ်တင်လို၍ဖြစ်စေ၊အဲ-ဤကဲ့သို့-လှုပ်ချော်ပြီး၊နှုတ်ထောက်မေးမြန်းချန်-ရှိပါသောကြောင့်၊ အချေကျကြောင်း၊အနေကျကြောင်း၊ကလေကဝ-မဟုတ်ကြောင်း {ဝံသာနုဆိုဒါမှာ} ဝိဝဋ္ဋဋ္ဌာယီ၊မဟာပထဝီ၊ဟက္ကာမြေကြီး-တည်စက၊ပဌမအဦးဆုံးဖြစ်ပေါ်လာကြောင်းများကို၊ဆရာကောင်း-သမားကောင်းများထံ၊နိသျည်းယူခံရသည်အတိုင်း၊ ကျမ်းဂန်နှင့် (ကျွန်ုပ်က)မြန်မာဘာသာ၊ မာဂဓသက္ကလေး- အနည်းငယ်စွက်ပြီး၊ အမြွက်လောက်ဖြေဆိုပါအုံးမယ်၊ ။

ဝံသာနုဆိုဒါ၊ ဝံသနံအနု၊ဝံသာနုပါတဲ့၊ ဝံသာနံ၊အမျိုးအနွယ်တို့၏၊အနု၊အစဉ်အလာတည်း၊ ဟူသော-သဒ္ဒါနည်းအလျောက်၊အမျိုးအနွယ်၊ မညှိုးငယ်စေဘို့၊ အရိုးမကွယ် အစဉ်မပျောက်ရအောင်၊စောင့်ရှောက်သောအသင်းကို၊ရက္ခန၊ ပက္ခနှင့်၊ပဒက္ခမ၊ညွှန်ခါပြုလို့မို့၊ဝံသာနုအသင်းရယ်လို့ခေါ်ဆိုပါသတဲ့၊ထိုဝံသာနုဆိုသောအရာလဲ၊သမာအယူ၊ဗြဟ္မာလူတို့၊တူကြသောအကြောင်းရင်းဖြင့်၊ပေါင်းသင်းဆက်ဆံသောသတ္တိ၊သာမညအားဖြင့်၊တမျိုးတဲရှိပါတယ်၊ဝိသေသအားဖြင့်တော့၊လူမျိုးတရာ့တပါး၊ကိုယ်အမျိုးအလိုက်၊ ကိုယ်အစဉ်အလာပြုသောကြောင့်၊ဝံသာနုတွေလဲ-အံပုံကြီးပေါ်များလာရော့၊အများလာတဲ့ဝံသာနုတို့တွင်၊ ဘယ်ဝံသာနုက-ဘယ်လို၊ ဘယ်အမျိုး၊ ဘယ်အနွယ်၊ ဘယ်အစဉ်၊ဘယ်အဆက်၊ ဘယ်တရားမျိုး-လေ့ကျက်တယ်လို့၊ အမြွက်အရိပ်လောက်မှ၊မဆိုခြင်ပါဘူး၊ကိုယ်ဝန်ကိုယ်ထမ်း၊ကိုယ်လမ်း

ကိုယ်သွား၊ ကိုယ့် ဝံသာနု-အသင်းဝင်ပုဂ္ဂိုလ်များကိုသာ၊ ကိုယ်တရားကိုယ်ယုံကြည်ဘို့ရာ၊ မြတ်နိုးဘို့ရေး၊ သင်းမဟုတ်-သင်းဟုတ်၊ အကျဉ်းချုပ်-စင်းကုတဲ့ဘို့၊ အံ့ရင်းအဌတ်ကလေး၊ဘော်လိုက်ပါတော့မယ်။ ။

သတ္တဝါအစ၊ ဗြဟ္မာကပါတဲ့၊ အဲ-သတ္တဝါအစ၊ ဗြဟ္မာကဆိုသည်အတိုင်း၊ သတ္တဝါတကာ့သတ္တဝါ၊ ဗြဟ္မာကရတေ့၍၊ လူ့ပြေလာကြရပါတယ်တဲ့၊လာကြရပါသော်လဲ(ဗြဟ္မာဝိယာတိဗြဟ္မာ၊)ဟူသောဝိဂြိုဟ်နှင့်အညီ၊ ဗြဟ္မပိုရ်အဆက်မကွာကြသဖြင့်၊ အထက်ဗြဟ္မာမျာ့-အသွင် အပြင်နှင့်၊ အဆင်းတန်းသာ၊ ပီတိလျှင်အစာဖြစ်၍၊ ကိုယ်ရောင်ကိုယ်ဝါထွန်းတောက်၊မြေလျှိုးမိုးပြန်၊ တန်းခိုးဈာန်နှင့်တကွ၊ အရိုးခံဗြဟ္မာစိတ်မပျောက်ကြဘဲ၊ တယောက်နှင့်တယောက်၊အလွန်ချစ်ကြည်ညိုလျက်၊ ဗြဟ္မာမင်းကြီးများလိုဘဲ၊ ချမ်းချမ်း မြမြ၊ အသက် အသချေ လောက်ပင်နေထိုင်ကြရပါတယ်တဲ့၊ အဲ-ဤကဲ့သို့၊ကာလအရှည်၊တည်နေကြပြီးသည်နောက်၊ ပျက်စီးလိုတော့၊ တိုတိုပြောပရစ်တော့၊ မြေဆီမြေလွှာတွေ-စားသောက်ကြပါရော့တဲ့၊ အဲ-မြေဆီမြေလွှာတို့ကို၊ စားသောက်သည်မှစ၍၊တယောက်နှင့်တယောက်အရုပ်အဆင်း၊ အချင်းအရည်၊ အမည်သညာမတူ၊အမူအရာမမျှ၊အယူဝါဒခြင်းကွဲပြား၊ ဘသူ့မှ-ဘသူ၊ မတားနိုင်သဖြင့်၊ မှားတချိုမှန်တချို၊ ကိုယ့်ဘုရားနှင့်ကိုယ်၊ ကိုယ့်တရားနှင့်ကိုယ်၊ ကိုယ့်သံဃာနှင့်ကိုယ်၊ ကိုယ်လိုရာကိုယ်လိုက်၊ ကိုယ့်ဘာသာ-ကိုယ်ကျိုက်၊ ထိုက်ရာရောက်ထိုက်ရာနား၊ ဟိုအတိတ်ဝါသနာ-ဘာဂီအတိုင်း၊ တမျိုးစီ-တမည်စီ ဖြစ်သွားကုန်ကြ ပါရော့တဲ့၊ အဲ-သည်တွင်မှ၊ တရားအစဉ်အလာ မပျောက်ဘဲ၊ စောင့်ရှောက်သော သူတို့ကို၊ ဗြဟ္မာနှင့် တူသောကြောင့်၊ ဗြဟ္မာလူမျိုးလို့ ခေါ်ဆိုပါရော့တဲ့၊ ထိုဗြဟ္မာလူမျိုး များသည်၊ တရားအစဉ်အလာ မတိမ်း စောင်း၊ သို့သော်လဲ၊ ကာလကြာလာတော့၊ ဗြဟ္မာလူမျိုး-ခေါ်ရာကဘဲ၊ ဗမာလူမျိုးလို့ အခေါ်ပြောင်းပါရော့တဲ့၊ ၎င်းဗမာလူမျိုးတို့သည်၊

အချိုးအစဉ်၊မပေါက်မပြန်။ မြတ်စွာဘုရား။ဟောကြားမြွက်ဟော်။
တရားတော်နှိုက်။ မွေ့လျော်တတ်သော–အကြောင်း ကြောင့်။
{ မဟာနေ့်–ဗုဒ္ဓဘာသိတဓမ္မ–ရမတီတိ–မရမာ } ဝါ။ မြန်မာ။
ဝစနဘ်လာသည်နှင့်အညီ။မရမာမျိုး။မြန်မာမျိုးဟု။တန်းခိုးမတိမ်။
သိရိန္ဒြေ။တက်သစ်နေကဲ့သို့။ကြွက်သရေအလွန်ကြီးသော။ လူမျိုး
ဖြစ်ပါကြောင်း။ ။ထိုမြန်မာလူမျိုးတို့၏။ ကိုးကွယ်သော။ဘုရား-
တရား-သံဃာ။အရိုးအစဉ်ကျင့်ကြံသော။အယူဘာသာလည်း။ ပူ
ရာဏ။ကဿပ။မက္ခလိဂေါသာလတို့ကဲ့သို့-လောကာယတတရား
အကြွားအမော်ညာဏ်။ စကားကလေးအပေါ်ရန်နှင့်။ အလကား
မတော်မှန်သော။ဘုရားအခေါ်ခံ(ဆ)သဏ္ဍာရမျိုးမဟုတ်။ အနုတ္တရ
ဘဂဝါအစစ်။ဓမ္မကြက္ခရတနာကြီးဖြစ်တော်မူသော။ခေတ်လောက
ခါတ်ကုန်။ ဘုံ{၃၁}ဘုံတို့၌။ တရံတယောက်မျှ။ပြိုင်သူယှဉ်သူ။
မရှိမူ၍။ တဆူတည်းသာ-ပွင့်တော်မူသော။ အစိန္တေယျ-မြတ်စွာ
ဘုရားပါတဲ့။ ထိုမြတ်စွာဘုရားဟောကြားတော်မူသော-ဒေသနာ။
တရားတော်ဟူသည်မှာလည်း။ ပူရာဏ။ကဿပတို့၏။ သဿတ
အယူ။ဥစ္ဆေဒအယူ။သူတပုံငါတမျိုး။တန်းခိုးပြိုင်ယှဉ်။လောကကို
ချွဲသွင်သော။ပပဉ္စတရားမျိုးမဟုတ်။ လောကမှထုတ်တတ်သော။
ဝိမုတ္တိရသာ။သြဇာနှစ်ဆီ။ဓမ္မက္ခန်ပီသသော။ဂမ္ဘီရဏ္ဏတရားတော်
ကြီးအစစ်ပါတဲ့။ သံဃာတော်၏ သနစ်မှာလည်း။ ခေတ်ကာလ
အလို။ကြံ့ကိုမှီသောပိုးတို့သည်။ ကြံ့ရိုးကြံ့ပင်တို့ကိုဖျက်ဆီးသော
ပမာကဲ့သို့။သာသနာဝင်။ ရဟန်းရှင်တို့သည်။ ကြံ့ပင်နှင့်တူသော။
ငါဘုရားသာသနာတော်ကြီးကို။ပျက်စီးစေမှု။ဖျက်ဆီးခြင်းပြုကုန်
လတ္တံ့ဟူ၍{ဒုနာသ}တံဆိပ်။ရွှေဗျာဒိတ်ဖြင့်။နှိပ်ပြီးသည်အလျော်
ပေါ်ပေါက်ဆဲ။ပေါ်ပေါက်လတ္တံ့သော။ သံဃာမျိုးမဟုတ်။ဗုဒ္ဓဘာ
သာ။သာသနာတော်အရှည်။စည်ပင်ပွင့်လင်းရန်။ဓမ္မခန်-ပရိယတ်
ပဋိပတ်မူလတရား။ ရုရများကိုသာ။ အားထုတ်တော်မူပေတတ်
သော။ပရမဏ္ဍဇုတိ။တုမရှိတို့နှင့်တကွ။သမုတိသံဃာတော်အရှင်
မြတ်များ။ ဤသို့အားဖြင့်။ ဘုရားစစ်။ တရားစစ်။ သံဃာစစ်။

အဘဇ္ဇဂါဒိ၊ မဟာပထဝီ၊ မြင့်မိုရ်မဏ္ဍိုင်ကြီးတို့ကဲ့သို့၊ ကြံ့ခိုင်သော ဗုဒ္ဓဘာသာ၊ တံခွန်ဥက္ကာဋ္ဌ၊ ညွန့်ထုတ်ပြအပ်သော၊ ဝံသုတ္တမ မျိုးမြန်မာဖြစ်၍၊ ဘာသာအယူညှိုးမှိန်၊ သာသနာတော်ကြီး၊ တန်းခိုးတိမ်မည်ကို၊ အစိုးရိမ်ကြီး-စိုးရိမ်သူတရ၊ ဟို-အထက် သတ္တဝါ အစ၊ ပြဟ္မာကဆိုဘဲ့-သမာစရ၊ နည်းထုံးမှီလို့မို့၊ စည်းလုံးညီ၊ (ဟုတ်ကဲ့)ယခုစဉ်အလာပြုကြသော၊ ဝံသာနုအသင်းထူး၊ အသင်းမြတ်ကြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဝံသာနုအသင်းဝင်၊ သူတော်စင်တို့သည်၊ {ပဉ္စသီ-သရဏဂုံ}တို့ကို၊ လုံလုံချုံချုံ၊ မမှားမချွတ်ရအောင်၊ ခါးအဝတ်ကဲ့သို့၊ မြဲစွဲတော်မူကြ၍၊ (အဋ္ဌင်္ဂနှင့်၊ နဝအင်္ဂ-ဒသသီ)တို့ကိုလည်း၊ အင်္ကျီသင်တိုင်း၊ ဆင်သိုင်းစလွယ်၊ ဘွယ်ရာမင်းခမ်း၊ ရင်လွှမ်းပန်းများကဲ့သို့၊ ဆင်မြန်းတော်မူကြခါ၊ ကမ္မဋ္ဌာန်းဘာဝနာများကိုလည်း၊ ပဝါတဘက်စသော-အဝတ်အရုံ၊ ထည်ကောဇုံတို့ကဲ့သို့၊ ချုံရုံလွှမ်းတင်၊ ဆင်ရင်နှိုင်းသမျှ-ဆင်ရင်၍၊ မင်္ဂလာတရား(၃၈)ပါး၊ (သဒ္ဓါ-သီလ၊ သုတ-စာဂ၊ ပညာ-ဟီရိဩတ္တပ္ပ)တည်းဟူသော၊ သူတော်ကောင်းဥစ္စာ၊ သူတော်ကောင်းတရား(၇)ပါးတို့ကိုလည်း၊ ပတ္တမြားနားဒောင်း၊ စည်ပေါင်းဘယက်လက်ကောက်တန်းဆာ၊ ဒွါဒရာတို့ကဲ့သို့၊ အခါခါ ဝတ်ဆင်တော်မူကြပါမည့်အကြောင်း။ ပေါင်းရသောအား၊ မကောင်းမှုပွါးမည်ကို၊ ကျားတွေ့သော-သူကာန်းသည်၊ ပြေးလမ်းကို-မမြင်သဖြင့်၊ အလွန်ပင်ဆောက်တည်ရာမရသကဲ့သို့၊ အကြောက်မည်ခါမက၊ ကြောက်ရွံ့တော်မူကြပါမည့်အကြောင်း၊ ။ကောင်းမှုကုသိုလ်တရား၊ ပွါးမည်အရာ၊ ဖြစ်ခဲ့ပါလျှင်လည်း၊ စကြာသနင်း၊ မင်းဆုံးဓမ္မရာဇ်၊ ခုလက်ငင်းဖြစ်မည်ကဲ့သို့၊ နှစ်နှစ်သက်သက်၊ ဝမ်းမြောက်ဝမ်းသာ၊ အားထုတ်တော်မူကြပါမည့်အကြောင်း၊ အထူးအားဖြင့်လည်း၊ သောက်စားမှုတခု၊ လောင်းစားမှုတခု၊ ပွဲလမ်းသဘင်၊ ပျော်ရွှင် လိုက်စားမှုတခု၊ သီလသမာဓိ ဂုဏ်သိက္ခာနှင့် တကွ၊ စည်းစိမ်ဥစ္စာ-အမိုပျုံးတတ်သော၊ ထိုအသုံးမကျသော-တရားအရကို-ပြုလိုက်မိလျှင်၊ ကပ်-၃-ပါး-ဆိုက်ရောက်ပြီး၊ တိုက်မလောက်

ထင်ကြ၍၊ ဆင်ခြင်ရုံ-သိမ်းဆည်းရုံ-မဟုတ်သေး။ မင်းဒဏ်-ရာဇ
ဝတ်။ မလွတ်-လွတ်အောင်၊ ဖွတ်ထွက်၍ပြေးသကဲ့သို့။ဝေးထက်
ဝေးအောင်၊ တသက်လုံး ရှောင်ကြဉ်ကြပါမည့်အကြောင်း၊ ထိုမှ
တဝ။ လောကဓမ္မတာ။ ဥစ္စာစီးပွါး၊ကြီးမားဖြစ်ထွန်းရန်၊ ကြံစည်
ရှာဖွေကြသောအရေး၌လည်း။ သူဌေးကြီး–သူကြွယ်ကြီး–တို့၏။
ရင်းနှီးပုံ-ရောင်းဝယ်ပုံတို့ကို၊ ဂုဏ်တု-ဂုဏ်ပြိုင်–မတုမလုပ်ဘဲ။
ဥစ္စာရှာ-မာန်မာနနှိမ့်ချထား၊သူဟောင်းတို့စကားနှင့်အညီ။မကြွား
မလွှား။ အစားအသောက်။ နေထိုင်မှုတို့ကိုခြိုးခြံ၊ အမြတ်အစွန်း
ရိုလျှံတို့။ကြံစည်တိုးတက်၍။တစတစ၊ရှုံးသော်လည်း။ကြောင်ကျ
ကျရအောင်။ ချက်ပုံထား။များကိုပုံပြု။ သိင်္ဂါလ သတိုးသားကို။
ဘုရားရှင်-ဩဝါဒပေးတော်မူသည်အတိုင်း၊ တဖြေးဖြေး-ပစ္စည်း
ဥစ္စာကို။ ရသင့်ပါကြောင်း။ ။ရဆောင်းရှာဖွေ၍ရသော၊ပစ္စည်း
တို့ကိုလည်း။ နည်းသည်ဖြစ်စေ။ များသည်ဖြစ်စေ၊ သေသေချာ။
(၄)ရ။၄-ပုံပုံ။ထို-၄-ပုံတို့တွင်။ ၂-ပုံကို။အရင်းအနှီးစီးပွါးပြုလုပ်
ရန်ပိုင်းခြား၊ တပုံကို-လိုလျှင်ရစေ။ ကြီးနှယ်ခွေ–ဆိုသကဲ့သို့။
ခြေစောင့်-လက်စောင့်-သိုမှီး၍ထား။တပုံတရမ္မကိုသာ။ဝတ်လိုလဲ
သည်အထဲက။စားလိုလဲ-သည်အထဲကစားဟူ၍၊ (ဧကေနဘောဂံ
ဘုဉ္ဇေယျ)စသောအားဖြင့်၊ ဘုရားရှင့်အမိန့်တော်ပြန်တမ်း၊ စည်း
ကမ်းသတ်ဥပဒေတော်ကြီး၊ ထုတ်ပြီးသည်နှင့်မသွေ။ လူတမတ်
တန်။ပန်းတကျပ်ဘိုး-မပန်ရဆိုသောအရိုးခံနည်းလမ်းကိုသိလျက်
နှင့်။ စည်းကမ်းမရှိ-မဖြစ်ကြပါစေဘဲ။ ခြွေခြွေတာတာ။ ဝတ်စား
သုံးဆောင်ကြပါမည့်အကြောင်း။ ။

ပေါင်းရအားလုံး။ကမ္ဗတ်ကြီးဖုံးသကဲ့သို့။နိဂုံးချုပ်-တရားဓမ္မ
အိမ်ရာထောင်၍၊လူ့ဘောင်နေထိုင်ကြသူတို့သည်။(ဓမ္မကာမော)
မိစဉ်-ဘလိုက်။စရိုက်နှင့်အညီ၊အခြေမှီရအောင်။ပဝေဏီထုံးစံကို
အလိုရှိသည်(ဘဝေယျ)ဖြစ်ရာ၏ (သုတာဓာရော)ကြဉ်ရန်ယှဉ်ရန်
နှစ်တန်ကြောင်းကျိုး၊ ကောင်းအဆိုးဖြစ်၍။ မျိုးရိုးစရိုက်။လိုက်ရာ
သမျှ။လိုက်နာရအောင်။ ဗဟုသုတ၏တည်ရာသည်(ဘဝေယျ)ဖြစ်

ရာ၏ (ပရိပုဏ္ဏတော)ကုသိုလ်ကံ၊အကုသိုလ်ကံ၊ကြဉ်ရန်ယှဉ်ရန်
များကို။အဖန်ဖန်မေးမြန်းလေ့ရှိသည်(သဒ္ဓေယျ)ဖြစ်ရာ၏။သို့အစရှိ
သဖြင့်။အာဂါရိကပဋိပဒါ၊မြတ်စွာဘုရား၊ဗျာဒိတ်တော်ထားခဲ့သည့်
အတိုင်း။ အမျိုးသားတို့၏၊ အရိုးတရား၊ မိလိုက်-ဖလာတို့ကို။
သိထိုက်ရာ၊ သိမြင်ကြသဖြင့်။ အတိဝဍ္ဎန-မပယ်မနုတ်နိုင်အောင်။
တကယ်အဟုတ်စောင့်ရှောက်မည်ဟု။ တည်ထောင်သောဝံသာနု
အသင်း၊အရင်းအမြစ်-ဖြစ်ကြီးဖြစ်၍။အသစ်မပြောင်း။အဟောင်း
သုံး။ရှေးအကျသုံး။ဟိုအထက်ကမ္ဘာဦးအခါက။ဗြဟ္မာလူ၏အကျင့်
ထုံးကိုသာ။အသုံးအနှုန်းပြုလိုသော။မြန်မာအရိုးအမျိုးဖြစ်၍။ ။
အမျိုးကိုလည်း-မပျက်ပြုန်းစေနှင့်၊ အရိုးကိုလည်း။အရွက်မဖုံးစေ
နှင့်။အမျိုးပျက်ပြုန်းက၊တသက်လုံး-နာလံမထရှိတတ်သည်။ အရိုး
အရွက်ဖုံးက၊ အခက်ဆုံး-အကြံမလှရှိတတ်သည်။ ဤကဲ့သို့ နာလံ
မထနိုင်အောင်၊အကြံမလှ-ရှိရမည်များကို၊ လည်လည်ပတ်ပတ်။
ဆင်ခြင်တွေးတော၊ တို့အမျိုးအနွယ်၊ တန်းခိုးကြွယ်လုက်ကနှင့်။
ညှိုးငယ်ခါအိုးတယ်မျှုပ်သည်ကို၊ဘော်ထုတ်မည်-အာရုံစောကြ
သဖြင့်။လောကဓါတ်အသစ်။ဖြစ်ရအောင်၊ညွှန်ပဏ္ဍနာပြုကြသော၊
ဝံသာနုအသင်းသူ-အသင်းသားတို့သည်။ အဝတ်အစား၊ အသွား
အလာ။အနေအထိုင်၊အလုပ်အကိုင်၊အပြောအဆို။ထိုထိုအပြုအမူ
အယူဘာသာ၊ အချာချာတိုင်းပင်။ မြန်မာလူမျိုးပီပီ၊ မိရိုး-ဘလာ။
ပဝေဏီကြီးက၊ သုံးခဲ့သော-နည်းထုံးကိုမှီပြီးလျှင်။ စည်းလုံးညီ။
မတိမ်းမယိမ်း၊ ထိမ်းသိမ်း စောင့်ရှောက်သူ-တရားရှိသူ များကို။
တရားကတဖန်။ စောင့်ရှောက်မြဲမှန်၏ဟု၊ ဓမ္မကျွန်-မြတ်စွာဘုရား
သိုက်။ဗျာဒိတ်တော်ကိန်းနှင့်အညီ၊ဝံသာနုတရားမတိမ်းရအောင်။
ထိမ်းသိမ်းစောင့်ရှောက်တော်မူကြပါမည့်အကြောင်း။ရပ်ကွက်ဌာနီ
ပျော်ကာအောင်းကြသည့်၊ အဋ္ဌကျွာယီ ဘော်သဟာအပေါင်း
တို့ကို။ကြော်ငြာမောင်းခတ်လိုက်ပါသည်။

မြင်းခြံမြို့(အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ) ဆရာတော်-ဦးဝေပုလ္လ။
အသျှင်၊ စီရင်ရေးသားသည့်(ဝံသာနုဓမ္မကထာပြီး၏။)

အာဂုံနှုတ်တက်။ ဆောင်ရွက်ကြ၍။ မြန်မာ့စိုရိုတရား။ ပွားများကြရန်။ {၅၂၈}မေတ္တာရေတွက်ပုံ။

(၅၂၈)ပါးဟူသော်ကား။အနောဓိသ(၅)ပါး။ဩဓိသ(၇)ပါး။ ပေါင်းပုဂ္ဂိုလ်(၁၂)ပါး၊ ။ယင်း(၁၂)ပါးကို။ အဝေရာဟောန္တု။ အဗျာပဇ္ဈာဟောန္တု။အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။ ဟူသောမေတ္တာ(၄)ပါးနှင့်-မြောက်ပွါးသည်ရှိသော်။ဒေသအရင်။ ကိုမရည်ညွှန်းပဲ။ပို့သွန်းသောမေတ္တာ(၄၈)ပါးဖြစ်၏။ ။ယင်း(၄၈) ပါးကို။အရပ်(၁၀)ပါးနှင့်။မြောက်ပွါးသည်ရှိသော်။အရင်ကိုရည် မှတ်၍။ ပို့အပ်သောမေတ္တာ(၄၈၀)ဖြစ်၏။ယင်း(၄၈၀)နှင့်။ယခင့်-(၄၈)ပါးကိုရော။(၅၂၈)ဖြစ်၏။

ကရုဏာစသည့်(၁၃၂)ပါးဖြစ်ဟန်ကား။အနောဓိသ။ဩဓိသ အားဖြင့်။ ပုဂ္ဂိုလ်(၁၂)ပါးတည်း။ ကရုဏာနှိက်-ဒုက္ခာမုစ္စန္တု။ မုဒိတာနှိက်-ယထာလဒ္ဓသမ္ပတ္တိတော-မာဝိဂစ္ဆန္တု။ဥပေက္ခာ၌-ကမ္မဿကာ။ ဤသို့တချိသံ ဖြစ်ရကား။ မြောက်ပွားဘွယ်မရှိ သောကြောင့်။ ဒေသအရပ်ကိုမရည်မှတ်ပဲ။(၁၂)ပါးစီသာဖြစ်၏။ ယင်းကိုအရပ်(၁၀)ပါးနှင့်မြောက်။(၁၂၀)ဖြစ်၏။ ယင်း(၁၂၀) နှင့်။ယခင့်(၁၂)ပါးကိုရော။(၁၃၂)ပါးဖြစ်၏။

(ဆောင်ပုဒ်-သံပေါက်ကဗျာ)

(၁) အနောဓိသ။ဩဓိသ။တည်ချပုဂ္ဂလာ။ ။
(၂) အဝေရာမှ။ရှေးဦးစ၊မြောက်ကြရ(၄)ဖြာ၊ ။
(၃) လေးဆဲ့ရှစ်ပါး။ပုဂ္ဂိုလ်အား။မမှားရသည်သာ။ ။
(၄) ယင်းကိုတထပ်။ဆယ်ပါးရပ်။မြောက်လပ် ပွါးပြန်ကာ၊
(၅) အစွန်းရှစ်ဆယ်။ လေးရာကယ်။ ရဘွယ်မှန်လှစွာ။ ။
(၆)လေးရာရှစ်ဆယ်။သချာဝယ်။လေးဆယ်ရှစ်ဖြာရောလေပါ၊
(၇) ငါးရာနှစ်ဆယ်။ရွှန်းရှစ်သွယ်။ပြည့်ဘွယ်မယုတ်ရာ။ ။

{မှာ} မန္တလေးမြို့-ဒက္ခိဏာ ရာမတိုက်။ ဘုရားကြီးဆရာ တော်။ ရေးသားတော်မူသော၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိကျမ်း။ စာမျက်နှာနံပါတ်(၃၃၇)ကြည့်ရှုပါ။ ။

{ မေတ္တာပို့အကျိုး-ဆောင်ပုဒ်လင်္ကာ။ }

ဘီလူးကြည်ဖြူ၊ နတ်လူချစ်ခင်၊ အိပ်လျှင်ချမ်းသာ၊ နိုးခါသုခ၊ စောင်မနတ်များ၊တည်ကြားစိတ်စက်၊ အိမ်မက်ကောင်းစွာ၊မျက်နှာကြည်လင်၊သေလျှင်အမရွှံ၊ ရှာန်ဟုန်လည်းရ၊ဖြဟ္မာ့ပြည်ဖြစ်၊ ဤဆဲ့တစ်က၊ (ရှစ်-နှစ်-ငါးဖြာ,မေတ္တာနိသင်၊ ကမ္ဘည်းတင်သည်၊ ယူငင်မှတ်ရန်အကျဉ်းတည်း။

တနည်း-မေတ္တာပို့အကျိုးလင်္ကာ။

၁-အိပ်၊ ၂-နိုးချမ်းသက်၊အိမ်မက်၊ ၃-မမူး၊ ၄-ဘီလူး၊ ၅-လူချစ်၊ ၆-နတ်စစ်စောင့်ထ၊ ၇-မရှလက်နက်၊ ၈-မျက်နှာ၊ ၉-စိတ်ကြည်၊၁၀-ကင်းသည်တွေဝေ၊၁၁-ရောက်လေဖြဟ္မပြည်၊ ဆဲ့တမည်သည်၊ ၊ချမ်းကြည်မေတ္တာ-အကျိုးတည်း။

ကောဒသင်္ဂြုတ္တရ-ပါဠိတော်၊ အနုဿတိဝဂ်။

ပဌမသုတ်လာ၊ မေတ္တာအကျိုး-၁၁-ပါး။

မေတ္တာယဘိက္ခဝေစေတောဝိမုတ္တိယာ-အာသေဝိတာယ-ဘာဝိတာယ-ဗဟုလီကတာယ-ယာနီကတာယ၊ဝတ္ထုကတာယ၊ အနုဋ္ဌိတာယ၊ ပရိစိတာယ၊သုသမာရဒ္ဓါယ၊ ဧကဒသာနိသံသာ-ပါဋိကင်္ခါ၊နှာသုအင်္ဂဝါ၊ဝိသံဝါ၊သတ္တံဝါ-ကမတိ၊တုဝဋ စိတ္တံ သမာဓိယတိ၊မုခဝဏ္ဏောဝိပ္ပသိဒတိ၊အသံမုဠှောကာလံကရောတိ ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော-ဖြဟ္မာလောကူပဂေါတိ၊ မေတ္တာယဘိက္ခဝေ-စေတောဝိမုတ္တိယာ အာသေဝိတာယ၊ ဘာဝိတာယ၊ ဗဟုလီကတာယ၊ ယာနီကတာယ-ဝတ္ထုကတာယ-အနုဋ္ဌိတာယ၊ ပရိစိတာယ- သုသမာရဒ္ဓါယ- ဣမေဧကာဒသာနိသံသာ ပါဋိကင်္ခါ။

မြန်မာနိသျ-အညွှ-မြန်မာနိသျ။

ဘိက္ခဝေ၊သံသရာဘေး၊လာမည့်ရေးကို၊ မြော်တွေးကြောက်ညှောင်း၊ သူတော်ကောင်းတို့၊ အာသေဝိတာယ၊ ရှိသေစွာမှီဝဲအပ်သော၊ ဘာဝိတာယ၊ ပွါးစေအပ်သော၊ ဗဟုလီကတာယ၊

အကြိမ်များစွာ-ပြုအပ်သော။ ယာနီကတာယ၊ ကအပ်သော—ယဉ်ဖြင့်တူစွာပြုအပ်သော။ ဝတ္ထုကတာယ။ တည်ရာကိုကဲ့သို့ပြုအပ်သော။အနုဋ္ဌိတာယ။ရှေ့ရှုထင်သော ပရိစိတာယ။ထက်ဝန်းကျင်မှ။အညီးပူးအပ်သော။သုသမာရဒ္ဓါယ။ကောင်းစွာအားထုတ်အပ်သော။ မေတ္တာယ- စေတောဝိမုတ္တိယာ။ မေတ္တာစေတောဝိမုတ္တိ၏။ ဝါ။ စိတ်၏-ကိလေသာမှ၊ လွတ်ကြောင်းဖြစ်သော—မေတ္တာ၏။ဧကာဒသ တဆဲ့တပါးကုန်သော၊အာနိသံသာ။အကျိုးတို့ကို၊ ပါဋိကင်္ခါ။ အလိုရှိအပ်ကုန်၏။ ဧကာဒသ(၁၁)ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သုခံသုပတိ။ ချမ်းသာစွာအိပ်ရ၏။ သုခံပဋိဗုဇ္ဈတိ။ ချမ်းသာစွာနိုးရ၏ ပါပကံ။ ယုတ်မာသော။သုပိနံ၊အိပ်မက်ကို။နပဿတိ။မမြင်မက်။ မနုဿာနံပိယော။လူတို့ချစ်အပ်သည်။ဟောတိ၊ဖြစ်၏။ အမနုဿာနံပိယော။ နတ်ဘီလူးတို့-ချစ်အပ်သည်။ ဟောတိ။ ဖြစ်၏။ ဒေဝတာ။နတ်တို့သည်။ရက္ခန္တိ။စောင့်ကုန်၏။အဿ၊ ထိုမေတ္တာဖြင့်နေလေ့ရှိသောသူအား။အဂ္ဂိဝါ။မီးသည်၎င်း၊ဝိသံဝါ။အဆိပ်သည်၎င်း။သတ္ထံ ဝါ။ လက်နက်သည်၎င်း။နက္ကမတိ၊မလောင်မသူး။မဗူးမရှ၊တုဝဋံ စိတ္တံ ပျံ့လွင့်သောစိတ်သည်၊ သမာဓိယတိ။ သမာဓိကိုရ၏။ ဝါ။တည်ကြည်သည်ဖြစ်၏။ မုခဝဏ္ဏော။မျက်နှာအဆင်းသည်၊ ဝိပ္ပသီဒတိ။ ကြည်လင်၏။ အသမ္မုဠှော။မတွေဝေပဲ၊ ကာလံကရောတိ။ ရတေမနေ၊ သေလွန်ရ၏။ ဥတ္တရိ၊အထက်၌။ အပ္ပဋိဝိဇ္ဈန္တော။အရဟတ္တဖိုလ်ကို-ထိုးထွင်း၍--မသိသည် ရှိသော်။ ဗြဟ္မာလောကူပဂေါ။ ဗြဟ္မာပြည်သို့လားရသည်။ဟောတိ။ဖြစ်၏။ဘိက္ခဝေ၊ဘိ။အာသေဝိတာယ၊ သော။ ဘာဝိတာယ။သော၊ ဗဟုလီကတာယ၊ သော။ ယာနီကတာယ။သော။ဝတ္ထုကတာယ။သော။အနုဋ္ဌိတာယ။သော။ ပရိစိတာယ။ သော။ သုသမာရဒ္ဓါယ၊ သော။ မေတ္တာယစေတောဝိမုတ္တိယာ။၏။ ဧကာဒသ၊ ကုန်သော။ အာနိသံသာ။ တို့ကို။ ပါဋိကင်္ခါ။အလိုရှိအပ်ကုန်၏။

၁၂၈—မေတ္တာယူနည်း ဆောင်ပုဒ်။

ငါးရာ့နှစ်ဆယ်၊ ရှစ်သွယ်မေတ္တာ။ယူနည်းမှာမူ။ကျမ်းလာသို့မှတ်လေ။ ။အနောဓိသ၊ ပုဂ္ဂလသည်—ပဉ္စငါးယောက် နေ့နှင့်၊ ထူးတထွေ-ရည်မှတ်သား၊ ။ဩဓိသမှာ၊ ပုဂ္ဂလာသည်၊ မှန်စွာခုနစ်ပါးတည်း၊ ။ပေါင်းခြားက—ယွင်းမသွေ။ ။ပုဂ္ဂိုလ်အပြား၊ ဆဲ့နှစ်ပါးကို။မမှားရတို့လေသော်။ ။အဝေရာ-ဗျာပဇ္ဇ။အနီဃာဟု။ သုခိအတ္တာ။လေးဖြာမြောက်လစ်။လေးဆဲ့ရှစ်သည်၊ စင်စစ်ရလေပါလိမ့်၊ ။ဌာကထာလိုမူ။ ဒိသသဟာ၊မဉ္စာဝေမိ။လေးလီမြှောက်လေဟူ၍။ ရပ်ဆယ်ဆူ—မြှောက်ပြန်လျှင်။ ။လေးရာ့ရှစ်ဆယ်။ အကယ်ရသည့်ပင်တည့်၊ ယင်းသည်တွင်-ရပ်ဒေသ။ ။မရည်မှတ်လစ်၊လေးဆဲ့ရှစ်ကို။ တလှစ်နှောလိုက်ကလျှင်။ မှန်မုချ မယွင်းပါ၊ ။ငါးရာနှစ်ဆယ်၊ရှစ်သွယ်မေတ္တာ။ပြည့်သည်သာဟု။သိပြီးခါ-ပွါးစေက၊ အိပ်နိုးချမ်းသာ။ယုတ်မာမမက်၊ နှစ်သက်နတ်လူ၊ ဆိတ်မူမနှံ့။ စိတ်ပျံ့တည်ကြည်၊ လှသည်မျက်နှာ၊ သေခါမတွေ၊ ဖြစ်လေဗြဟ္မာ။ ဆဲ့တခါစင်၊ အာနိသင်ကို၊ လျင်လျင်အမြဲရ၏၊ ကေ့န္တုမှတ်တို့ပါ။ ။ယုံမှားမဲ့အောင်။ကျမ်းစောင်စောင်မှ။ဆောင်၍မိန့်လိုက်မှာသည်၊ ။သည့်တိုင်းသာ-မှတ်မိကားကပိရောင်ပြေး။ ။ညောင်ကန်ဆရာတော်(ဦးပုတ်)ရေးသားတော်မူသောဟူ၏။

{ နိဂုံးမှတ်ချက်။ }

ဇာနိ္တတံ-ပဇ္ဇိတံ။တုယှ ဒိပ္ပမေဝ-သမိဇ္ဈ၊ဆွေမျိုးဒိတ်နက်၊နတ်တော်ထွက်နှင့်။ရမွှက်ကိလေ။ တကိုယ်တော်ထီး၊ဆဲ့တမီးကို။ဖျက်ဆီးချေသည့်၊ ပစ္စေကဗုဒ္ဓါ။ မြတ်စွာရှင့်ထံ၊ မိန့်ခွန်းတော်ခံမည်ဟု၊ အကြံတော်ထူး။ စိတ်ရည်ရူးလျက်၊ ရေးကူးခါထည့်သွင်းလိုက်ပါသည်။

ဦးဝရသမ္ဘာဓိမေတ္တာစာ။

ဇေယျတု။ ။လူ့လောကထံ၊ ပုထုဇန်မှာ ။အဟံမမ။ သက္ကာရကြောင့်။ အနမတက်။ သံသာစက်ဝယ်။ ဘရဘွက်ဆူ။ သဘွတ်အရှုသို့။ ဘရဘူထ။ ဥဒ္ဒံယာဝ။ ဘဝဂ္ဂါစ။ အောက်မှဝိစိ၊ ကြီးခေတ်လုံး။ ဘရုံးဘရင်း။ ဆင်းသူတက်သူ။ ရုန်သူဆန်သူ၊ လူဖြစ်ချည်-နတ်ဖြစ်ချည်။ အတည်မဲ့မျိုး။ အပိုးမရ။ ဂေါဏကုက္ကုရ။ ဥဏ္ဍနာဘိသယဖူတက်တူအိမ်မြှောင်၊ အတောင်ပေါက်၊ အမြီးပေါက်။ အမောက်နှင့်ဆောင်းဆောင်း၊ ခြေ-၂-ချောင်း။ ခြေ-၄-ချောင်း၊ သောင်းပြောင်းရောရာ။ ခြေမရှိဘဲအခါခါ။ ခြေများစွာနှင့်အကြိမ်ကြိမ်။ တာဝတိံသုံ့ဖျားမှာ၊ သိကြွားဖြစ်၍တုဘက်ကဲ။ အောက်ငရဲမှာသေနာနာ။ မြဟ္မာဖြစ်၍-ပြောင်ပြောင်ဝင်း။ ဝက်စားကျင်းမှာ-တရှုတ်ရှုတ်။ ဇမ္ဗူဒီပိုးအုပ်၍။ မင်းလုတ်သည်အိုဘဲ့လူ။ ထီးဖြူနှင့်တလျှပ်လျှပ်။ မြွေကျော့ရှည်-စပါးကြီး။ အမြီးနှင့်တခပ်ခပ်။ လေးကျွန်းပိုင်-မင်းမန္တာဘ်။ ဥဒေါင်းမ ဥဒါန်းမှာ။ ဦးစွန်းနှင့်-တဖြတ်ဖြတ်၊ ဗာရာပိုင်-စောနေနတ်။ ငရဲပြည်ဥ သဒတ်။ ကြောက်စရာအတတ်။ သက္ကာယဝိညတ်နှင့်၊ ပရမတ်ကို ညာဏ်မဝင်၊ . သူတော်စင် မဟုတ်လျှင်။ မြေပ်ရမည် စုံးရုံး။ စိတ်ချရော့တုံးတုံး။ ငါးအာရုံနှင့် တပြုံးပြုံး။ သေမင်းက-မြင်တိုင်းမုံး။ နှလုံးက ကျွတ်ဆတ်ဆတ်။ အဝိစိမှာ အောက်ချိုးဘပ်။ ပရမဘ်ကို-ကြင်ကြပ်ကြည့်။ ပါရမီကို-မဖြတ်ဖြည့်။ ချိန်ခွင်ကြီးလို မတ်မတ်တည့်။ ဇိကိုကုတ်၍နတ်ပြည်တင်။ ပြောင်ရှင်စိတ်ကြိုက်။ လိုမလိုက်နှင့်။ ရိုက်လှသည့်အဝိဇ္ဇာ။ သင်္ခါရဝိညာဏ်။ နံခတ်ရုပ်ယှဉ်သောကြောင့်။ မွေးမိခင်မယ်ဝမ်းခေါင်း။ ဆယ်လတိုင်ကြိမ်းအောင်း။ ကျဉ်းမြောင်း၍အထွေထွေ၊ ဆင်းရဲလို့တပေပေ။ ဇာတိအနေကို၊ ဇရာမွေသောခါ။ သေရမည်မုက္ခ။ သောကကတောင်နှယ်ဘိ။ ပရိဒေဝကအထပ်ထပ်။ ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်ချားခုံဝယ်၊ ဆုံလည်သည်နွားကဲ့သို့၊ လေးပါးသောအာသဝ။ သြဃနှင့်ယောဂ။ လှိုင်းမထွေရစ်ဝန်း၍၊ ဝွမ်းမှောက်ခုံလည်တတ်သည်။ မချည်တတ်လျှင်-ကြက်ချေးရ။ မပြည်တတ်

လျှင်ကြွပ်ကြွင်ထု။ ဥပမာပုံစံ၊ စာမတတ်လျှင်ကြွပ်ကြွင်အံ့။ မယူ
တတ်လျှင်သူ့နည်းခံ၊ မကြံတတ်လျှင်သူကိုမေး၊ မဖြူတတ်လျှင်ခဝါ
ပေး။ ထုံးရေးတန္တို၊ အနူမှာဝါဂွမ်း၊ အကြမ်းမှာလျှော်သွား၊ အကြားမှာ
ဘဲတောင်၊ အမှောင်မှာတိမ်နက်၊ အထက်မှာစိန်ကျောက်။ အကောံ
မှာ ဝက်ဘာ၊ အပူမှာမီး၊ အကြီးမှာမြင့်မိုရ်တောင်၊ အချောင်မှာ
နေလျှံ၊ အမြန်တွင်နဂ္ဂတ်၊ ငှက်တွင်လည်းဒ္ဓါရဉ်။ နတ်တွင်လည်း
ဝသဝဘူ၊ လူတွင်လည်း-စကြဝတေး၊ အဖွေင်သိတာ၊ အမွှေးတွင်
နံ့သာ၊ ထုံးလောကီဥပမာ၊ ဓမ္မာလမ်းကြောင်းမှာ အကြီးတွင်လည်း
တဏှာ။ အပူတွင်လည်း-ကိလေသာ။ အဖွေင်လည်း မေတ္တာ။
အမွှေးတွင်လည်း-သီလ။ အကြမ်းမှာ-စိတ်ဒေါသ၊ နူရမည်ဗျာန
မှာ။ အကောဓမြတ်ခန္တီ၊ ပါရမီအားရှစ်ဆင့်။ အမြင့်မှာ-နိဗ္ဗာန်။
အချောင်မှာ-ပညာဉာဏ်၊ မှတ်သားရန်အရပ်ရပ်၊ နတ်တွင်လည်း-
သိကြား၊ လူတွင်လည်း-ဘုရား၊ ဝင်တွားကြည်ညို၊ စည်းစိမ်ကို
လိုမူ-ဒါန၊ ချမ်းသာကိုလိုမူ-သီလ၊ နိဗ္ဗာန်ကိုလိုမူ-အနတ္တ၊ ဒါနနှင့်
စည်းစိမ်ကိုဟတ်၊ သီလနှင့်ရန်သူကိုသတ်၊ ဘာဝနာနှင့်သံသရာ
စက်ပြတ်အောင်၊ ရှစ်ရပ်သောမဂ္ဂင်ကို၊ ပညာဖြင့်ဆင်ခြင်၊ အိမ်
ဘူးတောင်းအသွင်၊ မသမာစိတ်ပေါ်လျှင်၊ အညှိမ်၍ ပျော်ရွှင်
မြူးထူး၊ ကာမကြွူးလျှင်မွဲတတ်သည်၊ သေရည်ကြူးလျှင် ဆဲတတ်
သည်၊ အတည်တည်အဝဝ၊ အနိစ္စမှန်း၊ ဒုက္ခမှန်း၊ ရော်ယမ်းမမြင်၊
ပျော်ရွှင်မြူးတူး၊ သဘင်ကြူးလျှင်အရူးဆိုသည်ပုံ၊ ဂုဏ်တံဆိပ်နှင့်
ငရဲမှာထိပ်ပိတ်၊ စိတ်လိုလိုက်မိ၊ အဝိစိကို ရောက်မှသိရမည်၊
သတိထား၍၊ ဘုရားမြတ်ကို၊ ခေါင်းမှာတင်၊ တရားတော်ကို
နားမှာတင်၊ သင်္ဃာတော်ကို-ပခုံးတင်၊ သင်ပုတ်ရေချမ်း၊ ကြိုးငမ်း
နိစ္စ၊ ဝါပဝါတွင်း၊ သတင်းမမေ့၊ လှူတနေ့၊ ဝတနေ့၊ သိမ်မွေ့တဲ့
ရန်ဝသီ၊ သန္တိမြို့နှင့်သံလေခ၊ လောဘနှင့်အဝိဇ္ဇာ၊ မနုဟာသူစကား
မှာ၊ ဥပမာပုံထုတ်လျှင်၊ ဂိဇ္ဈကုန်မှာပြိတ္တာပျော်၊ စိတ္တကုန်မှာ-
သိကြားပေါ်၊ မဟာဂ္ဂုတ်မှာ-ဗြဟ္မာလျော်၊ ဥမင်ခဏ်းဇာတ်တော်မှာ
မပေါ်နှင့်သေနက၊ ဆိုကြသည်အရာ၊ ဥစ္စာမှာ-ငရဲအိုး၊ ပညာမှာ

နိဗ္ဗာန်မျိုး။ ကာမဂုဏ်မှာ-အောက်သို့လျှိုး၊ ဓမ္မာရုံမှာ-မောက်လို့
ဖြိုး။ အစိုးရသည်မြတ်သခင်။ တိုင်းဗိဒေဟာပြည်ကြီးရှင်။ မယားမှု
ကြောင့်-သေလုပင်။ စန္ဒိမိကြောင့်-မသိမြင်။ ပိုက်တွင်းဝင်သည့်
သမင်ပုံ။ သေဘေးတွေ့၍ဆွေ့ဆွေ့ခုံ။ ဥမ္မာဒန္တီ။ ကုမ္မာရီအယဉ်
ကြူး၍။ အရူးပေါ်သည်မင်းတရား။ မယားကိုချစ်သည့်မှုကြောင့်။
ဆိတ်မနှင့်ရိုးစွပ်သည်ကို၊ အဟုတ်မှတ်သည်ကောသလ။ ဇာရန္တ
ကုမ္မာရီ။ ရေနာဂီရွှေပေါ့ကြောင့်။ တောင်သေလာဖွေကြော့ဝယ်။
လောင်းဗိဓူရွှေပြော်၍၊သည်းအူတော်ကြွေလျော့အောင်။ မြင်းယဉ်
မော့ဆောင်သည့်နတ်လုလင်။အိမ်ရှေ့တော်စံရှင်။ရွှေကိုယ်တော်
သန့်စင်။ မယားကိုမင်သောကြောင့်။ ညွှန့်ပြောင်းတင်ကင်လိမ်း၍။
အိုးထိမ်းလုပ်လုမင်းသား။ အမှားကိုညာဏ်ဖြင့်ရှု။ အမှန်ကိုလိုက်
၍တု။မယားမှုကြောင့်မရိုင်းစေနှင့်၊ဇွေမတ္တလာ။လက်ယာသောင်း
ရပ်၊ဘဒ္ဒကပ်ဝယ်။မိန်းမမြတ်လေးမျိုး၊အဘိုးမြကဲ။ပုလဲပြည်တန့်။
ကျမ်းဂန်မိန့်မှာ။အမရာဒေဝီ၊ကိန္နရာ-ကိန္နရီ၊မဒ္ဒီသမ္ဗူလ။ယောက်
ကျားတို့မျက်ချစ်။ ဇမ္ဗူရစ်ကဲ့သို့။ အပြစ်နည်းပါး။ ရွှေမယား။ဇွေ
မယား။မယားသူတော်။ ပေါင်းဘော်သမျှ။ သုခပွါးမှု၊ခုတ္တမာန်။
ပစ္စုပ္ပန်ကြီးရောက်၊ မျက်မှောလည်းလျော်၊နှောင်လည်းတော်အောင်
မြင်မြော်ရန်တဌာန။ ။ဇာတိနှင့်ပဝတ္တိ။ကာလနှင့်ဒေသ။ဌာနနှင့်
ဌာနီ၊ယာယီနှင့်နကို။တိုရှည်ငယ်ကြီး အနီးနှင့်အဝေး။အဖေးနှင့်အပူ။
မှတ်ယူရန်နည်း-၂-ရပ်၊ ဇာတိနှင့် ပဝတ္တိမှာ။ ရာမညတိုင်းဌာနီ။
ရွှေမြို့တော်သိင်္ဂီဝယ်။ ဓမ္မစေတီမြတ် မင်းလောင်း၊ ရဟန်းတော်
အပေါင်းကို။သိက္ခာဟောင်းစွန့်ပစ်၍။သိက္ခာသစ်ယူစေဟာန်။ ။
ကာလမှာဆင်ခြင်ရန်။ ခင်ပုဘ်နှင့်ဌက်ကြီးကို။ နည်းမှီး၍မှတ်ကြ။
ဒေသမှာထုံးစံ။သိန်းစွန်ကိုရန်ဘက်သဥ္ဇ။ဘီလုံးဌက်အာကညာဏ်
ဌာနနှင့်ဌာနီ။နည်းမှီ၍လိုက်။ကြွက်မနိုင်ကျိမ်းတိုက်။ သည်သူရိုက်
သန္တာန်။ယာယီနှင့်နကိုမှာ၊ပုံခိုင်သည်အမှန်။နဲ့ကောဝန်ယာယီကို။ရုဋ္ဌ
နိုယုံမှား၍။ပြေးသွားရသဒါလံ၊တိုသင့်ရန်ရှည်သင့်ရန်။မှတ်ကြလေ
အသွယ်သွယ်။ဒိဃာဝုပုဋ္ဌကြယ်။အငယ်နှင့်အကြီး။အနီးနှင့်အဝေး

အရှေ့နှင့်အပူမှာ။ မှတ်ယူရန်နည်းတခြား။ ရထားဦးပွတ်။ တစဉ်း
ဖြတ်၍ ယာတ်မြတ်မရွေး၊ မြို့လုံးမွေးသည့်၊ ခွေးအနန္တ၊ သတ်ရလေဖြို့
ထိုမှတသီး။ ဆင်တစီးကြောင့်။ ကျီးအသင်္ချေ။ သတ်လေရညား။
တယောက် သားကြောင့်။ ဆိတ်များ အပေါင်း။ ထောင်သောင်း
သေပျောက်၊ တကောင်မျှော်ကြောင့် မထောက်မညှာ။ မျှော်များစွာ
တို့။ သေရှာလေရ။ သီဟဠဟု။ နာမခေါ်ညွှန်း။ ဘီလူးကျွန်းဝယ်။
မော်ကွန်းအစဉ်။ ရာဇဝင်ကို။ ရှိုင်းပင်ပေါက်အောင်။ မထောက်
မထား။ ခွားနှင့်သားကို။ ပုံထား၍သေစေသည်။ ဝေလာရကျေးမင်း။
အဖျင်းတကာ့ ခေါင်ချုပ်။ ဗာရာဏသီပြည်ကြီးဝယ်။ ရွှေထီးအုပ်
၍။ မင်းလုပ်သည့်ဗြဟ္မဒတ္တ။ ငှက်နှင့်သားကို။ ပုံတား၍သက်သည့်
တာ။ ဗာရာဏသီ။ သိင်္ဂီရောင်လျှန်း။ ထီးနှင့်နန်းကို။ တကွမ်းစား
တန်။ ဆန်တခွက်ထိုက်။ လူရိုက်တကာ။ လာလေသမျှ။ အောက်ကျ
နောက်ကျ။ ဖြစ်ရသည်အဖြာဖြာ။ မြေခွေးနှင့်ကေသရာ။ လင်းငှက်
ဥပမာ။ မိတ္ထီလာတိုင်းပြည်တွင်။ ရွှေနန်းရှင်ကို။ ပုတ်သင်ငယ်
ပြိုင်ဘက်သည်။ ရှက်စရတိရစ္ဆာန်။ ဆင်ပြောင်ကိုစစ်ထိုးသည်
ဆင်ချေးပိုးဖက်မတန်။ မာန်တံခွန်ကားနှိမ်။ ဇာခြေသမ္ဗုတ္တိ။ ရှိရမည်
အခါ။ ဥဗြိုင်းကိုဆရာ။ ဥပမစင်စစ်။ မြစ်နှင့်သဲသောင်။ ခုံနှင့်
လက်ဆောင်။ ကြောင်နှင့်ကြွက်။ မြွေနှင့်ဖါး။ လေးပါးဂတိ၊ စွန်းညို
မထင်။ ကောင်းကင်ဖျားဝယ်။ ရထားနှင်သည်နှယ်။ ဆင်ခြင်ရန်အ
ဝဝ။ သာမဘေဒ။ ဒါနဒဏ္ဍ။ လေးဝဥပါယ်။ ရွှေပုဇွန်ညာဏ်ကျယ်။
ဥဗြိုင်းငှက်အနန္တရာယ်။ ဖါးသူငယ်ညာဏ်ကဲ၍။ ယဉ်ကွဲသည့်
ကေသရာ။ နွံရပ်ငှက် ရန်မီးကြောင့်။ ဆင်ပြောင်ကြီးသေရရှာ။
ဝက်နွဲ့အရေမှာ ဝေဿကာပုဏ္ဏားလေ။ ရန်မီးစသူမွေ။ ဝေသာလီ
ပြည်ထဲ။ ကျားရဲဝင်သည်ဥပမာ။ ပုရိသအရေမှာ။ ဥပမာပုံထုတ်
လျှင်။ ခင်ပုပ်နှင့်-ဇရက်။ ဝက်လည်းတသီး။ ကျီးခွေးမျှော်ဆံင်။
သမင်ဥဒေါင်း။ အလောင်းလင်းငေ။ စန္ဒာလတို့။ နည်းပြသည်အရေးကို
မှတ်နာကြသည်လည်းအရရ။ ကလာပနှင့်မြတ်ခန္တီ။ ကပ္ပိလနှင့်
မင်းစေတီ။ ဥက္ကာတီနှင့်ရှင်ကိဿ။ ဒိပါလနှင့်ကံသမင်း။ သတင်းဖြူစွ

ဂေါတမနှင့်အဋ္ဌုန။မာတင်္ဂနှင့်ခဇ္ဇမင်း။ ချွတ်ယွင်းကြသည်တဝဏ္ဏု
အရင့်အနု။ ကောင်းမှုသမ္ဘာ။ ကံသာပြုမြင်။စိရင်လိမ့်မည်၊မရည်
ရော်ရာ။သမ္မာသက်ပွ-ဗိရိယကြောင့်။ဇာနက္ကာဘုန်းဝေ။ပင်လယ်ဗွေ
မှာ။မေခလာမိုးသူ။ ရွှေပေါ့်အရှုနတ်ယဉ်ငွေ့ကို။ တွေ့ရသည်အပြီး။
ရွှေထီးမိုးကာ။ မိထ္ထိလာကို ဘုံသိဟာပလ္လင်မှ။ ဦးကင်းတော်ဘွင့်
ရသည်။မှတ်ချင့်ရန်ထုံးပုံ။ယုံတန်မှယုံတန်။ဆင်ခြင်ရန်မှာ။ညာဏ်
ပေတုံးတာ။ ယုန်မိဿာသည်။ မဟာပထဝီ။ မြေပျံ့ပြီဟု။ နှုတ်ဝသိ
ပျက်စကားကြောင့်။ သားအပေါင်းသေဆုံး၍။ တတောလုံးကြွက်
ကြွက်ဆူ။ ဗုဒ္ဓင်္ကုရွှေခြင်္သေ့။ သိမ်မွေ့သည်မြတ်ဗောဓိ။ အယုံတော်
မရှိ၍။ ပကတိချမ်းသာ။ မစိုးရိမ်သင့်သည့်တာ။ စိုးရိမ်သည်အရာ
မှာ။ကြိုးကြာနှင့်-ပုဏ္ဏား။ တီတီတွတ် ငှက်တပါး။ မြေစားသည်
တီယုတ်။ ဟုတ်မဟုတ် လျော်မလျော်။ မြင်မြော်သည်အရာမှာ။
မဟောသထာညာဏ်ရှိ။ အနာဂတ်။ နောင်လာရန်ကို။ ရွှေညာဏ်
တော်သိသောကြောင့်။ စူဠနီယဉ်သွေးတော်။ ဝိဒေဟာနန်းပြော်နှင့်။
ဖူးစာတော်စပ်ရ။ ရက္ခဓမ္မ။ ဇာတ်မှအလာ။ ဆွေဝတ်မျိုးဝတ်။
ညီညွတ်သည်အရာမှာ။ သစ်ပင်ကြီးဥပမာ။ ပိုက်တွင်အညီ တိုး
သည်။ ငုံမင်း၏တံထွာ။ ညာတတ္ထစရိယာ။ ကျင့်ရမည်ထုံးပုံမှာ။
မဟာကုဏ္ဍုရ။ သုနက္ခနှင့်။မဿုရာဇာ။ မဟာကပိ။လောင်းဗောဓိ
မျှော်မှန်းကျေးကျွန်တို့အတွက်ကြောင့်။ အသက်ကိုစွန့်သည်အရာ
မှာ။မဟာနိဂြောဓ။ဗုဒ္ဓင်္ကုရ။ မြတ်လှသည့်ရွှေသမင်။ သခင်၏ကျေး
ဇူးကို။ အထူးဆောင်သည်အရာမှာ။ မဟာသုမုခ။ ကာကသေနာ
ပတိ။မှတ်သိရန်အသွယ်သွယ်။ဆန်တစလယ်သျှခါမျှနှင့်။ဝေသန္တ
ရာ။ထင်မှတ်သည့်စိတ်ယုတ်။ဦးပုသ်သီလ။တနေ့တည်းစောင့်ကာ
မျှနှင့်။ စိတ်ကကျွတ်ဆတ်၊ မနူးနတ်၍။ ဘူရိဒတ်နဂါးလောက်။
သွေးမြောက်သည်သတ္တဝါ။ ပုဆိုးစွန်မှာ။ ရတနာငွေစ။ တမတ်
လောက်-ထုပ်ရလျှင်။ ဓောတိက ငါပင်ဟု။ မှတ်ထင်သည် စိတ်
ထား။ စဉ်းစားရန်အဝဝ။ မဟာကုသလ။ ပုညဝဏ္ဏ။ ကောင်းမှု
အရာ။ ရောက်သောခါလည်း။ လျှင်စွာလျှင်စွာ။ ပြုရသည်ချည်း။

မငံ့တည်းလင့်။ ထုံးနည်းထင်၍။ စပ်ခဲ့သည်အချာမှာ။ မဟာဇောတသာလက။ ဗုဒ္ဓဇောတသာလက။ အဘိဏ္ဍယျေထကလျာဏော။ ရွှေခွန်းတော်မိန့်ဟ။ အဇ္ဇဝါ။ သုဝေဝါ။ ပရသုဝေဝါ နက်ဖြန်သဘက်။ ဆက်ဆက်မှန်စွာ။ သတ္တဝါအနန္တ။ သင်္ခါရကို။ အနိစ္စမျိုး။ ဒုက္ခအိုး။ အစိုးမရ။ မရဏာသန္တ။ သမမင်း-စိတ်ကြိုက်ကို။ လိုက်ရမည်မုချ။ ဇီဝိတံဗျာဓိကာလောစသည်ကား။ ငယ်ကကြီးမှဟု။ မုချသတ်သတ်။ သိအပ်စချာ။ ခြေလက်မှာ၌။ သေစာသေလိပ် နိမိတ်ကွင်းကွင်း။ အကြွင်းမရှိ။ အတိဘာရိယ။ ကြောက်မက်ဘွယ်လောက။ လူကရှင်က။ ကိစ္စတင်းလင်း။ လက်စကြွင်းနှင့်။ သေမင်းဘာရစ်။ မီးတုံးဖြစ်၍။ နှမ်းညစ်ခါမှ သံဝေဂလည်း။ နောက်ကျတတ်ညား။ သတိထား၍။ ပဏ္ဏမြားတအောင်။ မြတညောင်မှာ။ ညာဏ်ရောင်နေဝန်း။ ထွန်းလင်းသည့်အခါ။ သာသနာဝယ်။ ကြိမ်လာစဉ်စစ်။ လူဖြစ်ကြိုးမြတ်။ နပ်ကြီးနပ်အောင်။ ဇာတ်ဆယ် စောင်တွင်။ အမောင်တေမိ။ ထုံးနှင့်ညှိ၍။ သတိသမ္ပဇည။ ကြီးလုံ့လဖြင့်။ အ,ညာဏ်။ ဆွံ့,ညာဏ်။ နားပင်းဟန်ကို။ မှတ်ကြံနည်းယူနိုင်သည်သာဖြစ်ပါစေသောဟု။ ဩမိသရာ။ သိနေ့ဟာဖြင့်။ နာဂိဥဿုံ။ သာဓုဝါကျ။ နိတိကျမ်းတွင်ဖြင့်။ ပါဠိတန်း၍ပြခဲ့သည်။ ရသာမျိုးသုံးမည်တွင်။ ကြီးလှသည်မြေဆီ မေဒနီဩဇာကို။ ထုတ်ယူကာ ပြသည်နှယ်။ သတ္တမရသာ။ သူတော်ကောင်း ဩဇာ။ ချန်ပါးသောရတနာကို။ ကျမ်းလာတိုင်းဘွင့်ဆို၍။ ထိုထိုသူအား။ ပေါင်းအများကို ဆိန့်ကြွားလိုက်သည်။ ။

ရေစကြိုရွာ-ကျောင်းနိုက်။ သိတင်းသုံးနေတော်မူသော၊
ဦးဝရသမ္ဗောဓိမေတ္တာစာပြီး၏။

{ နိဒါန်း။ }

ဓေယျတုသဇ္ဇမဂ်လံ၊ ။လောကသုံးပါးတို့၏။ ကိုးကွယ်ရာ အစစ်။ ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည်၊ ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှ။ နှစ်ပေါင်း ၄၀-တွင်။ သံသယ သင်းတွဲမည်သော တကောင်းပြည်က။ အိမ်ရှေ့မင်း ဥပဲရာဇာသည်။ လက်နက်ငါးပါးကို ကိုင်စွဲပြီးလျှင်။ ပြည်သူတို့၏ ရန်ဖြစ်သော။ ဝက်ကြီးကို လိုက်လံခဲ့ရာ။ ယခုရှိသော သိရိခေတ္တရာမြို့ တည်ရာအရပ်သို့ရောက်၍။ ၎င်းရန်သူဝက်ကြီးကို ချတ်သတ်ပြီးနောက်။ မင်း၏အဖြစ်၌ သံဝေဂရသဖြင့်။ ဌာနဖြစ်သော တကောင်းပြည်သို့ မပြန်လည်မူ၍။ ထိုအရပ်တွင်ပင်။ သူတော်သူမွန်။ သီလဝန့်-ရသေ့ ရဟန်းပြု၍နေလေ၏။

ဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော် မူသည်မှ။ နှစ်ပေါင်း ၅၉-ခုတွင်၊ ၎င်းရှင်ရသေ့၏ တူရင်းဖြစ်သော။ မဟာသမ္ဘဝ။ စူဠသမ္ဘဝ။ မင်းသားညီနောင် နှစ်ယောက်တို့သည်။ တကောင်းပြည်မှ။ နောက်ထပ်ရောက်လာပြန်သည့်တွင်။ ဦးရီးတော်ရှင်ရသေ့ ကောင်းယူမွေးစားသော ဘွီးပျို ဗေဒါရီ-နှင့်။ ထိမ်းမြားလက်ထပ်၍။ သာသနာသက္ကရာဇ် နှစ်ပေါင်း-၆၀-ပြည့်တွင်။ ပြူကမ်းယံလူမျိုးတို့ကိုအုပ်ချုပ်၍။ အစစွာမင်းပြုလေ၏။

၎င်းမဟာသမ္ဘဝ စူဠသမ္ဘဝ မင်းကစ၍။ ယခု မန္တလေး ရတနာပုံမြို့တည်မင်းတရားကြီး။ သားတော်သီပေါမင်းတရားကြီး တိုင်အောင်၊ ဤငါတို့မြန်မာနိုင်ငံ၌။ အစဉ်မပြတ်။ နေနတ်နွယ်လာ၊ ရာဇဝင်ထွက်။ မင်းဆက်သရုပ်တို့နှင့်တကွ။ သီပေါဘုရင်၊ ရွှေနန်းရှင်နှင့်။ အသျှင်မိဖုရားခေါင်ကြီး။ ဘွီးတော်(၂)ပါးတို့။ အိန္ဒိယ နိုင်ငံသို့၊ ပါတော်မူသည့်အကြောင်းအရာတို့ကို၊ ရဟန်းပညာရှိ။ လူပညာရှိတို့။ ရေးသားစီကုံး။ နှီးဖွဲ့စပ်ဆိုသည့်။ ရတု-ကဗျာ။ လင်္ကာများကို၊ နောက်သားတို့မှတ်ရန်-တော်ပြပါသတည်း။ ။

သီရိခေတ္တရာပြည်၌။မင်းပေါင်း ၂၇-ဆက်ဟူသည်ကား။

မင်းမည်။	သက္ကရာဇ်	ထီးစိုးနှစ်	ဝိုနှစ်	ဝိရေး	အကြောင်းအရာ။
မဟာသုတ္တသောမမင်း	၆၀	၂၀	၆	၂	
ညီတော်ရှုဋ္ဌာသုတ္တသောမမင်း	၆၆	၂၆	၃၅	၂	
သားတော်ဒွတ္တပေါင်မင်း	၁၀၁	၃၅	၇၀	၃	၎င်းဒွတ္တပေါင်မင်းကား။သီရိခေတ္တရာ
သားတော်ဒွတ္တရန်မင်း	၁၇၁	၃၅	၂၂	၄	ပြည်နိုက်။စေတီကြီး-၆-ဆူတည်တော်
သားတော်ရန်ပေါင်းမင်း	၁၉၃	၄၀	၅၀	၀	မူခဲ့၏၊ စေတီကြီးတို့၏ အမည်ကား။
သားတော်ရန်မန်မင်း	၂၄၃	၃၀	၅၀	၃	ပေါ ပေါ။ လျော လျော။ ညည်း ညည်း၊
သားတော်ရက္ခန်မင်း	၂၉၃	၄၀	၃၀	၅	သောကျမာ။ ဘရမာ၊ ဘုရားကြီး ဟူ၍။
သားတော်ခန်းလောင်းမင်း	၃၂၄	၃၇	၃၈	၄	၎င်းစေတီကြီးတို့သည်၊ ယခုတိုင် ထင်
သားတော်လက္ခိုင်မင်း	၃၆၂	၃၉	၃၄	၂	ရှားရှိကုန်၏။
သားတော်သီရိခန်မင်း	၃၉၆	၄၀	၂၈	၅	
သားတော်သီရိရာဇ်မင်း	၄၂၄	၁၁	၉	၂	

ရာဇဝင်သံခိပ်။

ဤတွင်၍။ တကောင်းမင်းမျိုးတကြိမ်ပြတ်၍ကြက်ခေါင်းစား တေပါးမင်းဖြစ်လာ၏။

မင်းမည်။	သက္ကရာဇ်	သက်တော်	စံနန်းနှစ်	ဖွား	အကြောင်းအရာ။
တေပါးမင်း	၄၃၃	၁၅	၅၁	၁	
သားတော်ဟါဝိရန်မင်း။	၄၈၄	၁၇	၆၆	၃	
သားတော်ရန်မုက္ခမင်း	၅၅၀	၃၅	၁၅	၀	ရင်းရန် မုက္ခမင်း ကား။ သိပ္ပိုဋ္ဌ
သားတော်ရန်သိဒ်မင်း	၅၆၅	၃၀	၃	၁	ကျွန်းစောရနာဂမင်းနှင့်နန်းပြိုင်၏။ စောရ
သားတော်ရန်မုဋ္ဌလိန်မင်း	၅၆၈	၁၅	၁၅	၅	နာဂမင်း လက်ထက်။ သိပ္ပိုဋ္ဌ ကျွန်း၌။
သားတော်ဘေရိန္ဒမင်း	၅၈၃	၂၇	၁၂	၀	မိုးစီး ၁၂-နှစ်ခေါင်၍။ တော်မွတ်ကြရာ။
သားတော်မုဋ္ဌမင်း	၅၉၅	၂၀	၅	၄	ရင်းသိပ္ပိုဋ္ဌကျွန်းမှ။ ရဟန္တာ အများတို့
ညီတော်ပုဏ္ဏမင်း	၆၀၀	၁၉	၃	၆	သည်။ သိရီခေတ္တရာပြည်သို့ ကြွရောက်
ညီတော်သာခမင်း	၆၀၃	၁၇	၃	၂	လာကုန်သည်ဟူ၏။
ညီတော်သာဓိမင်း	၆၀၆	၁၇	၃	၀	
ညီတော်ကန်နူမင်း	၆၀၉	၁၀	၁	၁	
နောင်တော်ကန်တက်မင်း	၆၁၀	၁၀	၃	၂	

မင်းမည်၊	သက္ကရာဇ်	သက်တော်	နန်းသက်	သားတော်	အကြောင်းအရာ၊
နောင်တော်ဘိဓမ္မမင်း	၆၁၃	၂၁	၄	၂	

ဤတွင်၍၊ ငတပါးမင်းမျိုး ၁၃-ဆက်ပြတ်၍၊ အထက်တကောင်းမျိုးဆက်ပြန်လာ၏။

သုမုန္ဒရီမင်း	၁၆၇	၄၂	၇	၀	ရင်းသုန္ဒရီမင်း လက်ထက်၊ သက္ကရာဇ် ၆၂၄-ခုကို၊ ဒေါဒေါသရက်ကိန်းဖြင့်ဖြို၍၊အကြွင်း ၂-ခုထားလေသည်၊
သားတော်အတိတျာမင်း	၂	၁၉	၃	၀	
ညီတော်သုပညာနဂရဆိန္နမင်း	၅	၂၉	၁၀	၂	

၆၂၂
၃၉၀
၂၃၂

သိရိခေတ္တရာပြည်မင်း ၂၇-ဆက်ပြီး၏

သာသနာတော် ၆၅၁-ခုနှစ်။ သက္ကရာဇ် ၂၉-ခုတွင်။ ယခုရှိသောပုဂံမြို့ အရပ်၌။ ၁၉-ရွာကိုပေါင်းကာရာမသမိုက်၍။ သမုဒ္ဒရာဇ်မင်း အစပြုတည်ထောင်လေ၏။

မင်းမည်။	သက္ကရာဇ်	[illegible]	[illegible]	[illegible]	အကြောင်းအရာ။
သမုဒ္ဒရာဇ်မင်း	၂၉	၃၂	၄၅	၁	
ရသေ့ကြောင်မင်း	၇၄	၉၀	၁၅	၂	
ပြူမင်းထီး	၈၉	၃၅	၇၅	၁	
သားတော်ထီးမင်းယည်	၁၆၄	၅၀	၅၇	၄	
သားတော်ယည်မင်းပိုက်	၂၂၁	၂၀	၂၅	၅	
သားတော်ပိုက်သင်လည်မင်း	၂၄၆	၄၀	၂၀	၅	
သားတော်သင်လည်ကြောင်မင်း	၂၆၆	၅၃	၄၄	၂	
သားတော်ကြောင်တူရစ်မင်း	၃၀၉	၂၅	၂၅	၄	
သားတော်သည်ထန်မင်း	၃၃၄	၃၅	၂၇	၀	
အမတ်မုကွမန်	၃၆၁		၃၈	၅	
သူ့ရဲအမတ်	၃၆၁	၃၃	၅၅	၅	

မင်းမည်။	သက္ကရာဇ်	သက်တော်	နှစ်	လ	အကြောင်းအရာ။
မင်းမျိုးသာရမ္ဘန်	၄၀၆	၂၂	၁၅	၆	၎င်းကို သမထီးမင်းလည်းဟူ၏။
သာသားတော်သိုက်တိုင်မင်း	၄၃၀	၄၀	၇	၀	
သားတော်သင်လည်ကြောင်ငယ်	၄၄၅	၂၈	၈	၂	
ညီတော်သင်လည်မိုက်မင်း	၄၅၄	၃၅	၁၅	၀	
ခဲလောင်းမင်း။	၄၆၈	၂၈	၁၀	၆	
ညီတော်ခဲလတ်မင်း	၄၇၈	၃၃	၁၂	၄	
သားတော်ထွန်တိုက်မင်း	၄၈၀	၃၃	၁၃	၂	
သားတော်ထွန်ပြစ်မင်း	၅၀၄	၃၆	၁၆	၅	
သားတော်ထွန်ချစ်မင်း	၅၂၀	၃၇	၁၅	၄	
ဂုပ္ပါးစောရဟန်း	၅၃၅	၅၈	၂၇	၁	၎င်းစောရဟန်းမင်း လက်ထက်။ သက္ကရာဇ် ၅၈၂-ခုကို။ခဆပဥ္စကိန်းဖြင့်ဖြို၍။
သားတော်ရွှေအုန်းသီးမင်း	၂	၄၇	၁၂	၆	အကြွင်း ၂-ခုထားလေသည်။ ၎င်းမင်း
သားတော်ပိတ်သုံမင်း	၁၄	၄၀	၀	၆	ကား။ထီးရိုးနန်းရိုးမင်းမျိုးမဟုတ်လေ။
သားတော်ပိတ်တောင်းမင်း	၂၂	၇၂	၅၀	၀	

မင်းမည်။	သက္ကရာဇ်	အိမ်နိမ့်	နန်းစံ	နေ့နံ	အကြောင်းအရာ။
ညီတော်စောခွေးမင်း	၇၂	၅၈	၆	၂	
မြင်းကျွေးမင်း	၇၈	၃၁	၁၀	၁	ဤမင်းတွင်။ မင်းမျိုးတကြိမ် ပြတ်ပြန်၏။
သိဟ်မင်း	၈၈	၆၁	၈	၄	
သားတော်သိန်းခွန်မင်း	၉၆	၅၀	၁၀	၃	
သားတော်ရွှေလောင်းမင်း	၁၀၆	၂၉	၉	၄	
သားတော်ထွန်ထွင်းမင်း	၁၂၅	၂၉	၉	၄	
ညီတော်ရွှေမှောက်တိုမင်း	၁၂၄	၄၂	၂၃	၅	
သားတော်ထွန်လတ်မင်း	၁၄၇	၄၇	၁၇	၄	
သားတော်စောခင်နှစ်မင်း	၁၆၄	၅၇	၂၇	၅	
သားတော်ခဲလူးမင်း	၁၉၁	၄၀	၁၇	၁	
ညီတော်ပျည်ပြားမင်း	၂၀၈	၄၂	၁၂	၂	

မင်းမည်။	သက္ကရာဇ်	သက်တော်	နန်းစံ	သား	အကြောင်းအရာ။
သားတော်တံနက်မင်း	၂၃၅	၃၆	၁၈	၆	
စလေမင်းခွေးချည်း	၂၅၃	၃၀	၂၅	၀	၎င်းမင်း၊တံနက်မင်းကို သတ်၍မင်းပြု၏။
သားတော်သိန်းခိုမင်း	၂၇၈	၂၂	၁၆	၀	၎င်းသိန်းခိုမင်းကို ညောင်ဦးရှူ၁ အထက်သခွါးခင်းတွင်။တောင်သူကြီးရိုက်၍သေသည်။
တောင်သူကြီးမင်း	၂၉၄	၄၅	၃၃	၄	
ကျောင်းဖြူမင်း	၃၂၇	၇၁	၂၁	၁	၎င်းမင်းကား။ အထက် တံနက်မင်းသားတည်း။
သားတော်ကြည်စိုးမင်း	၃၄၈	၂၂	၆	၃	
ညီတော်ရက္ခတေးမင်း	၃၅၄	၂၈	၂၅	၃	
ညီတော်အနော်ရထာမင်း	၃၇၉	၄၄	၃၃	၃	၎င်း အနော်ရထာ မင်းကား၊ သက္ကရာဇ် ၄၁၁-ခုတွင်၊ ရွှေစည်းခုံဘုရားကို အစတည်၏။
သားတော်စောလူးမင်း	၄၁၂	၃၀	၂၆	၄	
ကျန်စစ်မင်း	၄၄၁	၆၀	၂၅	၃	
မြေးတော်အလောင်းစည်သူမင်း	၄၉၆	၁၅	၇၀	၅	

မင်းမည်။	သက္ကရာဇ်	သက်တော်	နန်းစံ	သား	အကြောင်းအရာ။
သားတော်မင်းလျှင်စော	၅၃၆	၄၇	၁ရက်	၁	ငင်းမင်ကား။ မင်းမဖြစ်မှီ တပျက်
ညီတော်ကုလားကျမင်း	၅၃၆	၄၅	၃	၀	သာမြို့ကိုတည်၍နေ၏။ ဆည်တော် ကန် တော် များကိုလည်း၊ တည်ထောင် ပြုရ ခဲ့၏။
သားတော်နရသိင်္ခမင်း	၅၃၉	၃၂	၃	၂	ငင်း နရသိင်္ခမင်း လက်ထက်။ ဆင်
ညီတော်နရပတိစည်သူမင်း	၅၄၂	၃၀	၃၃	၃	ခေါင်း ဝက်ဝင်အရပ်မှာ၊ ဝါးပင်က သိ
သားတော်ဇေယျသိင်္ခမင်း	၅၇၅	၂၀	၂၂	၃	သေဒဇမိန်းမကိုရ၏။
သားတော်ကျစွာမင်း	၅၉၇	၁၉	၁၅	၂	
သားတော်ဥဇနာမင်း	၆၁၂	၃၄	၆	၄	ငင်းဥဇနာ မင်းကား၊ အပျော်လွန်၍
သားတော်တလုပ်ပြေးမင်း	၆၁၀	၃၀	၄၄	၂	ဒလမြို့မှာ၊ဆင်ဖမ်းကစားရာ၊ ဆင်ထက်
သားတော်ကျော်စွာမင်း	၆၄၂	၃၃	၁၄	၂	က ကျသေ၏။

ပုဂံမြို့ မင်းဆက်{၅၅}ပြီး၏။

ပုဂံမြို့ပျက်ကြောင်း။ သက္ကရာဇ် ၆၆၂-ခုတွင်။ သိင်္ခိုလ်သား စော်ဘွားမျိုးဖြစ်သော၊ ရာဇသင်းကြံ၊ သင်္ခယာ၊ သီဟသူ။ ညီနောင် သုံးယောက်တို့သည်။ ဘွားစော- မိဖုရားကြီးနှင့် ပူးပေါင်းမိကြ၍။ ကျော်စွာ-မင်းကို၊ သွေးဆောင် ဖမ်းယူပြီးလျှင်။ နောင်တော်အကြီး ရာဇသင်္ကြံကား။ သက္ကရာဇ် ၆၆၆-ခုတွင်။ မြင်စိုင်းမြို့ကို တည်၍မင်းပြု၏၊ ။ညီတော်အလတ် သင်္ခယာကား၊ မက္ခရာ-ကို တည်၍မင်းပြု၏။ ။ညီတော်အငယ် သီဟသူကား။ ပင်လယ်မြို့ကိုတည်၍ ဘွားစော မိဖုရားနှင့် အတူမင်းပြု၏။ ။ရင်းမင်းညီနောင် သုံးယောက်တို့တွင်၊ ညီတော်အငယ် သီဟသူကား၊ ပင်လယ်မြို့မှသည် အင်းဝမြို့ကို တည်မည် အကြံပြု၍။ လေးကြိမ်တိုင်တိုင်၊ မြို့ရာနင်းသော်လည်း၊ အချိန်မသင့် အခွင့်မရနိုင်သောကြောင့်။ သက္ကရာဇ် ၆၇၄-ခု၊ တပေါင်းလတွင်။ တောင်အရပ်သို့ ရွှေ့ပြောင်းပြီးလျှင်။ ပန်းယမြို့ကိုဝိဇယပူရ သမုတ်၍၊ အစစ္စာ တည်ထောင်စံနေ၏။ နောက်မှ တစီးရှင်ဘွဲ့ကိုခံလေသတည်း။

ပန်းယမြို့၌ မင်း ၆-ဆက်ဟူသည်ကား။

မင်းမည်၊	သက္ကရာဇ်	[illegible]	[illegible]	[illegible]	အကြောင်းအရာ။
တစီးရှင်သီဟသူ	၆၇၄	၃၃	၁၀	၂	ငရင်းမင်းပင်လယ်မြို့၌ ၁၂-နှစ်၊ ပန်းယမြို့ တည်ပြီးနေ၍ ၁၀-နှစ်၊ ပေါင်းနန်းစံ ၂၂-နှစ်

မင်းမည်။	သက္ကရာဇ်	ဖွားသက်	နန်းစံ	သား	အကြောင်းအရာ။
သားတော်ဥဇနာ	၆၇၄	၂၂	၂၀	၃	၎င်းဥဇနာ မင်းကား။ သက်တော် ၄၂–နှစ် တွင်၊ ညီတော် ကို နန်းလွှဲ၍၊ မက္ခရာ မြို့မှာ နေလေ၏။ စကား ခုနစ် ကျောင်းဒါယကာခံတော်မူ၏။
ညီတော်ငါးစီးရှင်	၇၀၄	၄၁	၆	၂	
သားတော်ကျော်စွာ	၇၁၃	၂၀	၁၀	၄	
ညီတော်နရသူ	၇၂၃	၂၀	၃	၂	၎င်းနရသူ မင်းကား။ သရက်မြို့မင်း လျှင်စောသွီးစောဥမ္မာကို မိဖုရားမြှောက်၏။
နောင်တော်ကြီးဥဇနာပြောင်	၇၂၆	၃၇	၃လ	၆	

ပန်းယမြို့၊ မင်း ၆-ဆက်ပြီး၏။

ပန်းယမြို့တည်၊ တစီးရှင် သားတော်။ မြောက်ဘက် လင်းရင်ရွာ သူကြီးသို့။ မဟာရတနာဒေဝီက ဘွားမြင်သော-သင်ယာစောယွန်းသည်၊သက္ကရာဇ်၆၇၄-ခုတွင်၊စစ်ကိုင်းမြို့ကို အစရွာတည့်ထောင်၍ မင်းပြု၏။ ပန်းယမြို့နှင့်-စစ်ကိုင်းမြို့ကား၊နန်းပြိုင်ကြ၏။

မင်းမည်၊	သက္ကရာဇ်	[illegible]	[illegible]	[illegible]	အကြောင်းအရာ။
သင်ယာစောယွန်း	၆၇၄	၂၀	၁	၃	
နောင်တော်တရဖျားကြီးမင်း	၆၉၂	၃၄	၃	၄	
သားတော်ရွှေတောင်တက်	၆၉၅	၂၆	၃	၀	
ကျစွာမင်း	၆၉၈	၁၆	၅	၂	ရင်းကျစွာမင်းကား၊ သင်ယာစော
ညီတော်မင်းရဲ	၇၀၃	၁၁	၁	၄	ယွန်းသားတည်း၊ ညီနောင် သုံးပါးကို၊
ညီတော်တရဖျားငယ်မင်း	၇၁၁	၁၅	၅	၅	နန္ဒပကြံအမတ်ကြီးက ချမ်းသာရအောင်
ယောက်ဘတော်မင်းပြောက်	၇၁၆	၂၈	၁၀	၅	ဝှက်ထားပြီးလျှင်၊ နောက်မှနန်း တင်၏။

စစ်ကိုင်းမြို့ မင်း-၇-ဆက်ပြီး၏။

စစ်ကိုင်းမြို့၊ ပန်းယမြို့ပျက်သည်ကား။ သက္ကရာဇ် ၇၂၆-ခုတွင်။ မိုးကောင်းမြို့ ရှမ်းမင်းတို့ကျည်ဘွားသည်၊ ဆင်မြင်း အလုံးအံ့ရင်းနှင့် တကွ။ လာရောက်တိုက်ဖျက် သောကြောင့်။ ရင်းနှစ်မြို့၊ တပြိုင်နက် ပျက်လေသတည်း။ ။ရင်းနှစ်မြို့ပျက်သော သက္ကရာဇ် ၇၂၆-ခုတွင်ပင်။တကောင်းမြို့စား။ သတိုးမင်းဖျားသည်။ရေဝတီ။ တုမ္ဘာဝတီပဟူသော မြစ်နှစ်ခုတို့၏ အဆုံသံလျက် ကျွန်းချုံ၌။ ရတနာပူရ။ အဝမြို့ကြီးကို၊ အစစွာတည်ထောင်၍ မင်းပြုလေ၏။

အဝမြို့။ မင်းဆက်ကား။

မင်းမည်။	သက္ကရာဇ်	သက်တော်	နန်းစံ	သား	အကြောင်းအရာ။
သတိုးမင်းဖျား	၇၂၆	၂၀	၃	၄	
ယောက်ဘတော်မင်းကြီးစွာ	၇၂၉	၃၇	၃၃	၂	
သားတော်ဆင်ဖြူရှင်တရဖျား	၇၆၂	၃၂	၅၀	၆	
ညီတော်ပဌမ မင်းခေါင်	၇၆၃	၂၉	၂၀	၃	
သားတော်သီဟသူ	၇၈၄	၂၉	၃	၄	ရင်းသီဟသူလက်ထက်။ ဝံနိုးမြို့က။ ရာ
သားတော်မင်းလှငယ်	၇၈၇	၉	၃၀	၂	ဇာဓိရာဇ်သို့-မစောပု ကိုဆက်သည်။

မင်းမည်။	သက္ကရာဇ်	သက်တော်	နန်းစံ	[illegible]	အကြောင်းအရာ။
ကလေးမင်း၊ကြေးတောင်ညို	၇၈၇	၃၀	၇လ	၃	
မိုးညှင်းမင်းတရား	၇၈၈	၄၇	၁၃	၂	ရင်းမင်းကားရတနာစေတီဘုရားဒယကာ
သားတော်မင်းရဲကျော်စွာ	၈၀၁	၃၇	၃	၅	နေ့ံဆင်များရှင်ဘုရားတွင်သည်။
ညီတော်နရပတိကြီး	၈၀၄	၃၀	၂၆	၄	ရင်းမင်းကား၊ တူပါရုံဘုရား ဒါယ
သားတော်မဟာသီဟသူရ	၈၃၀	၄၂	၁၂	၃	ကာတည်း။
သားတော်ဒုတိယမင်းခေါင်	၈၄၂	၃၃	၂၂	၀	
သားတော်ရွှေနန်းကျော့ရှင်နရပတိ	၈၆၃	၂၅	၂၅	၃	ရင်းမင်းကိုရွှေဂူဒါယကာလည်းဟူ၏။
မိုးညှင်းရှမ်းသိုဟန်ဘွား	၈၈၈	၂၅	၁၅	၀	ရှမ်းမင်း ၁။
ခုန်းပေါင်ခုံမိုင်း	၉၀၄	၄၃	၆	၃	ရှမ်းမင်း ၂။
သားတော်မိုးဗြဲနရပတိ	၉၀၆	၃၀	၄	၀	ရှမ်းမင်း ၃။
စလင်းစည်သူကျော်ထင်	၉၁၂	၅၇	၃	၄	ရင်းမင်းကို ဟံသာဝတီ ဆင်ဖြူများ
သတိုးမင်းစော	၉၁၅	၂၀	၃၀	၀	ရှင် လုပ်ကြံ၍။အောင်လေ၏။

အလောင်းဘုရား၏၊ ခမည်းတော်–မယ်တော်ကစ၍၊
ကုန်းဘောင်ဆက်–၁၁ ဆက်ကို။ ကွက်ကွက်
ကွင်းကွင်း၊ ထင်လင်းစွာမှတ်သားနိုင်ရန်။
စာအုပ်တွင် ပါသည့်အတိုင်း
ဘော်ပြလိုက်ပါသည်။

ဘွဲ့တော်နှင့် ငယ်နံမည်စာရင်း။

ခမည်းတော် မောင်ညိုစံ။ – မယ်တော် ရှင်ပြိမ်းအောင်။

(၁) အလောင်းဘုရား{အောင်ဇေယျ}

- ၂–နောင်တော်ကြီး (မောင်လောက်)
  - ၅–ခေါင်မောင်း။
- ၃–ဆင်ဖြူရှင် (မောင်ရွ)
  - ၄–စဉ့်ကူမင်း(မောင်ခဲလှ)
- ၆–ဘိုးတော်ဘုရား(မောင်ဝိုင်း)
  - အိမ်ရှေ့မင်း(ခမည်းတော်သက်ထက်နတ်ရွာစံသည်)
    - ၇–ဘကြီးတော်(မောင်စိန်)
    - ၈–ရွှေဘိုမင်း(မောင်ခင်)
      - ၉–ပုဂံမင်း(မောင်ထောင်)
      - ၁၀–မင်းတုန်းမင်း(မောင်လွင်)
        - ၁၁–သီပေါမင်း(မောင်ရစက်)

ဧရာဝတီမြစ်ကြောင်းဘက်၊အထက်ကာလ စစ်ကိုင်းမြို့တည်မင်း။ဘွဲ့စည်းခဲ့သောမြင်းသည်အမှူထမ်းနယ်မြေ အဝင်။ ရွှေဘိုရွာ၌၊ ငယ်မည်{ မောင်အောင်ဇေယျ }ဟု၊ ထင်ရှားကျော်စောသော။ မဟာပုရိသ-ယောကျ်ား အာဇာနီတယောက်သည်။ ထွန်းပေါက်ပေါ်ထွက်၍၊ ရာမညတိုင်း-တလိုင်းတို့ရန်ကို၊ တိုက်လှန်ဖြိုဖျက်ပြီးမှ၊ သက္ကရာဇ် ၁၁၁၅-ခုတွင်။ရင်းရွှေဘိုရွာကို၊ရတနာသိင်္ခမြို့ဟုတွန်းတင်၍။ထီးနန်းစိုက်ထူစံတော်မူသတည်း။

မင်းမည်။	သက္ကရာဇ်	နန်းစံနှစ်	သား	သမီး	အကြောင်းအရာ။
အလောင်းမင်းတရားကြီး	၁၁၁၄	၃၀	၀	၆	အလောင်းမင်းတရားကြီးကား၊ ကျွန်
၎င်းသားတော်ကြီး	၁၁၂၀	၂၅	၃	၃	ယုံတော်(၆၀) ဆင်ပေါင်း(၆၀) လူရှစ်
ညီတော်ဆင်ဖြူရှင်	၁၁၂၅	၂၇	၁၂	၁	သောင်းနှင့်တကွ။ တလိုင်းရာဇာဓိရာဇ်
သားတော်စဉ့်ကူးမင်း	၁၁၃၇	၁၉	၆	၂	မင်းစစ်ကို။အနိုင်ယူတော်မူ၍၊ယိုးဒယါး
ညီတော်ဖေါင်းခါးမင်း	၁၁၄၃	၁၀	၇ရက်	၅	ရှမ်း။ချွန်း၊ကွေ့၊မဏိပူရ၊တရုပ်စသောမင်း
ဘတွေးတော်ဗဒုံမင်း	၁၁၄၃	၃၇	၃၀	၂	တို့ကို၊တိုက်ခိုက်သိမ်းယူ၊ သာသနာပြု တော်မူသတည်း
မြေးတော်စစ်ကိုင်းမင်း	၁၁၈၀	၃၅	၁၀	၆	၎င်းမင်းလက်ထက်၊သက္ကရာဇ် ၁၁၈၆ –ခုနှစ်ကစ၍၊ အင်္ဂလိပ်မင်းနှင့်မြန်မာမင်းစစ်ဖြစ်ကြ၏

မင်းမည်။	သက္ကရာဇ်	[illegible]	[illegible]	[illegible]	အကြောင်းအရာ။
ညီတော်ရွှေဘိုမင်း	၁၁၉၉	၅၁	၉	၄	၎င်းမင်းကား။သက္ကရာဇ် ၁၂၀၃-ခု
သားတော်ပုဂံမင်း	၁၂၀၈	၃၂	၆	၆	တွင်။ရန်ကုန်မြို့သို့ရုံတော်မူ၍။ဥက္ကလာပ
					မြို့၌ယာဂီနန်စံတော်မူသည်။
ညီတော်မင်းတုံးမင်း	၁၂၁၄	၃၉	၂၆	၃	၎င်းမင်းကား။ရတနာပုံမြို့ကိုအစတွာ
သားတော်သီပေါမင်း	၁၂၄၀	၂၀	၇	၀	တည်ထောင်သည်။သေလကၡရ ၅-ကြိမ်
					မြော် သင်္ဂါယနာတင် မင်းမြတ်တည်း။

သားတော်သီပေါမင်းကား။၁၂၄၇-ခုနှစ်။ တံဆောင်မုန်းလဆုတ်-၈-ရက်နေ့။ မန္တလေးရတနာပုံ။ ရွှေမြို့တော်ကြီးမှတတန်။ ရတနာဂီရိရွှေမြို့တော်သို့နန်းစံတော်မူပြီးလျှင်။ ၁၂၇၈-ခု၊ နတ်တော်လဆုတ်-၆-ရက်နေ့ညာ။ သန်းခေါင်ကျော်-၇-ရက်နေ့သို့အဝင်။၎င်းရတနာဂီရိရွှေမြို့တော်၌ပင်။နတ်ရွာစံတော်မူသည်။

မြန်မာ့ကောရာဇ် မင်းမြတ်သည်။
မြန်မာနိုင်ငံတော်မှ
ဣန္ဒိယနိုင်ငံတော်သို့-မြန်းကြွတော်မူသောအကြောင်း။

မဟာသမတ။ သာကီယအာဟိန္ဒ။ ရာဇိန္ဒဘုန်းခေါင်၊ ကုန်းဘောင်နေပွင့်။ ဆဲ့တဆင့်ဖြစ်တော်မူသော။ မန္တလေး ရတနာပုံ ရွှေဘုံအတုလ၊ ဒုတိယ သင်းကျစ်။ မြန်မာ့ကောရာဇ် မင်းမြတ်သည်။ လောကဓာတ်သောင်းငူ။ ဇမ္ဗူပတ်ပိုက်၊ အတိုက်တိုက်ကို။ သိမ်းပိုက် ယူဆောင်ခြင်းငှာ စွမ်းနိုင်သော၊ ဘုန်းလက်ရုံး ပညာ။ သန္တာတော်ရှင်ဖြစ်လျက်၊ ခပ်သိမ်းသတ္တဝါ။ မျှားမိုလ် ပါတို့အား၊ သည်းစွာလွှန်မင်း၊ မဟာကရုဏာတော်အရင်းဖြင့်။ အခင်းဖြစ်ပွား၊ အင်္ဂလိပ်မင်းများနှင့်၊ စကားရှုပ်ထွေး။ တိုင်းရေး ပြည်မှု၊ အလု အယက်၊ နိုင်ထက် ကလူ၊ ပြုတော် မမူဘဲ။ သဗ္ဗညုအလောင်း၊ မင်းကောင်း—မင်းမြက်တို့ကဲ့သို့၊ တိုင်းပြည် ခရိုင်။ နိုင်ငံ ထီးနန်းများကို။ တရားရှေးရှု။ ပရိစာဂ အလှူဖြင့်၊ စွန့်လွှတ်တော်မူပြီးလျှင်၊ သက္ကရာဇ်(၁၂၄၇)ခု၊ တဆောင်မုန်း လပြည့်ကျော် (၈)ရက်၊ တနင်္ဂနွေနေ့၊ နေ့(၃)ချက် တီးကျော် အချိန်တွင်၊ ဣန္ဒိယနိုင်ငံ၊ မဒရတ်ကျွန်းသို့၊ စခန်းမလင့်၊ ညာနန်း မြင့်က။ စကြာတော် ဘွင့်ကြောင်း များကို။ ပညာရှိ ပုဂ္ဂိုလ်တို့ စီကုန်း ရေးသား ကြသည့်၊ (အချေ—အတင်) နှစ်ပြင် သော။ (ကောက်ချက်) စကားဟောင်းတို့ကို။ နောက်နှောင်း နောင်လာ။ မြန်မာအမျိုးသားတို့၊ မှတ်သားကြည့်ရှု၊ နှလုံးပြု၍၊ လောကုပဒေ၊ သံဝေဂမွေး ရရှိစေကြရန်၊ မဲဇာတောင်ချေ-ချီ၊ ရတုပိုဒ်ရုံအလိုက်၊ ခွဲရေး-ရတု၊ တွဲရေး-ရတုများနှင့်တကွ။ ထည့်သွင်းဘော်ပြလိုက် ပါသည်၊ ဝေးနီးမြို့ရွာနေ၊ မိတ်ဆွေအပေါင်းတို့သည်၊ နှစ်ထောင်း ရှင်ပြ၊ အားရနှစ်သက်၊ ဆောင်ရွက်ကြည့်ရှုကြပါစေသောဝ်။ ။

ဆီးဘန်နီဆရာတော် ရှေးဦးအစ-ပဌမရေး။
{ ကောဝိဒ်ရတု. }

မှတ်ပါရစ်စေ၊ မှာခဲ့ပေအံ့။ သံဝေဂမွှ။ (ယူကြ ကုန်လတ်။) သုဒဿန။မြို့မသခင်။သူရာစင်လျက်။ လုလင်မာစာ။ဦးစောက်ချ၍။ အမရဝတီ၊ ပုရီပြည်လုံး။ လက်ရကြုံးသို့။ ထုံးနှင့်တူလစ်။ဂေါဓာ စစ်မူ။ ဇော်ဒွေးဇာသတ်။ လမြတ်ထွန်းပြောင်။ တန်းဆောင် သရဒ၊ ကဏှပက္ခ။ ဆဋ္ဌမဖူးရက်၊ နေဝန်းထွက်အောင်။ ရှစ်မျက် လောကဓာတ်၊ ကောင်းကင်လတ်မှ။ ပြာသာဒ်ကုဋေ။ ကြယ် ကျွတ်ကြွေရှင့်။ နေတဘန်ထွက်။ သတ္တရက်ဝယ်၊ လက်နက်လျှံ ထိန်၊စွဲကိုင်ချိန်သား၊ ဇာနြွယတိုင်းသား။ ရဲယောက်ကျားတို့။ပတ္တ မြားစိမ်း။ရွှေနန်းရံသို့။ ချုံချုံဝင်ရောက်။ ရှစ်ရက်မြောက်က။အနောက် ဂေါယာ၊ နေဝါလျှောသက်။ ဂဠုန်ရက်တွင်၊ သုံးချက်ကျော်ပြီ။ ဒွါဒသီဝယ်။ မိုသည့်မြို့သာ။ ဂရုဍာမှတ်၊ ဆဒ္ဒန်မြတ်မှ။ပူးနတ်ခန့်။ ရာဟုစန္ဒာ။သိန်သိဟာနှင့်။ဇိဝါကံနေ။နဂါးမြွေလည်း။မေထုန်ပျော် လျက်၊မိဿလက်တွင်။ နက္ခတ်စင်ရုံး။ဆယ်လုံးနှစ်ပါဒ်။ လေးမှတ် ဇိဇနာ၊ ပွားလာရက်ချိန်။ ရွှေရွှေထိန်သား။ သုဒ္ဓိန်နှစ်ရာ။နောစမ္မာ တွင်။ ကိုယ်မှီရာကို၊ ကိုယ်သာဖျက်ဆီး၊ ဘောက်ကားစီးသည်၊ နှုတ်ကြီးမတ်ငယ်၊ မာလောနွယ်သို့။ဒုက်ကွယ်လှည့်ဝိုက်။ သူ့ဘက် လိုက်၍။ စရိုက်စောင်းငဲ့။သစ္စာမဲ့ကြောင့်။ နှစ်ဆဲ့ခုနစ်နှစ်။နန်းစံရှစ် တွင်။ ကသစ်ဘုံနေ၊သိကြားကြွေသို့။ချက်ရွှေသိုရာ။မန်းပြည်သာမှ။ မိဿာမောဟ။ မြွမ်းပြွမ်းထသည်၊ ဇာနြွယနိုင်ငံ။ လွှဲပြောင်းစံရှင့်။ လောကခံအဋ္ဌ။သဘာဝကြောင့်။ ဂေါတမဘုန်းခေါင်။သာသနာ ရောင်လည်း။ အမှောင်မစွန်း။ ထိန်ထိန်ထွန်းကဲ့၊ မြန်မာကျွန်းဓရဏီ။ မေဒနီထက်။ခိုမှီနေရိုး။မြန်မာလူမျိုးတို့။လန့်စိုးထိတ်လှ။ သံဝေဂဖြင့်။ ဖြစ်ကပြက်မြဲ။မလွဲစသာ။ကြုံကြလာသား၊သံသရာသဘော။တွေ့ ရသြိပဲ။ စိတ်ဇာသိမ်မွေ့၊ တထေ့ထေ့ဖြင့်။ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ ။တရားသံဝေ ယူကြစေ၊ ။

(ကမ္ဗောဇာန်းရတု-စေ့စေ့ရှု။)

{ မဟာဒဏ်ဝန်-ဦးရွှေဝ။ ဒုတိယရေး။ }
(၄င်းစကားအရ-လေးချိုး။)

မန်းမကိုဋ်မှာမှ။ နန်းသိုက်ရွှေဘုံ။ မြေဝသုံ ကပ်ဆုံးအောင်။ မှတ်ထုံး နောင်ပေါ် ထွန်းစေဖို့။ မော်ကွန်း တင်ဆက်သည်။ မင်ရွက်စာ။ ။သမတန္တနန်းဆောင်။ ရွှေဘုန်းငယ်ပြောင်။ကုန်းဘောင်ပဝရ။နေသစ္စာနိုင်ငယ်။ အာဟိန္ဒမှ။ဝံသလှစ်ဘွေ။ ဆယ်ဆင့်နေလျှင်။ မြေဇမ္ဗူပိုး။မြို့နန်းငယ်ထူ။ရိပ်ဖြူမိုးက။ရှေးရိုးစဉ်ဆက်။ထုံးမပျက်၍ နန်းဘက်ကယ်စံကွာ။ဘုန်းအာဏာနှင့်။ ရေစာမရှား။မိဿာရန်ငယ်မာန်မထား၍။ ဖြစ်ပွားသာသနာ။ ထွန်းလင်းသာဖြာတော့ပ။ ရေကြာတွေ့ပုံတူလို။များဗိုလ်လူရှင်ရဟန်းငယ်တို့။ နိဗ္ဗူ-စိတ်ယူမှန်းရှာကြတယ်။ ချမ်းမြေ့ကြည်စွာ။ ။ဆဲ့တဖြာငယ်။ နေအာဒိစစ်။ ဘရာပိုးသည့်။ ဖြူမိုးလှစ်က။ အနှစ်ပညာ။ အရှင်းကွာ၍။ စဉ်လာမင်းသုံး။ ရှေးကျင့်ထုံးကို။အလုံးပြစ်ရှဲ။ ငွေနှင့်မြူလျှင်။လူပေပဲဟု။ စိတ်စွဲမှတ်ကြုံး။ တိုင်းအလုံးကို။ဈေးနှုန်းနှင့်ထပ်။ အမွေအပ်သော်။ မကပ်တရား။ ရွှေဆောင်နွားကြောင့်။ နောက်သွားတဝိုက်။ လမ်းကောက်လိုက်သို့။ အမိုက်ဖြင်ပြွမ်း။ လူရဟန်းတို့။ မချမ်းမသာ။ ရေစာမွတ်ရှား။ခိုးသားမဒိန်း။တရားမမှန်။ ကျင့်သောက်ပြန်။ရန်မငြိမ်း၍။ကိန်းသောဋ္ဌသ။ကောသလ၏။ သောဋ္ဌသစာ။ဤရာဇာကို။ မြတ်စွာရှင်စောကမြွက်ဘော်တိ။ ။စိတ္တေထွန်ထား။ မိန့်ဟောကြားသည်။ ထင်ရှားရှိလျက်။ မည်သူတွက်ဟု။ ငဲ့ကွက်ပြစ်ဆာ။ မတင်သာခဲ့။ ဂေါဇာနှစ်တုံ။ဂဠုန်နှင့်ကျား။ ဆင်နဂါးတို့။မျှော်ပါးစဉ်ပ။ ကြာငါးရုံငယ်။ကြိုက်တုန်ခါရို့။ လကျင့်တွက်ကာ။ပုဏ္ဏာကျော်တက်။ ဆဋ္ဌရက်ဝယ်။ ထက်အကြာကြီး။ လေခရီးမှာ။ မိုးလျှံသဘွယ်။ ဥက္ကာကြယ်တို့။ သွယ်လှယ် ကူးလဟ်။ တိထိသတ်တွင်။ မြတ်ရွှေနန်းတွင်း။ရန်စစ်ချင်း၍။မင်းကိုကိုင်မြောက်။ရှစ်ရက်ရောက်က၊နောက်ဂေါယာခန်း။ ဝင်ချိန်ယွန်းဝယ်။မန်းဇမ္ဗူဘုန်း။ ကံမတူရန်သူမှုံး၍။တိုင်းလုံးပစ်ခွာ။သူခေါ်ရာပါတော့ပ။သဒ္ဒါရဖြစ်ပုံကို။ စိတ်အာရုံထင်မနေသမှာ။စောတော့ညာဏ်ရှိ။ ။

အချို့သောရှင်လူတို့က။ ငှင်းလေးချိုးကို။ ကင်းဝန်မင်းကြီး ရေးဟု ပြောဆိုကြသည်။ ။ငှင်းလေးချိုးနိုက်၊ ကြာငါးစုံဟု ရေး သားပါရှိ၍။ တန်းဆောင်မုန်းလနိုက်။ ကြာမပွင့်။ သိတင်းကျွတ် လမှာသာကြာရံပွင့်သည်။

အချိုး၊ ။(ပန်းကန့်ကော်-ရွှေစကား၊ ငွေသားနိုပ်ယမ်မှန်။ ။
မလေး-ခတ္တာနှင့်။ ရွှေရင်းမာ-ကြာ-ခဲ၊ ဘွဲ့စနှင်းလျှံ။ ။
သဇင်ကျန်-ခွာတန်-ပေါက်လဲ။ ။ပွင့်ဝတ်ကယ် ရွှေဘီမင်း။
သင်းထုံးနံ့ကဲ)။ ။ဟူ၍၊တဆဲ့နှစ်ရာသီ။ ပန်းအမည်ကို။မင်းကြီး ရေးသားရင်းရှိသည်။ ။သည်ကိုထောက်၍ ဝန့်ရှင်တော် ကင်းဝန် မင်းကြီးရေး မဟုတ်ကြောင်းသိသာသည်။

(ဤကားနောက်သားတို့မှတ်ရန်။)

{ ဆီးဘန်နီ-ဆရာတော်ဘုရားက }
ငှင်းလေးချိုးအရ-ဒုတိယရေး။

တဖန်မှတ်စေ။ ထပ်၍ဖြေပိမ့်။ သံဝေရမှု။ ဇာ်းကပြုသည်။ ရတုတိုးထိုက်၊ ကေပိုဒ်ကို။ လိုက်၍ဖြေပေ။ ညာဏ်ကဝေတို့။ ဖြစ်လေဇာ်းက။ ကောသလဏ်။ သောဠသဇာတ်။ အဋ္ဌုပ္ပတ်ဖြင့်။ သတ္တကြမ္ဘာ၊သင်္ဂါတရား၊ နွားလားရွှေဆောင်။ပမာမြှောင်လျက်။ မင်းခေါင်ကိုသာ၊ ပြစ်ရှာဘန်ဘန်၊ ဆိုပြန်ဘိတိ။ ထိထိပါးပါး။ စကားဘောက်လှဲ၊ ကိုယ်ကိုလွှဲသည်၊ မလွဲစသာ။ ဤအရာကို။ ပမာထင်ထင်။ကဗျာတင်က။ပေါက်ပင်ကိုင်းညိတ်။ဖြိုင်းနိမိတ်ဖြင့်။ ဗိုလ်ဟိတ်စပ်ကာ။ ထပ်၍ရှာမူ။ သတ္တဝါမဏ္ဍလာ။ ချင်းမူလဟု။ သိရသောနှယ်။ မလွှတ်ဘွယ်တည့်။ နွယ်မာလာညွှန့်၊ ဆင်ချေ ကွန့်လည်း မလွှန့်စသာ။အကြောင်းမှာကား၊ ငယ်စွာနုမြစ်။ကျလို မြှစ်သို့။ မြေးမြစ်အလား၊ မင်း-၂-ပါးတို့။ တိုင်းကားနှင်းထပ်။ ကိုယ်ကိုအပ်၍။ ပညာပ်စေကြောင်း၊ မှူးမတ်ပေါင်းအား၊ ဆိုး ကောင်းအရေး။ လွှဲဝေပေးလျက်။ တရွေး တရတိ၊ တဗိဇဝါ။ တမြူလွှာတည့်၊ ရသာကျေးဇူး။ ဂုဏ်အထူးကို၊ မှူးမတ်တို့မှ၊

မခံရရှင့်။သိဟ်တန်ဆောင်၊တုန်းတော်မှောင်၍၊ကုန်းဘောင်နေမင်း။
မထိန်ညီး၍။ တိုင်းကြီးပြည်ကြီး၊ အချိုးနှီးလျှင်၊ထီးသုဉ်းနန်းသုဉ်း။
မြို့သုဉ်းသုည။ ဉ်သုံးဝတွင်၊ သုည ခေတ်ဝယ်၊ ဖြစ်လာရချေ၊
တို့တတွေသည်၊ ။သေသော်မှတည့် ဩဝါဒ်ကောင်း၏။ ။

(ပညာရှိစာဆိုတော်-ဦးမောင်ကလေးရေး)

ငင်းအချေအတင်၊နှစ်ပြင်ကောက်ချက်လေးချိုး။

အံ့ဘို့သာလျှိုင်းတော့တယ်၊ မြန်တိုင်းဘူမိန်မှာ။ ဆယ်သူရိန်
ရောင်မွှန်းလို့။ လောင်ကျွန်းခါ ကြေပျက်သို့၊ ဖြေချက်ကို မှတ်
ထုံးပေပ၊ ကပ်ဆုံးတိုင်။၊ နာဂငယ် ဆဒ္ဒန်၊ ကျားမင်း နံ့ဝယ်၊
မာန်အမုန်ရစ်၊ ဘန်ဂဠုန်နှစ်မှာမှ၊ဘုံ ခေတ်ကယ်မန်းဘွေ။ နွမ်းပ
စေလို့၊ ပရမေသွာ၊ ဒေဝရာတို့၊ ပွေလာနှိပ်စက်၊ မပြုတော်ရက်
ကယ်နှင့်၊ သူ့လက်ကို မင်းပါ၊ ပြည်ရင်းသာ ခွာတော့တယ်၊
ငါးရာကျော့ဇာတ်ခွင်မှာ၊ လောင်းနတ်ရှင်သိလဝလိုသို့၊မာနတော်
စင်ကြယ်သန့်ပါဘိ၊ငြိုးအံ့မပိုင်၊ ။သည်အရာကို ပြည်ရွာအဝှမ်း၊
လူရဟန်းတို့၊ပွမ်းပွမ်းငယ်ကောဝ ။ဇောအလျှံလဲ၊ဘန်တလဲလဲ၊
ဒေါသကဲလို့၊ စွပ်ဆွဲပြောကြ၊ကောသလ၏၊ သောဠသဟန်၊ကျင့်
ဘောက်ပြန်ဆို။မှန်သလိုသာ၊ကေစိဝါလည်း၊ လိမ္မာညာဏ်ထုတ်၊
သေနာဂုတ်တို့၊မဟုတ်သောထွေ၊ဖြစ်ရလေရော့လို့၊ ဆင်ခြေငယ်
ပြိုင်၊ ရှုံးနိုင်ဘယ်သို့မှ ရှိနိုင်တော့၊ ။နှစ်ထွေငယ်စကား၊ရေဝယ်
သားသို့၊မခြားကေန်၊သင့်သည်ပင်မှန်ကတဲ၊ပစ္စုပ္ပန်နည်း၊နိသျည်း
ပေမို့၊ သော်လည်းတကျော၊ စက်သံသာဝယ်၊ မျက်နှာရှေ့ရှိ။
စေ့သသူတို့၊မြူအနုတိုင်၊ ဘယ်တည်ကြည်နိုင်ပမယ်၊မခိုင်ချင်းရာ၊
မငြင်းသာဘု၊ ဖြဟ္မာဠွန်းစောက်၊ လူ့ကျွန်းသို့ ရောက်တော့သပ၊
တောက်မစဲသံ၊ဒေါသငယ်ခြိ၊ ကံအရင်းပေ၊ညာဏ်တင်းခါ ဖြေရ
မည်၊ မြန်နှဲ့ဖြေလုံး လူဗိုလ်မှာ၊ တရားကိုထင်၊ အလင်းငယ်နှင့်၊
ရှင်းတော့နော်နော့။ ။

စစ်ကိုင်းမြို့ ညောင်ပင်သာရွာ ဆရာကြီး ဦးပုညရေး-ကောပိဒ်လင်္ကာ။

ကုန်းဘောင်အာဟိန်။ ဘုန်းရောင်ရှိန်သား။ဆယ်ကြိမ်ပွင့်လင်း နေနွယ်မင်းလျှင်။ အင်ကြွင်းကြာအုံ။ (၁၂၂၁) ဂေါဇာ ဘုံနိက်။ သိုက်စုံခေတ်ဘွင့်၊ ဗျာဒိတ်ဆင့်၍။ မန်းမြင့်ရွှေပြည်။ ဘန်ဆင်းတည်ရှင့်။ ရွှေရည်သိင်္ဂါ၊ ဝတိန်သာသို့၊ နိမ္မာတမျှ၊ သာယာလှသည်။ ဇုဒ္ဓစက်ရောင်။ မြူမမှောင်ငဲ၊ ပြောင်ပြောင် ဝင်းတောက်၊ နှစ်ဆဲ့ခြောက်လျှင်။ မြိုးမောက်ဝင်းစည်၊ ထွန်းလျှံ တည်၏။ ရွှေပြည်ခေမာ၊ မဟုတ်ပါ၍။ သည်းချာနေပွင့်၊ ဆဲ့တ ဆင့်တွင်။ မြင့်စည်းစိမ်တော်။ ခုနစ်ကျော်၍။ ဗွန်းပေါ်ရှစ်နှစ်၊ သက္ကရာဇ်မူ။ ဘောင်ဇော်ရာဇ္ဇိုး။ ဆယ်လေး–ခုသတ်၊ ကျဋ္ဌိ ကာလ၊ ကျော်ဆဌတည့်၊ သောကြာနေ့ပူး။ ရောင်စုံမြူးလျက်။ ထွေသူးတိတ်လို၊ ကောင်းကင်မြို့၍၊ ငိုဘိသောနွယ်၊ မိုးစင်းက ကြယ်တို့။ သွတ်လှယ်ရှက်ကူး။ ဥက္ကာမြူး၍။ ဆန်းသူးအတိတ်၊ နတ်နိမိတ်ဖြင့်။ အနိဋ္ဌတွေ့၊ သတ္တနေ့တွင်၊ နေ့ရွေ့မြို့တွင်း၊ ရန်သူချင်း၍၊ အတင်းဝင်ကြ၊ ရက်အဌဝယ်၊ မြန်မာ့ဥက္ကာ၍။သမု နတ်ကို၊ ဝန်းပတ်ရန်သူ၊ ကံမကူ၍၊ ဆောင်ယူသွားခုး၊ ရွှေ စကြာဖြင့်။ မြန်းရှာရလေ၊ စောနတ်ဆွေလျှင်၊ ခြွေရွှေဗိုလ်ပါ၊ ဗွန်ပစ်ခွာလျက်၊ မဟာဒေဝိ၊ မဟေသီနှင့်၊ တူညီမွေးဘွား၊ မင်းသုံးပါး၏၊ မယ်ဖုရားမြတ်၊ ညာနန်းနတ်က။ နဝရတ်စိန်ခဲ။ ရှုမရဲသား။ ပုလဲပုံမှိုး။ ရှုမညီးသည်။ ဘွိုးတော်ချစ်၊ မြမျက်ရစ်သို့၊ ရင်နှစ်နှစ်ပါး။ တိုင်းတပါးမှာ၊ နတ်သား စန္ဒရာ၏။ ရောင်ဝါ ညစ်သို့၊ မသစ်ညှိုးနွမ်း၊ ရာဟုဖမ်းသို့၊ မလမ်းရှာလေ၊ ဤဖြစ် ထွေကို။ မြန်နှုံးပြေ လူ့ပေါင်း။ လက်ဆယ် ချောင်းဖြင့်၊ ဦးခေါင်း တင်ခါ။ သမုဒ္ဒာကို။ ကြုံရှာရသည်၊ လွှမ်းမိုးစည်၍။ မျက်ရည် သွယ်စီး။ ဗျာပါဒီးဖြင့်၊ ငြိုးငြိုးပူလောင်။ ပမာဆောင်မူ။ ညာဏ် ရောင်ညွှန့်လူ၊ မတ်ဝိဒူကို၊ ဆောင်ယူပုဏ္ဏက။ ထိုကာလနိုက်။

တိုင်းမရှာဇာ၊ သောက ဖြစ်သို့။ ဓိစစ် တွေလာ၊ တရေးရှာမူ။ မြတ်စွာရှင်စော၊ မိန့်ကဲ့ဟောသည်။ (အတ္တနောကမ္မမေဝ အာဂတာ။ ။အတ္တနော-ကမ္မမေဝ-အာဂမိဿတိ) မိမိကံသာ၊ ဘန်ဆင်းရာသည်၊ ပဌာနရင်း။ မှန်စင်းစင်းတည့်၊ မင်းတို့ဇလ၊ ခြွေရံစသား၊ မူးက မတ်ပေါင်း။ လက်နက် ကောင်းလည်း။ ကံစောင်း သောခါ၊ ကောင်းရာ မရောက်။ ကြမ္မာ မှောက်က။ မတောက်ဉာဏ်ရှိန်။ ဝင်းမထိန်ခဲ့။ မှိန်တော့သည်သာ၊ မြန်မာပြည်သား။ မှူးမတ် များလည်း။ အခြား ပြည်နှင့်။ အရည် မမှ ကဲသာစွတည့်။ ဗုဒ္ဓဟောမှတ်။ ပိဋကတ်ဝယ်၊ ဓာတ်ဒေသနာ၊ အဖြာဖြာဖြင့်။ ဂါထာရတ္တနိယာ၊ အဝဝလျှင်။ သုတပွါးတိုး။အမျိုးမျိုးတည့်။ ဈေးရိုးဥပဒေ၊ ထွေထွေလီလီ၊ ဒဏ္ဍီပုံပြင်၊ သိမြင်ပိုင်းခြား။ မှားပုံမှန်ပုံ၊ အရေးပုံနှင့်။ တွေးပုံ သွယ်သွယ်။ နည်းကြွယ်သိမြင်။ ဉာဏ်အင်ပြည့်ဝ။ တတ်သိကလည်း။ ရာဇရဋ္ဌ၊ နှစ်ဝကံမှိန်။ကိန်းနှင့်ကြုံလျက်။ ကံတိမ်မှေးလှ၊ မနှဲဟလည်း၊ကံစထွန်း ပေါ်။ အနေ်ရထာ၊ သိမ်းယူ ရာသို့။ ဗိုလ်ပါ လက်ရုံး။ နှလုံးရည်သွား။ ရှိဝံ့ညားလျက်။ အင်အားမတူ။ ရန်သူလွှမ်းမိုး။ ကြမ္မာညှိုး၍၊ ကံဆိုးမဲ့ရှာ။ လိုက်ရပါ၏။ ပမာနှိုင်းယူ၊ ခုတမူလည်း။မည်သူကိုမှ။ ဖြစ်မချသင့်၊ ငါးဝကမ္ဘာ။ ကင်မျှားစွာတွင်။ ဘယ်ရွာ ဘယ်ပြည်။ ဘယ်သည် ဘယ်တိုင်း။ စံနှိုင်း ဘွေနည်။ ဖြစ်ပျက်သည်ကို။ ကြံစီမရ၊ ပျက်ကုန်ကြ၏။ ၊ မြန်မာ့ပြည်သာ၊ မဟူပါတည့်။ သင်္ခါရမင်း၊ သူ့လက် တွင်းက၊ မကင်းသမျှ။ အနိစ္စဟု။ မချမှတ်ပါ။ ဘွင့်ပြမှာသည်။ ။နောင်လာသိတ္တိနိဒါန်းတည်း။ ။(နောင်လာမှတ်တွ ဥဒါန်းတည်း)။ ။

ဆီးဘန်နီဆရာတော်ဘုရားကြီး၏ငယ်တပည့်ရင်း။
ပညာ့ရှိအုပ်။ ဝက်မစွတ်မြို့စား ဝန်ထောက်မင်း၏-တဝမ်းကွဲညီ။
သံတော်ဆင့်၊ဝေါစာရေး။နေမျိုးမင်းထင်ရာဇာဘွဲ့။ငယ်မည်-
မောင်ဘိုးမင်း၏-ညီရင်း။ စာပြင်ဆရာ—အယ်ဒီတာ။ ဆရာအို
စီကုံးရေးသားသော။ အရှင် နှစ်ပါးအကြောင်း။
မင်္ဂလာ-မော်ကွန်း။

နှစ်ပါးရှင်။ ကုလားခွင်စံသည့်နှစ်တွင်မှ။ ဉာဏ်သစ်ချယ်သ။
ပေါ်ညွှန်းမှာ။မော်ကွန်းစာ-ဧကပိုဒ်ကို။ နားဗိုက်ပါဘုရား။
မော်ကွန်းမင်္ဂလာ။ ပေါ်ထွန်းဖြာပိမ့်။ ရတနာပုံ။ဓေယျုံရန်နှိမ်။
နန်းရွှေအိမ်ကို။ အကြိမ်နှစ်ဆင့်။မြို့ဝင်းဖွင့်သား။ ရာမင့်းထွန့်ဖျား။
တို့ဘုရားနှင့်။ ရွှေမျှားတမ္ဗတ်။ ရှစ်သောင်းနတ်၏။ ဘွားမြတ်မူလ။
စန်းလသ္ဌထက်။ ဂေါဇဂြိဟာ။ သီဟဇာနှင့်။စရိယာဗျူဌ။ စသည်
နိယတုံ။တန့်နားလှုံ၍။ဆွေစုံအရှင်။ ဇာတာပြင်ကို။အစင်ဘန်ဝေ။
ဆေးကြောစေဟု။ဗျာရွေတော်ချက်။ ဦးထိပ်ရွက်ပြီး။နက်နဲကုံစင်။
ခဲခက်ထွင်၍။ သိမြင်ကုန်င။ ဗေဒင်္ဂကို၊နေလရောင်ချည်။ ဝင်းဝင်း
ကြည်သို့။ ဉာဏ်ရည်နဏ္ဍိ။ပရော်ဟိနှင့်။ နိုင်းညှိညီညွတ်။မှူးမတ်
တဘော်။ တွက်ရှုမြော်က။ ရွှေကိုယ်တော်မြတ်။ နှစ်ပါးနတ်လျှင်။
နဝရတ်ရွှေဘုံ။ ကွာကိန်းကြို၏။ ငါးပုံသိုက်ကြွေ့။ သာချမ်းမြေ့
သည့်။ မန္တလေးစက်။ အောင်မြေချက်က။ ရွှေစက်ဖြန့်တန်။
ဒေသန္တရီ။ယာယီမြန်းရွှေ။ခေတ်နန်းမွေ့သင့်။ကျမ်းတွေ့တွက်ဘိ။
ကိန်းနှင့်ညီဟု။ဦးရှိသံတော်။တင်လျှောက်သော်ကြောင့်။သက်တော်
နှစ်ဆယ်။ ခုနစ်ကယ်တွင်။ နန်းလယ်ရိပ်ငြိမ်။ စည်းစိမ်တော်ရှစ်။
နှစ်သို့မှန်စွာ။ ချောက်သောခါကား။ ယာမာတရှိ၊ နရတိမှန်လစ်။
မဒ္ဒရစ်ဟု။ ကွန်းသစ်ခေါ်မှန်း။ ထိုတိုင်းခန်းသို့၊ မြန်းတော်မူလစ်။
သက္ကရာဇ်တုံ။ ဧက်နှင့်ကျန္တာ။ ဗျတ္တာသဝရ။ တန်းဆောင် လ၏
ပုဏ္ဏကျော်တက်၊ ရှစ်ရက်မှတ်ကျုံး။ နေ့သုံးချက်ဆော်။ ဂေါရာ
မြော်က။ နေ့ခေါ်တိတျ။ ခါသမျှတွင်။ ဥါဒရာ့စက်။ ငြိုဟ်နေချက်မှု။

လက်မြတ်မိသော။ရေနှုတ်ဆွေလျှင်း။မေထုန်ထွန်းပ၊သိတ်ကရာဟု၊ ဇာနုသီဟာ။ကန်ဇီဝါနှင့်၊မြိဿာဝေနတာ။ ကုဋ္ဌယတည့်၊သောကြာဓနု၊ ရှုလေ့ာစဉ်ဝယ်။ ဆယ်လုံးတပါဒ်။ လေးမှတ်ဗိဇနာ။ပွားလာရက်ချိန်။မွေ့မွေ့သိန်သည်။သုဗ္ဗိန့်မှာကား၊နဝါဗါးဝိ၊ထုံခါညီဝယ်။ လောကီလူ့ဖျား မြတ်နှစ်ပါးလျှင်။ကုလားသောင်းထောင်။ နောက်တော်ဆောင်လျက်။ပေါက်ပြောင်အသ၊ရထားစသား။ယောကျာ်းဇာနည်။နတ်စစ်သည်သို့။လေးမည်စတုရင်။ဗိုလ်သေနင်နှင့်။ဝန်းကျင်ဝဲယာ၊ ပတ်ခြီကာသား။ အသူရာရန်၊ဒေဝမာန်ကို၊ မဟာဏ်မြစ်မ။ တိုက်လှည်းချသို့။ နရဘုရင်။ ထွက်စံရွှင်သည်။ မြင်သူနှုန်းညွှတ်။ သည်းတွင်းဆွတ်မျှ။ ရထွတ်ရတနာ။ မြတ်သည်းချာနှင့်၊ ယဉ်ဖြောကြော။စက်သံနှော်လျက်။ ဥဩဗြိမ့်ကြောင်း။ သင်းဘောပေါင်းဖြင့်။ သောင်းသောင်းဝန်းဆူ၊ စုန့်တော်မူသော်။ နတ်လူမြပင့်ာ။ကောင်းညီညာလျက်။သီတာယဉ်ဘောင်။တောတောင်အထု။မေရုစက္ကဝါ သွက်သွက်ခါမျှ။ လက်ယာပြိမ့်အုန်း။ ပဲ့တင်ချုန်းသည်၊ ဇွေ့ဘုန်းတေဇဂုဏ်-နေရုဏ်ထောင်ပွင့်။စံနိုင်းတည်း၊ ။

၁၂၄၇-ခု။ တန်းဆောင်မုန်းလပြည့်ကျော်(၈)ရက်။ တနင်္ဂနွေနေ့။ နေ့(၃)ချက်တီးကျော်အချိန်တွင်။မဒ္ဒရစ်မြို့သို့။စုန့်တော်မူသော။

ဗွိဒရာသီအခါတော်ကြိုပ်နေပုံ။



စဉ်နက္ခတ်	၁၀
ပါဒ်	၁
ဗိဇနာ	၄
သုဗ္ဗိန်	၂၂၆

ဘုရားသိုက်ထွက်ဗျာဒိပ်စက်။

သံခမောက်ဆောင်း လူစွမ်းကောင်း ၄-ယောက်ပေါ်မည်။

လောကသုံးပါး၌၊ လူနတ်ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့ကို၊ ယဉ်ကျေးအောင်-ဆုံးမတော်မူနိုင်သော ဂေါတမ-မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်၊ သံဃာတော်မြတ်တို့၏၊ အဓိကရဏာ အတွက်၊ စိပင်သာယာလှစွာသော၊ ပုလလဲတော၌၊ ဝါဆိုတော် မူသောအခါ၊ ။

ပုလလဲဆင်မင်းကြီးသည်၊ ကြာပန်းဖြင့်-ပူဇော်လေ၏၊ ။

သောမ-မည်သော ကြွက်မင်းသည်၊ မြေစာပန်းဖြင့်-ပူဇော် လေ၏၊ ။

ကေသရ-မည်သော ကျေးသားသည်၊ ဇမ္ဗုရမည်သောသရက် သီးဖြင့် ပူဇော်လေ၏၊ ။

မဟိန္ဒ-မည်သောကျီးမင်းသည် စကားပန်းဖြင့်-ပူဇော်လေ၏၊

မှတ်ချက်။ ။ထိုဘုရားသိုက်သမိုင်း၊ဗျာဒိပ်တော်ကို-ပေါ်ပြ ရခြင်းမှာ၊ နောင်လာ နောက်သား၊ တက်ခေတ် အမျိုးသားများ အတွက်၊ သိအပ်သိသင့်သိထိုက်လှသော အချိန်ကျရောက်ပါ၍၊ သုတ ဝေ ဆောင်နိုင်ကြပါစေသတည်း။

ထိုအချင်းအရာကို၊တရားဘဏ္ဍာတော်စိုးဖြစ်သော၊ ညီတော် အာနန္ဒာ မြင်လေသော်၊ ထို(၄)ဦးသား အတွက်၊ လျှောက်ထား ချက်သည်၊ နောင်အနာဂါတ်မှ ဖြစ်လတ္တံ့သော၊ သိုက် ဗျာဒိပ် စကားဖြင့်၊ မိန့်ကြားတော်မူပါဘုရားဟု၊ နားတော်လျှောက်ထား ရာတွင်၊ ချစ်သား-အာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန် စံတော်မူသည့် နောက်၊ သာသနာတော်၊ (၂၀၀၀)ကျော်လျှင်၊ ပုလလဲဆင်မင်း သည်၊သုနာပရန္တ-တိုင်းကြီး၌၊ သာသနာတော်ကို ကြည်ညိုသော ဗြဟ္မာ့ဝံသ၊ သကျ သာကီယ အနွယ် ဘက်နိုက်၊ မုဆိုးဆက် ဖြစ်လိမ့်မည်၊

သောမ-မည်သော ကြွက်မင်းသည်၊ ဇာန္ဒြိယ တိုင်းကြီးနှိက်၊ ကောက်ကျစ် စဉ်းလဲသော ညာဏ်ပညာဖြင့်။ ထီးဆောင်း မင်းပေါင်းတို့၏၊ နိုင်ငံဟူသမျှကို။ တိုက်ခိုက် လုယူမည့် လူမျိုး ဖြစ်လိမ့်မည်။

ကေသရ-မည်သော ကျေးသားမှာ။ ပင်လယ် ရေငံသောက်ကျွန်းတွင်။ ယန္တရားလှံစက် အမျိုးမျိုးနှိက်။ တတ်ကျွမ်းလိမ်မာသော။ရုရှားလူမျိုးဖြစ်လိမ့်မည်။

မဟိန္ဒ-ကျီးမင်းသည်။ဗြဟ္မာမုဆိုးဆက်နှိက်။တန်းခိုးသတင်းထင်လျှားကျော်စောစောသော။{စကြာမင်း}တွင်လိမ့်မည်။

ထိုအခါ၊ အင်းကိုဟသ်ာဖျက်လိမ့်မည်။ဟသ်ာကို မုဆိုးလေးနှင့် ခွင်းလိမ့်မည်။ မုဆိုးကို ထီးရိုးရိုက်လိမ့်မည်။ထီးရိုးကို ဝိုးစင်းကြီးပြစ်လိမ့်မည်။

ထိုရတနာပူရအင်းဝပြည်တွင်၊ ပူးမင်းကိုပင်လယ်ကျွန်းသားအမောက်ကြွားသော။ နဂါးသတ္တဝါ။ သူယုတ်မာသည်။ရောဝတီမြစ်သို့ဆန်တက်၍။ကြွက်မျိုးများကို။ပေါက်လိမ့်မည်။

သာသနာတော် ၂၃၆၉-ခုရှိသောအခါ။နဂါးကျင့်တန်။ကြွက်နိုင်ငံသို့။ ထက်သံနိမိတ်။ မှတ်လိမ့်မည်၊ မိစ္ဆာကျင့်ဆိုး၊ ကုလားမျိုးသည်၊ ပုထိုးရှင်ပွား။ စေတီများကို။ တံတားလုပ်၍ရှောက်လိမ့်မည်၊ ငွေစစ်ကိုပင်၊ ကြေးနီဝင်။ ငွေစင်လုပ်၍ သုံးလိမ့်မည်။ ကိုယ်နှင့်မစပ်။ဥကွောင်းဖြတ်။ ငွေမှတ်ရုပ်ပုံ—တုံးလိမ့်မည်၊ဗြဟ္မာတိုင်းခွင်။သူ့ရှင်သွင်။ခေါင်းတွင်-ကိုယ်ဆန့်လုပ်လိမ့်မည်၊ဆိုင်းတုအလား။ငါ့ကိုယ်စား၊လူများအရုပ်လုပ်၍ဆွဲလိမ့်မည်၊

မြို့ရွာ လယ်ကြား၊ ငါ့တရား၊ လူများတေးလုပ်ဆိုလိမ့်မည်၊ မုဆိုးအထူး၊ အစဦးမှာ၊ ပူးမင်းရွာစား-ဖြစ်လိမ့်မည်။မီးတောက်လက်ရုံး၊ ပူးမင်းထုံး၊ တိုင်းလုံးနိုင်ငံချဲ့လိမ့်မည်၊ ပူးမင်းလောင်းဖြတ်၊ ထိုမင်းနတ်သည်၊ အဝေးရုပ်မှာ-ဆုံးလိမ့်မည်၊ ပူးမင်းသား

မှန်။ခြင်္သေ့ပျံ။ ဆက်ခံထီးနန်းစံလိမ့်မည်။ ခြင်္သေ့ညီတော်။ ဂဠုန်ကျော်။ နန်းတော်ထီးရိုင်ယှိုလိမ့်မည်။ ဂဠုန်ညဉ်းစဉ်။ ကျားမင်းမြတ်။ပြာသာဒ်ရွှေဘုံစိုးလိမ့်မည်။ ကျားမင်းသွေးနိုး။ကြွက်မင်းကြီး၊ ထီးနန်းခနစံလိမ့်မည်။ ပူးမင်းကြီးသား။ ရှေးဦးဘွား။ သားမြတ်ခြင်္သေ့ဖြစ်လိမ့်မည်။ သားခြင်္သေ့ ကျော်၊ ထိုမင်းသော်၊ဆွေတော်ချင်းချင်း နိုင်လိမ့်မည်။ ပူးမင်းမှာကျား။ ဆင်ဖြူလား။ နန်းလျှားအတင်းလုလိမ့်မည်။ ဆင်ဖြူသားဟောင်း။ ပူးမင်းလောင်း။ နန်းဟောင်းရိုက်ရာစံလိမ့်မည်။ခြင်္သေ့သားငယ်။နဂါးကျုယ်။ နန်းနွယ်ထီးရိုးဆက်ခံမည်။ နဂါးစံရာ၊ ကျွန်းရင်းသား။ မိစ္ဆာလူမျိုးဖျက်လိမ့်မည်။ လူမျိုးမိစ္ဆာ။ ဖျက်သောခါ။ သာသနာ ရောင်ဝါညှိုးလိမ့်မည်။ခန့်စိုးခါ။လူမိစ္ဆာ။ ဆိုင်ရာကြွက်ကျား ကိုက်လိမ့်မည်။ နဂါးကြွက်ဂဠုန်။ခြင်္သေ့ရုံ။ တိုင်းဘုံထီးနန်း။ သွေးဝန်းချောင်းစီး။ တိုင်းပြည်ကြီး။မီးသို့ကြိုက်ကြိုက်ပူလိမ့်မည်။

ခြင်္သေ့မင်းသား။ ကိုယ်စားထား၊ တပါးပြည်သို့ ထွက်လိမ့်မည်။ ၂၇-၇၀-ထွက်မည့်ရှယ်။(လ)ဝယ်ကြယ်နဖင်း၊ ကြယ်ကခွင်းသည်။ မင်းပြောင်းမင်းလွဲကြုံလိမ့်မည်၊ တိမ်တန်ခွန်တန်း။ ဥဘာသန်း။ ထက်နန်းဝေဟင်၊ တိတ်ကြီးထင်။ ငလျင်များစွာ-လှုပ်လိမ့်မည်၊ သူပုန်ရန်သူ။ ယူမယူကြ။ ရေလားမလား။ဒိုလ်လူများစကားနှစ်ခွပြောလိမ့်မည်။ ဖိုးဦးတောင်တက်။ လူစုံတက်။ အိမ်မက်မင်းလောင်း-ပေါ်လိမ့်မည်။ မြမန်းတောင်တက်။ (၁၈)ရက်။ သက်သာပန်းဖြေနားလိမ့်မည်။

သောသတ္တာ-အဋ္ဌနဝ-သချိုာစွန်း ခါသမယတွင်။မိစ္ဆာလွှမ်းမိုးစက်ရောင်ညှိုး၍။ မုဆိုးပွဲကြီး။ သိမ်းခါနီးဝယ်၊ ဘုန်းမီးတေဇ။ ထီးနန်းရမှ။ ဓမ္မရာဇာ။ ဘွဲ့သညာနှင့်။ စကြာမင်းမြတ်။ ပေါ်လိမ့်မည်။ဘုန်းကံကြီးမား၊ လောင်းမင်းများ။နဂါးဝိုင်း၍။ နန်းတင်လိမ့်မည်၊ ၄-ဆူဓာတ်ပုံ။ရွှေတိဂုံ၊၃-ပုံမင်းမျိုးစုလိမ့်မည်၊မင်းမျိုးစုလေ။

လူဗိုလ်ခြေ။ သေကြေပျက်စီးများလိမ့်မည်။ ဝတိံစံပျော်။ နတ်မင်းကျော်က။ သူတော်ရောင်ဟန်၊ ဖန်ဆင်းကြံ၍။ဆင်ပျံ ၃-စီး။မြင်းပျံကြီး။ အပြီးမနေဆက်လိမ့်မည်။တစီးစာတင်၊တစီးဆင်မှာ။ဘုရင်တက်စီး။ ဆင် တစီးမှာ၊ မိဖုယား ခေါင်ကြီးများ စီးလိမ့်မည်။ အသံကြီးစွာ၊ ပညာထိုးထွင်း။တောင့်တင်းခွန်အား၊ ပြဒါးသေသူ လူစွမ်းကောင်း(၄)ယောက်။ သံခမောက်ဆောင်း။ထိုမင်းလောင်းက။ နောက်ပါအတူပါလိမ့်မည်။ တိုင်းသူပြည်သား၊ လူအများ။ သုံးစားရွှေငွေပေါလိမ့်မည်။

ဒသသက္ကရာဇ်၊ဆန်းသည့်နှစ်တွင်။ ရှင်ချစ်လူ့ဘ။(ဗုဒ္ဓရာဇာ) မင်းလောင်းလျာသည်၊ သက်သာပန်းတောင်း၊ မန်းစက်ချောင်းမှ။ မင်းလောင်းထီးနန်း စိုက်လိမ့်မည်။ ရှင်စောမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေလသို့ ထွန်းလိမ့်မည်။ လူမိုက်ပျောက်ခါ။ လူလိမ်မာ။ ထိုခါအလွန်ပေါလိမ့်မည်၊ ချမ်းသောယာ၊ တိုင်းပြည်ရွာ။ရတနာ ရွှေမိုးရွာလိမ့်မည်၊ တရာ့တပါး။လူမျိုးများ။ဘုရားလောင်းမင်း ပိုင်လိမ့်မည်။သမိုင်းစာကျမ်း။ သိုက်ကိန်းခမ်းအလို။ထိုထိုဥသျှံ၊ တိုင်းပြည်တုံမှာ။ တရုံတခု။ သစ်ရန်မှုကို၊ ဗိုလ်ထုအများတွေ့လိမ့်မည်၊

ဘုရား သိုက်ကျမ်း။ ဗျာဒိပ်ပန်း။ တခန်းသည်တွင်- ပြီး ပါ ပြီ။

ရှင်လူထွက်စ ၁၂—နှစ်သား လောက်ကပင်။ ပရပိုက်မှုမှ။ ကူးယူရရှိခဲ့သည့် အတိုင်း။ ပေးပို့ခြင်း ဖြစ်ပါ၍။ ပိုခြင်း-လိုခြင်း တွေ့ရှိပါက။ လူကြီးမိ-ဘ များကတဆင့်။ ငယ်ရွယ် သူများသို့။ မှန်ရာညွှန်ကြားတော်မူကြရန်။တောင်းပန်ပါသည်။

မဟာ ကောသလ မင်းကြီး၏ အိမ်မက်၊ ဆဲ့ခြောက်ချက်
နှင့် ယှဉ်းကွက် မသွေ။ ဗြာနေပူရ။ ပြည်မ သနင်း။ ခြသေ့ မင်း။
ခြင်းသား နဂါးဆင်းမည်။ ဂဠုန်မြစ်ကား။ ကျက်တွင်ဖြစ်လတ္တံ့။
ဖြစ်လတ်သောခါ။ ပြည်ရွာသနင်း။ စောင့်ခြင်းနတ်များ။ မြင့်မိုရ်
ခါးသို့ သွားလတ္တံ့။ မိစ္ဆာ နတ်များ။ လူတလွှား ကို။ ပိုင်စား
နှိပ်စက်များလတ္တံ့။ ယာဂိဒိုဋ်စ၊ ခြသေ့ က။ ခြသေ့ သင်ခန်း။
ယာဂိနှန်းကို။ မိုဃ်းကြီးသန်း၍ မှန်လတ္တံ့။ မုနိအစစ်။ ငါရှင်
ချစ်၏။ ဖြစ်သည့် ဝွယ်တော် ပေါ်လတ္တံ့။ ပြည်သူ ပြည်သား။
အများပူဇော် မျှော်လတ္တံ့။ ။မုန့်သည်မသား။ စကား မမှန်။
ခြသေ့ ကျွန်။ တံခွန်ထိပ်ထက် စိုက်လတ္တံ့။ ခြသေ့ အမှန်။ သေ
ဟာန်မတတ်။ မုသားကပ်။ ခြသေ့ မင်းသား။ ရေနဂါး။ လူသား
စားကြူး။ ဗန်း ဘိလူးသို့။ မူးတူး မင်တင်။ အရှင် လတ်လတ်။
သတ်လတ္တံ့။ မကောင်း အချိုး-ပျိုးလတ္တံ့။ တံခိုး ဒှန်ဝါ ဆိတ်
လတ္တံ့။ ။နဂါးရန်စ။ မောဝက။ မောဝဦးရဲ။ ရင်ကိုခွဲ၍။ခွဲသည်
ရန်စ။ ပဥ္စမ။ ချစ်သည့်ကညာ။ ထိုအခါ၊ မှန်ဝွာစင်စစ် ခောက်
လတ္တံ့။ သဘော်လည်းစိး။ ကုလားထီး။ ပြည်ကြီးအမှန်မူလတ္တံ့။
နဂါးဆတ်ဆတ်၊ သေလတ်သောခါ။ လိပ်ကြီးနာ။ နဂါးသင်ခန်း။
ယာဂိ နန်းကို။ မိုဃ်းကြီး သန်း၍ မှန်လတ္တံ့။ နဂါးလည်း သေ။
ရေလည်းဝေ။မြေကြီးလည်းလှုပ်။ အဟုတ်ရန်စစ်ဖြစ်လတ္တံ့။ ။
နဂါး သားရင်း။ ဂဠုန် မင်း။ ပေါ်ခြင်းအစ။ တော်သလင်းလ။
ဂဠုန်ကားသုပ်။ နဂါးငုပ်သည်။ အဟုတ်ချမ်းငြိမ်း။ သာလတ္တံ့။
ဂဠုန်အညာ။ မရောက်လာသည်။ ရောက်လာဘိဟု ဆိုလတ္တံ့။
ဂဠုန်အတောင်။ ဖေါင်ဖေါင် လည်းကြီး၊ အရိုးအသား။ ထွား
ထွား ညက်ညက်၊ ပျက်သည် ရှမ်းမျိုး။ မှဘ်ရိုး အမှန်၊ ဂဠုန်
ကျွန်။ တံခွန်ထိပ်ထက် စိုက်လတ္တံ့။ ဂဠုန်ချွန်နှန်း။ မိုးကြီးသန်း။
လောင်းနန်းရွှေတောင်။ အောင်လတ္တံ့။ ဂဠုန်သတင်းသုံး၊ နှလုံး
လည်းလှာ။ မိန်းမကိုသာ။ ပြည်ရွာ လည်းပေး။ ရန်ဘေး လည်း
များ။ ဂဠုန်အား။ ကြီးပွားထိုခါ ဖြစ်လတ္တံ့။ ။မရဏာသန်။

ဓောငါးတန်။ ပြန်လတ်သောခါ။ လိုင်ပေါက်နာ။ မိန်းမလည်းများ။ ဝန်အိမ်လည်းထား။ ပြည်သူ့အား။ ထွားထွားညက်ညက် ပျက်လတ္တံ့။ နဂါးကြစ်မှု။ ဖြစ်သည့်ရန်က။ အဥမသေ။ မွေလတ္တံ့။ သို့၍ လည်းထား။ ရန်လာ များ၍။ ပြည်သား ပြည်သူ ပူလတ္တံ့။ ဇရပ် တံဆောင်း။ ကျောင်းနှင့်တံတား များလတ္တံ့။ များလတ်သောခါ။ ထိုပြည်ရွာသည်။ ဗျာပါဒိုးသို့ သူလတ္တံ့။ ဆယ်ပါးဒသသီ။ အညီဖြောင့်စွာ။ သာသနာ လည်းပျက်။ ထားလက်နက်နှင့်။ လူထွက်ရဟန်း ပေါလတ္တံ့။ ။ကော်ကားအစ။ သုညအလယ်။ ၉—ဝယ်ပေါ်စ။ သီဟမင်းဖြစ်။ နဂါးစစ်မြေး။ ကွေးလေးနှုမြစ်။ သစ်သစ်လွန်လှ။ ကျွက်ငယ်စံစ။ အင်းဝက။ ကျွက်ငယ်တချက်။ နှလုံးပျက်၍။ သွတ်တက် ဝန်ကြီး။ အခွန် သီးကို သွတ်လတ္တံ့။ ဓာတုတည်ထား။ ငါ့ဘုရားကိုဖျက်လတ္တံ့။ ကျွက်ငယ်တပါး။ မတ်စော်ကားလည်း များလတ္တံ့။ ထုံးတမ်းစင်ရှည်။ မည်မှန်းမသိ။ ရှင်ဒိဋ္ဌိလည်း များလတ္တံ့။ ကျွက်ငယ်ပြုရ။ မတ်ဓနုလည်း။ နှစ်ခုမယား ထားလတ္တံ့။ ဓနုလင်မယား။ ပြည်သူ့များကို။ ထွားထွား ညက်ညက် ဖျက်လတ္တံ့။ ဖျက်၍အပြီး။ ရွှေနန်းထီးကို လုလတ္တံ့။ ဓနုစကား။ တိုင်ပင်မှား၍။ ခေါင်ဖျားမတ်ရိုး။ ရေအမျိုး ကြောင့်။ နှောင့်နှောင့် ရှက်ရှက်။ ထားသံလျက်နှင့် သေလတ္တံ့။ ။ခဲ့ သဇင်။ ဂမုန်း အင်။ ငှက်တွင်ကေသရ။ အဝ အခေါင်။ တနေ့ဝင်ကို အောင်လတ္တံ့။ ကျွက်လငယ်လျှင်။ အကယ် မရှိ။ လောင်းမြတ် ဆယ်တွင်။ တွက်ကျုံး ဝင်သည်။ ဆင်လျှင် ဇလ။ နရိန္ဒ။ မင်း အာဟိန္ဒ။ မြဟ္မာအရိုး။ ကျမ်းရိုးနှင့်မိ။ ဟကာသိသည်။ ဖြစ်လတ္တံ့။ ။ကျွက်ငယ် အလောင်း။ သူတော် ကောင်းနှင့်။ ပေါင်းဘက်လေ။ အယုဘ်အလဘ်။ အမြတ်သုံးပါး။ ငါ့တရားကို။ ထင်ရှားဟောစေ။ ဟောလတ် သောခါ။ နတ်ကောင်းလာ၍ ထားလတ္တံ့။ ဝပြောသာယာ။ လောင်းဒေဝါ။ ၁၀၀-အကြွင်း။ ၁၀-ကကို။ ၅-နှစ်တွင်း အာဟိန္ဒကျီး။ တရားစည်ကြီး တီးလတ္တံ့။ တီးလတ် သောခါ။

ထိုပြည်ရွာ သာလတ္တံ့။ ကျီးကို ဝစွာကျွေး။ အသက် ဒါနပေး။
လုံးငွေး တိုင်ပင်။ သင်္ကြိုဟ် ကိုထင်။ ။ကြေညာ အောက်
ထက်။ မွေစက်ကိုဟောပါစေ။ မဟောနေမှု။ ခုတမူလျက်။ထား
သံလျက်နှင့် ထွက်လတ္တံ့။ ထွက်၍မနေ။ သေလတ် သောခါ။
ကြောင်ကို ကြောင်ခြင်း။ ကိုက်သတ် လျှင်းသို့။ ဘရိုး ဘရင်း။
မာန်တင်းအားကိုး။ အညှိုးလည်းထား။ ရန်ဘေးများ၍။ ပြည်
သားပြည်သူ ဆူလတ္တံ့။ ပိုးရွချုံး။ ပြည်အလုံးကို ဖုံးလတ္တံ့။
လက်နက်ရိယ်း။ ကြိုး၍ရွာလတ္တံ့။ သက်သာပန်းတောင်း။ ပြည်
ကောင်းအမှန် ဖြစ်လတ္တံ့။ ကျောက် သဘက်တွင် ကဗျည်းမှတ်။
ထိုအရပ်၌။ ဌာနပြည်ကြီးတည်လတ္တံ့။ သာသနာတော်မြစ်ညာ
ဆန်လတ္တံ့။ နောက်တံခါးကို။ မပိတ်သမျှ။ ပြည်မဝ။ ကောသရော
ဇာ။ ထွန်းချာမင်းဆုံး။ နှလုံးသိထွေ။ ရွှေတံခါးကို ဖွင့်ပါလေ။
မန္တလေး အမှန်။ ထိုဗိမာန်၌။ ရတနာမိုယ်း။ ကြိုး၍ ရွာလတ္တံ့။
ဝပြောသာယာ။ မှန်စွာစင်စစ် ဖြစ်လတ္တံ့။ ။ခြင်္သေ့ နံသား။
ရေနဂါး။ သားကားဂဠုန်မင်း။ ဂဠုန်သား ကျွက်နံ့ သောမမင်း
သည်။ မှားသော အယူကိုပယ်၍။ ဖြူသောအယူကို ယူလတ္တံ့။
မလလေယျ တော၌။ ဝါတွင်း သုံးလပတ်လုံး။ ဝါကပ်တော်မူ၍။
တကိုယ်တော်ထီး နေတော် မူသောအခါ။ ပလလဲ ဆင်မင်း။
ကောသရကျေးမင်း။ အာဟိန္ဒကျီးမင်း။ ၎င်းအလောင်းတော်သုံး
ပါးတို့တွင်။ အာဟိန္ဒ ကျီးမင်းကား။ သစ်သီး အမျိုးမျိုး ဖြင့်
ပူဇော်လေသည်။ ပလလဲဆင်မင်းကား။ ရတနာပူရ။ ရာဇဌာနီ
ပြည်ကြီး၌။ ခြင်္သေ့မင်းမြစ်။ နဂါးစစ်မြေး။ ဂဠုန်သွေး။ နိုးဝေး
ကျော်ထင်။ ပြည့်ထဲရှင်စစ်။ ဖြစ်မည်ကောန်။ အမှန်သော။ ။
ကောသရ ကျေးမင်းကား။ ကျွက်နံ့ သောမမင်း ဖြစ်သောအခါ။
မံထင် ရှားသော ခနွဲရှမ်း မျိုးဖြစ်၍။ ကျွက်နံ့ သောမမင်း ဖြစ်မှ
မှောက်စား၍။ ညီတော် သားတော် မှူးတော် မတ်တော် မင်း
မြေး မင်းမြစ် တို့ကို သွမ်းရိုး၍။ မိမိအလိုလိုသာ ဆောင်၍။ မှူး
ကြီးမတ်ကြီး။ ရဟန်းပုဏ္ဏားတို့။ သေကြေပျက်စီးရှိလတ္တံ့။ ။

မှူးရိုး မတ်ရိုး တို့ ပျောက်ပျက် တိမ်ကော၍၊ အလုံးအရင်း နည်း
သောအခါ၊ ဘဝနောင် လင်မယားသည်၊ တိုင်ပင် ကြံစည်၍
ရွှေထီးရွှေနန်းကို လုပ်ကြံလိမ့်မည်၊ ကျွက်နံ့ သောမမင်း ပျက်စီး
သောခါ၊ ထားလက်နက်ဖြင့် သေလိမ့်မည်၊ နတ်နဂါး တို့သည်။
လူတို့အမှုအရာကို နှစ်သက်ခြင်းကင်း၍၊ ထားလက်နက် မိုးဃင်း
ကြီးရွာစေ၍။ ပျက်ဆီး ကြလိမ့်မည်။ နှမ်းဆယ်တင်းခန့် သေ၍
အုပ်ရှစ် တတင်းခန့်သာ ကြွင်းလိမ့်မည်။ မိုးရွ ချပုန်း တို့သည်။
အရိုးတို့ကို ဖုံးလိမ့်မည်၊ ရွှေမြို့တော်ကို ရေဖျက်ကြမ်းလည်း ရှိ
ချေသည်။ ထိုကျွက်နံ့ သောမမင်း လက်ထက်၊ မထင် မရှား။
ပုဏ္ဏားအမျိုးနှိုက်။ ကျမ်းဂန် အရိုးကျကျ တတ်မြောက် သူတို့
လည်း။ မထင်မပေါ်။ မကျော်မစော။ နှံ့ဖုံးသော ပတ္တမြားကဲ့သို့
ရှိလိမ့်မည်၊ အာဟိန္ဒကျိုးခင်းတရားကို နာရသောကြောင့်၊ မြည်
သူပြည်သား။ မင်းမိဖုရား ရဟန်းပုဏ္ဏားတို့၊ တရားစောင့်ကြ၍။
ပြည်ရွာတိုင်းကား၊ ဝပြော သာယာ လိမ့်မည်။ မှတ်သိပ်သော
ဘေးဒဏ်။ ရန်မာန် အပေါင်းမှ။ လွတ်ငြိမ်း ချမ်းသာ၍၊ ထို
ကျွက်နံ့ သောမမင်းသည်။ နန်းသက် ၂၅-နှစ် နေလိမ့်မည်။ ။
ကျမ်းရိုး ကျစ္စာ။ မဟာအသိတိငမာ။ သုံးရာသော ရဟန်းတို့
သည်။ ကျမ်းဂန်နှင့် အမှန် ညှိနှိုင်းလတ္တံ့။ ပေမှာမရှိ။ ဗွင့်သိ
ဝဏ္ဏနာ။ ထေရ်မဟာလည်းများလတ္တံ့။ ဗြဟ္မာမြေးမြစ်၊ ပုဏ္ဏား
စစ်က။ အမြစ်သုံးထွေ၊ အနေကျကျ။ ဓမ္မဟောခါ၊ ထိုခါမလွဲ
မချွတ်တည်း။ မြို့ထ သံဝန်းကျင်။ မြို့ထိပ်ပြင် နှိုက်၊ တင်လေ
သင်္ဂါယနာ။ မတော်မဖြောင့်၊ မစောင့် သူအား၊ ဗြဟ္မာသား
လည်း။ တရားစည်ကြီးတီးလတ္တံ့၊ ။သိန်းဃိုကျွန်းထုံး။ နှလုံး
တင့်တယ်။ ကျွက်သူငယ်သည်၊ စင်ကြယ် နှလုံး သုံးလတ္တံ့။
၄-ခု ၅-ခု၊ အစုခွဲဝေ။တိုင်ပင်ပေ။ အနေကျကျ။ နောက်တံခါးကို
ဝိတ်ပါမှ။ ရွှေပြည်ဌာန။ မြို့ပူရကို။ ရေကပျက်လေ။ ထုံးသို့ကျေ
ကောန်မချွတ် မှန်လတ္တံ့။ ယင်းကတဖန်။ အမှန်သာသနာ၊ တိုး
တက်လာအံ့၊ ထိုခါမလွဲ လေပြီတည်း၊ ဖြစ်လေ ၅-ကြိမ်မြဲ။

သဲသဲကျော့ထင်။ ။ဂ-ခုကား။ လူရိုးလူကောင်း။ တောင်နှင့်မျှ၏။
၉-ခုကား။ ဘုရားအလောင်းတော် မင်းဖြစ်၏။ အနောက်ဘိုး
ကောင်တောင်ရိုးနှိုက်။ သူတော်တကာ။ မြင့်မြတ်စွာပြေး၍ အသီး
အသီးနေလတ္တံ့။ ကဆုန်လချောင်း၊ ငြိမ်းစမူအံ့။ မိုးသဲးလေးလ အ
တွင်း။ ထိုမင်းမြတ်ကို။ မင်းတကာတို့ခုဝင်လာအံ့။ သီရိခေတ္တ
ရာ။ ပြည်သာယာအံ့။ ယောကျ်ားမြတ်တို့။ ဗိုလ်ပါအကုန်။ ထို
မင်းမြတ်ထံ ဖူးမျှော်ခစားအံ့။ ထိုအဖြစ်ကို။ လွတ်လိုမူကား။ သီ
တင်းသီလကို ကောင်းစွာ ကျင့်သုံးကြကုန်၊ "လောဘ ဒေါသ"
ကိုဖျောက်၍။ "မေတ္တာဘာဝနာ ကမ္မဋ္ဌာန်း"ကို စီးဖြန်းပွားများ
ကြကုန်။ မြတ်စွာ ဘုရားအား။ ညီးတော် အာနန္ဒာ လျှောက်
တောင်းပန်လတ်သော်။ ညီတော်-ပါပမင်းတို့ လက်ထက် နှိုက်။
ပြည်ရွာ ပူပန်လိမ့်မည်။ ပြည်ရွာ သုံးလိမ့်မည်။ ငါ၏ ချစ်သား။
ရဟန်းများတို့။ အသက်ရှည်စွာ။ ချမ်းသာသဖြင့် နေလိုမူကား။
ငါ၏ခြေရင်း အပါးတော်တွင်မှီခိုလေ။ မှီခိုသသူတို့လည်း။ သုံးရ
ကွဲလိမ့်မည်။ မိုးဦးတောင်ဖျား အလိုလို ပျိုလိမ့်မည်။ ခိုးသား
(၁၀၀၀)နှောင့်ရှက်လိမ့်မည်။ ဒုဋ္ဌိကဒ္ဒက္ကဋ္ဋ ရကောင်ရောက်လိမ့်မည်။
ခဲပေါင် ပန်းလောင် သာသည်ဟူ၍။ လူအများ ရောက်လိမ့်မည်၊
သာသည်ဟူ၍ မနေနှင့်။ ။သောနှင့်သတ္တာ။ နဝမခြား။ ကျား
နှင့်ခြသေ့။ ထိုနှစ်စေ ချောင်း၊ ကျွက်ဝယ် လောင်းကို။ ထောင်း
ထောင်းဗိုလ်ခြေ မွှေလိမ့်မည်။ ငါးဝံမြစ်ခွ။ ဟာသာတမှာ။ တပ်မ
နဂိုရ်တည်လိမ့်မည်၊ ထူပါရုံမှာ ပုံလိမ့်မည်။ သက်ရင် တောင်
ကြီး တကွဲ ကွဲလိမ့်မည်။ မုတ္တမ တောင်သို့ တကွဲ ကွဲလိမ့်မည်။
ခဲပေါင် ပန်းလောင် တကွဲ ကွဲလိမ့်မည်။ "အသက်ရှည်လို။သက်
သာ ပန်းတောင်းသို့ခို"။ ခိုရသော လမ်းခရီးကား။ သုံးကြောင်း
သုံးသွယ် ရှိ၏။ မယ်ဇလီကွေ့က သွားသော ခရီးကား။ သလဲ
ဇီးကင်း ထက် ချောင်၏။ မယ် ဇလီ ကွေ့က ဆင်းချောင်။ ပန်း
တောင်း ဥယျာဉ်ကို တွေ့၏။ ။လမ်း တကြောင်း ကား။ သီး
ကွင်းမြို့ အနောက်မှာ ရှိ၏။ သီးကွင်းက သွားချောင်။ ဘုရားဂူ

လိုဏ်သုံးမျိုး။ လယ်တည်အင်းပြင်၊ တောင်ဇလင်ကြီး၊ ဝက်ညီ နောင်၊ အနောက် ပူးပူးတွင်။ ဘုရားကြီး လက်ညှိုးညွှန် ရှိ၍။ ၎င်းကသွားသော်၊ နန္ဒာ လူမျိုးကို တွေ့၏။ တောင်ပတ်လည် ရံ လျက်ရှိ၏၊ မျောက်ရှင်ရှိ၍။ ။လမ်းတကြောင်း ကား။ ရခိုင် မြို့ကို။ အလောင်းစည်သူမင်း ဖေါင်စကြာနှင့် လှည့်ရာတွင်။ သိကြားမင်း ခိုယောင်ဆောင်၍ ပြသော အရပ်တွင်၊ မြို့တခု တည်၏။ ၎င်းမြို့အနောက်တောင်တွင်။ ထူပါရုံဘုရားရှိ၏၊ ၎င်း က အနောက်တောင်ကို သွားသော်၊ စေတီသုံးဆူ အစည်လိုက် ရှိ၍။ ၎င်းကသွားသော် ကျောက်ပုံဘုရား။ ရေကြည် ချောင်း။ ပန်းတောင်း သက်သာမြို့၊ ဒိပက်ရာ ဘုရားရှိ၏။ ၎င်းမြို့ကို ဝင် ရောက်နိုင်သော သူတို့အား၊ ဆရာမိဘ ဆွေမျိုး ညာတိမှ စ၍။ ငြိမ်းချမ်းသာယာစွာ နေရ လိမ့်သတည်း။ ။ဤတွင်၍။ ဘုရား သခင်ဗျာဒိပ်သိုက်ပြီး၏။

ဂဝံပတေ့ သိုက်ဟူသည်ကား။

ဂဠုန် နှင့် ကျား။ ပြည်သား တိုင်းသူ။ ကျွက်ကျွက် ဆူ။ မူလတ္တံ့။ ထွက်လေ ကျားကြီး။ တတီးတီး။ ကျားကြီး ဥစွာ။ ကျွက်မှာသာ။ သိမ်းကာ ယူ၍ငား။ ကျားကို လိုက်လေ၊ မျှား ဗိုလ်ခြေ၊ နေ့ထိုင် မြစ်ကမ်းနား။ အောက်ခြေ သွားသည်၊ ကျား မပါ။ ကျွက်ကျွက်ရှာဖွေ၊ တောနေ့ကျားကို မတွေ့လေ၊ မြန်းလေ ရပ်အောင်သာ၊ နတ်မျှားဂဠုန်၊ ဆုပေး တုံသည်။ ဂဠုန် မင်း မျှောက် တံဆာတည်း။ ။ကျွက်ကျွက် ခရီး။ ဖျက်ဆီး ကြေမွ။ ရှာမရအောင်။ တောစ တောင်ထဲ၊ ပြေးပုန်း လွှဲသည်၊ ရွာ လည်းတောသို့ ဆိတ်လတ္တံ့။ ပြည်ရွာ တိုင်းကား။ ဆင်းရဲသား တို့၊ ထွားထွား ညက်ညက် ကြေလတ္တံ့။ ပြည်ရွာ တိုင်းကား၊ လေသံစကား။ မကြားရှာဖွေ၊ မတွေ့ ချေသော်။ လူတို့ နေထိုင် မတည်၊ ကျားကို ကြောက်သည် တထိပ်ထိပ်။ ထိုသည့်ကျား ကား။ ပုပ္ပါး တောင်ငူ။ ထီး ကိုးဆူနှင့်။ ဥတည် ဘွားကို လား

လတ္တံ့။ ရိုဟ်းထက် အနန်းအနန်း။ ကျားကြီး ဟုန်းသည်။ ပြည်လုံး
ကျွက်ကျွက် ဆူလတ္တံ့။ ။ကျားကြီးမာန်စောင်။ မီးသို့လောင်
သည်။ အခေါင်စိုးတုံ။ ဌက်ဂဠုန်ကို ကုံက်လတ္တံ့။ ဂဠုန်လည်း
သုံး။ ကျားလည်းဆုံးသည်။ ပြည်လုံးကျွက်ကျွက်ဆူလတ္တံ့။ ။
တရုပ်အစ။ ရှမ်းက အလယ်။ မြန်မာဝယ် နောက်။ မင်းလျှင်
ပြောက်၏။ ရှမ်းကလည်းအိ။ တရုပ်ဘိသည်။ ရှိသည့်မြန်မာ အ
နောက်မှာ။ အရှေ့ဘက်ကား။ ခွေးတအူအူ။ အနောက် ဘက်
ကား မီးခိုးတလူလူ။ မြစ်စည် ကမ်းနား။ နေသူ များလည်း။ မိုး
ခေါင်တောင်ခြေ နေလတ္တံ့။ ရွှေငွေစပါး။ ကျိုပြည့် ထားလည်း။
အများညစ္စာ။ သုဘဏ္ဍာသာဖြစ်လတ္တံ့။ မျိုးစေ့ရိက္ခာ၊ ဆန်မပေါ
သည်။ တောမှာချင်းတို့ငတ်လတ္တံ့။ ခင်ပွန်းယောကျ်ား။ ပျောက်
ပျက် ရှားသည်။ လင်သား လုကြတခံခံ။ ငတ်မွတ် ရှားသည်။
သားကိုအမိ မတွယ်နိုင်။ သီလလည်းခံ၊ ရဟန်းမှန်လည်း။ အ
လွှန်ဆွမ်းပန်းငတ်လတ္တံ့။ သီလမဆည်း။ အရည်းမမျှ။ ရှင်ပါပ
လည်း။ မာနတက်၍။ စစ်မက်ဆင်ကာ ထိုးလတ္တံ့။ အကြေ အ
ညာ။ မသာယာ သည်။ ဗိုလ်ပါခြေခြင်း ရှက်လတ္တံ့။ သူမင်း
ငါမင်း၊ အချင်းချင်းလည်း သတ်လတ္တံ့။ မင်းမျိုးမင်းနွယ်။ အ
သွယ်သွယ်လည်း ပြုန်းလတ္တံ့။ ။သောနှင့်သတ္တ။ အဌ တိုင်
အောင်။ ပြည်ကြီး လောင်ပူ။ အိုးသို့ ဆူလိမ့်။ ပြည်သူ တိုင်း
ကား။ ငတ်မွတ်ရှားသည်။ လူများဝမ်းသွေးလိုက်၍။ သေလတ္တံ့။
နိုးသား ရန်သူ။ စစ်မက်ထူ၍။ မီးပေါက် လေးမျှား။ လှံထား
သင့်ကာ သေလတ္တံ့။ နဝမှာမူ။ လေပြင်း မုန်တိုင်း။ ရိုဟ်းကြီး
လှိုင်း၍။ ကောင်းကင် မြေပြင် ကွဲလတ္တံ့။ ကောင်းကင် မှိုင်းမဲ။
ဝဲ့တင်ကြဲသည်။ ရိုဟ်းလည်းမပြင်း ဝေလတ္တံ့။ မတရားသည့်
လူများ ထိုတွင်ဖြစ်လတ္တံ့။ လူရိုးလူကောင်း၊ တောင်နှင့်မျှလတ္တံ့။
နှမ်းတတင်းကား။ သုန်းဖျင်းလတ္တံ့။ ။အခုပ်ရှစ်တတင်း ကျွင်း
လတ္တံ့။ ဒသစင်စစ်။ ဆန်းသည့် နှစ်မှာ။ အလောင်းရာဇာ။ လု
ချမ်းသာကိုရှာလတ္တံ့။ ထိုမင်းနေရာ။ ရွှေပြည်သာကို။ ဆောစွာ

နှာတ်ဘို့ရှိလတ္တံ့။ ဆင်ဖြူဆင်နီ။ မမြင့်မှီလျှင်ရောက်လတ္တံ့၊ တရုပ်ယိုးဒယား။ ကုလား နိုင်ငံ၊ မကျန် ထိုမင်း၊ နှိပ်နင်း အုပ်ချုပ်စိုးလတ္တံ့။ မင်းကားဘယ်မင်း။ ကြီးတော်မင်း။ ပြည်ကား ဘယ်ပြည်။ ကုန်းပေါင်ပြည်၊ နေသည်အသက်တရာနှစ်ဆယ်တည်း။ ။ အိုလူများဘို့၊ အသျှသီလ, ဓမ္မတရား။ စကားသစ္စာ၊ ရှေ့ကဆီး၍ သည် ခံပါ။ သည်းခံချိက။ ရောဂါစသည်။ ကင်သုံးမည်လည်း။ ကိုယ်ဆီ မရောက်၊ ပြင်က ပျောက်၍။ ရောက်အံ့ အလောင်းတော်၊ မင်းမြတ်ကျော်နှင့်၊ ပျော်ပျော်ချမ်းသာ စံလတ္တံ့။ အသျှသီလ၊ ဓမ္မတရား။ စကားသစ္စာ၊ မစောင့်ပါသော်၊ ရောဂါငတ်မွတ်၊ဝမ်းသွေးလိုက်၍။ ချပ်သတ်ထိုးဖျက်၊ကင်သုံးချက်တွင်၊ မလွှတ်ခြင်သည်။သေလျှင်ငရဲလားလတ္တံ့။ဤသို့ပြဿနာ၊ဂဝံပတေ့ရသေ့စကား။ကြိန်းသေထားသည်။အများမှတ်စေခြင်လှသော်။ ။

ဤတွင်၍။ဂဝံပတေ့သိုက်ပြီး၏။

ဗွန်ကန်သိုက်ဟူသည်ကား။

ဆယ်ချသို့ ရောက်လျှင်။ ပန်းတောင်းသက်သာမှာ။ မြို့ကြီးတည်လတ္တံ့။ မြို့သက်ကား (၁၀၀)။ မင်းဆက်ကား ၃–ကျိုင်။ ၆–ယောက်။ ထိုမြို့ မင်းကိုကား။ အုန်းဘောင် မင်းဟူ၍။ မန်းစက်တော်ရာ အရပ်။ ဇာဂ်ပြည် တွင်၊ သိကြားမင်း အမည် ပေးလတ္တံ့၊ ထိုမင်းလောင်းကား၊ ရတနာဆင်ဖြူ သုံးစီးကို အစိုးရလတ္တံ့။တစီးဆင်ဖြူနှိက်ကား။ခေတ်မွေတော်ကိုတင်လတ္တံ့။ တစီးနှိက်ကား၊ ဓမ္မစကြာတရားတော်ကိုတင်လတ္တံ့။တစီး၌ကား၊မင်းကိုယ်တော်တိုင် စီးလတ္တံ့။ ထိုမင်း မင်းပြုသောအခါမှ၊ ပြည်ထဲလေးမျက်နှာသာယာလတ္တံ့။ရတနာမိုးသုံးကြိမ်ရွာလတ္တံ့။ ။ ငင်းဆယ်ချသို့မရောက်မှီ။ ၉–ချမှာကား၊ ပြည်ရွာအမှုအခင်းများမည်။ ရဟန်းသံဃာတို့မချမ်းမသာရှိမည်၊ လူတို့လည်းအဖျင်တပါး၊ ပျောက်သွား၍ကုန်မည်၊ နေ-လ လည်းမြောက်သို့အသွားများလိမ့်မည်၊ နယုန်လ၊ဝါခေါင်လ၊သတင်းကျွတ်လမှာ၊ ကသည်းလုံ

မျိုးတို့ ကျရောက်လာမည်။ တောင်ထိပ် တောင်ဖျား။ လေးသွားတို့လည်း။ မြစ်နားသိပ်ကမ်း၊ နန်းမြို့ ဆင့်ခြေဖုံးတိုင် ဆင်းလာမည်။ မြစ်နားဝန်းကျင်။ အောက်တခွင်လည်း။ တမြေရပ်ခြား၊ လွင့်ပါးလိမ့်မည်။ သက်သာပန်းတောင်း အောင်လမည်။ လူရိုးလူကောင်၊ တောင်နှင့်အမျှရှိလိမ့်မည်။ ယောကျ်ားနည်းပါး။ မိန်းမများ၍။ ခိုက်ပွားရန်မာန် ပြုလမည်။ အနောက်ဘက် ကား။ အထက်ကစ၍။ လောင်း ရှည်ချင်း တိုင်အောင် အကုန် ဆင်းလမည်။ အရှေ့ဘက်လည်း။ ရှမ်း ကသည်း တရုပ် တို့ကြောင့်။ ညက်ညက် အကုန် ကြေလမည်။ ရွာချင်းချင်း လည်း။ မင်းများသောကြောင့်။ ရန်စစ်အလုံး ဖြစ်လမည်။ မတရားမှုမကောင်းရသည်။ ၉-ခုအတွင်း ကုန်လမည်။ ။ဆယ်ခုကြို၍။ ကဆုန်ဆန်းစ၊ ရက်အဌမှာ။ သမ္ဗုဒ္ဓ လောင်း။ မင်းကောင်း မင်းမြတ်ပေါ်လမည်။ မိုးစက်ကြီးသည်းစွာ ရွာလမည်။ မြေကြီးငလျင် ပဲ့တင် တီးနှက်။ အိုးထိမ်း စက်ကဲ့သို့။ သုံးခါ ပွက်ပွက် ကွဲလမည်။ ။၉-ခုအတွင်းနှိုက်ကား။ မိုးစက်လည်းမမှန်။လေသာထန်၍ ဆန်ရေစပါး။ ရှားပါး ငတ်မွတ်။ ကပ်မလွှတ်၍၊ မချွတ်သေပျောက်ကြလမည်။ ရတနာသုံးပါးကို မပြတ်ကိုးကွယ်၍။ တော်မှန်ဖြောင့်သားသော သူဘို့သာ ကြွင်းလမည်၊ မြောက်က နတ်ကြီးနှင်၍။ လူအပေါင်းဘို့ တောင်ကို ပြောင်းလမည်။ မိမိတို့ကိုယ်ကိုချမ်းသာအောင်ရှာကြံကြလော။ ။

ဤတွင်၍၊ငမှန့်ကန်သိုက်ပြီး၏။

သိကြားသိုက်။

ဇော်သုံးလုံးချ။ ဘောမတလုံးသာ။ ၁၁၁၃-ခုမှာ။ မှန်စွာလျှင်တဆော။ သဘော ဗေဒင်လာ။ ဇော်မှာ အသက်ကုန်၊ ကြိုဟ်မှာအဌသုံး။ အင်းဝ မြစ်ဆုံပျက်။ မြောက်ဘက်မှာ သော်။ နှစ်သောင်းကျော်။ ရွှေတံဆာ သိင်္ဂါဒေဝ တွင်လမည်။ ဟိုင်းခြာသင့်ကြို၊ ဂင္ဂုန့်မြေး ဝမ်းဘဲ။ အမြဲ မှတ်ကြပါ၊ ကျာကျာ

မယုတ်။ နှစ်သရုတ်။ တလုင်ဗိသမှာ။ နှစ်ချွန်းဝယ်။ ငလျင်ရန်
တိုင်း၊ ခပ်ကြိုး လှိုင်း။ တိုင်းကြီး တုန်လှုပ် စွာ။ ဓေယျာ့ ပုရ်။
ဌာနမဋ္ဌေဝး။ မန္တလေး ပေးသည့်ဗျာဒိပ်ဟာ။ အညာ မြောက်က။
တပ်တာချ။ ပြည်မ စိုးစံကာ။ နန်းသို့ မပေါင်း။ ရွှေတချောင်း။
ဥကျွောင်းအရင်း။ ရွှေကြွာအင်း။ ထွန်းလင်းအဌ အစွန်းမှာ။ ထို
ရာဇာသည်။ နေရာမတည်။ ဌာနီရပ်ပေါင်း။ ပြောင်း၍ မြို့ကြီး
တည်လတ္တံ့။ ကျားကြီး ဂူတွင်။ ဆဒ္ဒန်ဆင်။ ဝင်၍ အမြစ်တူး
လိမ့်မည်။ ထိုနောင်ရေရှူး။ စွယ်ပြူးတူးနှင့်။ ဘိလူးအသွင်။ ရွှေ
ပလ္လင်။ ငါပင်မင်းမူပြုလတ္တံ့။ မင်းများရာဇာ။ ဆင်ခြေရာတွင်။
မြေဇာပေါက်သည်။ အမြစ် ဘိုးရိ-ဘားရား တည်း။ ။ပူးမင်း
မြောက်က။ တောင်သို့ကြွသည်။ နာဂတူမကွာ။ အရင်းလည်း
ပြတ်။ အဖျား ရပ်သည်။ မိုးနတ် စက္ကူဝါ။ တောင် မျက်နှာက။
တန်ခိုး ပြသည်။ ပြည်မ အောင်ဇေယျာ။ ပူးမင်း တောင်က။
မြောက်သို့ ကြွသည်။ ပဋ္ဌသတ္တမှာ။ တွင်းက ပုဇွန်။ ကြွက်စား
လွန်သည်။ အမှန်ထိုအခါ။ ။ဘောမရာဇာ။ ကေသရာ။ တေ
ဇာပျံမွှေး။ အိမ်ရှေ့ပေး။ ရပ်ဝေးမြေမခြာ။ အစွန်းဇယ။ ပဋ္ဌမ
ဝေး။ မန္တလေးသိုက်ထွက်။ ငါးစောင်နှက်၊ တက်လောပူးရာဇာ။
တေဇာ ဘုန်းတန်းလွှတ်။ ပရမတ်ဆရာ။ ရာဇာပြည်ကြီးတက်။
မည်သော။ ။အစွန်းဇယ။ ပဋ္ဌလှူလှူ။ ပြုလောပူးရာဇာ။ မန်
လည်ရပ်စိုး။ ပေါက္ကံမျိုး။ စိုးလိမ့်အတူ။ ပူးမင်းပြုကို။ ယူလိမ့်
မည်။ အရှေင်ခြောက်သွယ်။ ခြသေ့ငယ်။ အံ့ဘွယ်ဘုန်းတန်း
တိုးလတ္တံ့။ ကြီးအစ။ ဇယအလွန်-ခုနစ်လရှစ်လ။ ခြသေ့ကျွက်
ပဋ္ဌ။ သတ္တခြသေ့ဟောက်။ သတ္တ ရောက်က။ အိုးသို့လည်းဝေ။
ပဒေသာပေါက်။ နဝရောက်က။ ဒသလည်းဟူ။ ဆင်ဖြူသိန္တာဝ
ရောက်စွ အမှန်။ ကေန်မရွှေ။ ခြသေ့ ဂဠုန်၊ မြူးခုန် ပျော်ကာ့
ပူးရာဇာ။ မှန်စွာနဂါး။ ရင်ငွေ့ဘွား။ ထားလိမ့်သာသနာ။ ဥက္ကာ
ပျံကာ။ သောဠသ။ အစ ရောက် သည် တိုင် အောင် လင်း၏။
သောကြွာ ပူးမင်း။ နွယ်ရင်း ဆက်ခံ။ မင်းဝံ စံလိမ့်သော။ ။

အခွန်း ၄-ခု ရောက်လတ်သောခါ။ အာဏာ ထန်ပြင်း။ ခြင်္သေ့မင်းလျှင်။ သတင်းရှိန်ဝါ။ ထီးစကြာနှင့်။ ရာဇာအခေါင်ချုပ်လတ္တံ့။ တရုပ် ခရိုင်၊ ထိုရပ်တိုင်အောင် ပိုင်လတ္တံ့။ ကုလား တပြူး။ ငွေတမူး။ ဥစ္စာမခင်။ ကျွေးမြီတင်သော်၊ ပူပင်လွှတ်ကင်း။ ကုလားထပ်ပေးတုံ့အံ့မင်း။ နဂါးပိုးချုပ်။ ပြည်လုံးအုပ်သည်။ ရန်ငတ်တချင်းတချင်း ကုန်လိမ့်သော။ ရှူတင် ကျင့်များ။ ဂုဏ်သီးခြား။ ထင်ရှားထိုခါ ဖြစ်လတ္တံ့။ ဆင်မင်း ရင်သွေး။ ဂန္ဓုန်မွှေးသည်။ ဆွေးနွေးကြံသူ ကောင်းလတ္တံ့။ တရားမကင်း။ စောင့်သတင်း။ ထိုမင်း သူတော်ဟူ လတ္တံ့။ ၊ထိုမင်း လက်ထက်။ အုပ်ကြက် ညံ့ကာ။ စာအံသောသော ပျော်လိမ့်တည်း။ မင်းစောဘုရင်။ စိတ်ကြည်ရွှင်၍။ လေးအင်ပစ္စယ။ စောင်မချီးပင့် လေအံ့တည်း။ ပရိယတ် နှင့်။ ပဋိပတ် နှစ်ပါး။ ရဟန်းများ လည်း။ ကြိုးစား အားထုပ် ဆောင်လတ္တံ့ အကြွေအညာ။ ပွင့်လင်းစွာလျှင်။ သာသနာ ရောင်။ တောက် လတ္တံ့။ ပြည်သူ ပြည်သား။ မျိုးလေးပါး။ ပွားလိမ့်သုခ ချမ်းသာတည်း။ သဒ္ဒါတရား။ ဆင့်ဆင့်ပွား။ ဘုရား ဂူကျောင်း။ ပေါလတ္တံ့။ ထိုမင်း လက်ထက်၊ နှုတ်ထွက်ဆန်းပြား။ လောဘများ။ စကားမမှန်သုံးလတ္တံ့။ ဆန်ရေစပါး။ မရှားပေါကြွယ် ဖြစ်မည်တည်း။ ။

ဤတွင်၍ သိကြားသိုက်ပြီး၏။

အင်းဝသိုက်ဟူသည်ကား။

အစိန္တေယျ သုံးလုဝွန် ဘုရားသခင်သည်။ အခါတပါး၌။ ဒေသစာရီ ကြွတော်မူရာ။ ဧရာဝတီမြစ်၌ ရေစီး ရေမော်တွင်။ အုန်းခက်ငယ်တခု။ မပုံမဆန်။ တန့်ရပ်နေသည်ကို မြင်တော်မူလျှင်။ ထိုအုန်းခက်ငယ် တန့်ရပ်ရာအရပ်၌။ ကျွန်းသောင် ပေါ်၍ ပျော်ဘွယ် သာလှ။ အင်းဝပြည်ကြီး တွင်လိမ့်မည် ဟု။ ဗျာဒိတ် ကြားတော်မူသည်။ ၎င်းအင်းဝ ပြည်၌။ စည်ရှည် မပျက်။ မင်းဆက် ဘယ်မျှ ရှိမည်နည်းဟု။ ညီတော် အာနန္ဒာ လျှောက်

သည်တွင်။ ။သဇင်အုန်းခိုင်၊ ပွင့်ချင်းဆိုင်၊ နှင်းပြိုင်စံမရ၊ မင်းဆက်ဧကန္တ။ အညမည်၊ မခံသည်းညည်း။ မျက်မာန်သည်း ထီးကားမှိုသို့ ပေါက်လတ္တံ့။ အိမ်ကျိုအိမ်ကြား။ လူအများ လည်း။ တရေးငါ့နှယ်ဟောလတ္တံ့။ မိတ္တာမတရား၊ မင်းအများ လည်း။ မုသားကွယ်ဝှက်ဆိုလတ္တံ့။ ရဟန်းသံဃာ။ ထိုအခါ၊ ညီညာအမှုထမ်းလတ္တံ့။ ပြည်ရွာ ဘရိုး ဘရင်း ဖြစ်လတ္တံ့။ ကျားကြီးလက်ထက်၊ အနောက်ဘက်မှာ ကျုံး၍၊ ဘုရားတည် လတ္တံ့။ စေတီကြီးကို၊ တည်ပြီးကာလ။ မဏိပူရ။ တရုပ်က လျှင်။ ဘုရားအသယ်၊ ကျွန်မငယ်ကို။ ပရိယာယ် ဆောင်။ ကညာယောင်ဖြင့်။ ယုံဆောင်ဆက်လာလိမ့်မည်၊ ကညာတူ နိုး။ ကျွန်အရိုးကို။ မုဆိုးနှစ်သက်ပါလိမ့်မည်၊ စကြာယောင် ပေါ်လိမ့်မည်။ ဆင်ဖြူရောက်လာလိမ့်မည်၊ စေတီကြီးကို။ အ ပြီးမသတ်။ မုဆိုး သူညကပ်သို့ ရောက်လိမ့်မည်။ နောက်ကာ လ၌၊ မုဆိုးသားမြေးတို့။ အချင်းချင်းတယောက်ကိုတယောက် သတ်၍ သေလိမ့်မည်။ ။မြို့အရှေ့တောင်၊ ညောင်ပင်ကြီး ရင်း။ တပ်ရာနင်းသည်၊ ဆီးနှင်းတဝေဝေ၊ နွေသို့လည်းရောက်၊ နန်းသစ် ဆောက်သည်။ ကျော်ခြောက် မင်းများဆွေ၊ သောနှင့် သတ္တ၊ နဝတိုင်လျှင်။ ပင်လယ် နားက၊ နဂါး စွယ်ရောင် ပြ လတ္တံ့၊ စွယ်ရောင် ဝန်းပတ်။ နဂါးလွှတ်က၊ မွှေခတ် ရပုံ၊ ရွှေတိဂုံကို၊ ဝန်းအုံ ကုလားရောက်လတ္တံ့။ လူမျိုး စိတ်ကုန်၊ မြို့ရန်ကုန်က၊ လူပုံအညာဆန်လတ္တံ့။ ငါးဝံမြစ်မ။ ဟင်္သာတမှာ တပ်မအလိုတည်လတ္တံ့။ ခဲပေါင်မဲလောင် သာသည်ဟူ၍။ လူ ဗိုလ်အများ။ ပျော်လတ္တံ့။ သာသည်ဟူ၍မယုံနှင့်။ ထူပါရုံတွင် ပုံကြလေ။ ။သောနှင့်သတ္တ၊ ထိုကာလကို၊ လူလည်းလေးကွဲ ကွဲလိမ့်မည်။ အရှေ့သို့ ကွဲသောသူတို့ကည်၊ ထားဖြူ ဖြစ်လိမ့် မည်၊ တောင်သို့ ကွဲသော သူတို့သည်။ ကျွန်အရာ ဖြစ်လိမ့်မည်၊ အနောက်သို့ ကွဲသော သူတို့သည်။ သတ္တန္တရ ကပ် ရောက်၍ သေလိမ့်မည်၊ မြောက်သို့ကွဲသော သူတို့မှာကား။ အသက်ရှည်

ဗွာချမ်းသာသဖြင့်နေလိုလျှင်။ ငါ၏ခြေတော်ရာအနောက်မြောက်။
ကဿပ အလောင်းတော်နေရာ အနီးအပါးသို့ ချင်းကပ် ခိုကိုးမှ။
ချမ်းသာရလိမ့်မည်။ ။နဝတိုင်လျှင်။ အရှေ့အရပ်က။ ကျွက်
ဂယ်လောင်းသည်။တသောင်းဗိုလ်ခြေမွေလိမ့်မည်။ အရှေ့တောင်
က။ စကြာရှင်ပျံ။ရွှေနန်းစံလိမ့်မည်။ နန်းသက်ကားခုနစ်လတည်း။
အနောက်တောင်က။ဂဠုန်မင်းမြေး။ရွှေကျေးအညာဆန်လိမ့်မည်။
မူဆိုးသားမြေး ဟူသမျှ။ ပျက်စီးခြင်းသို့ ရောက်လတ္တံ့။ ထီးနန်း
လည်းကြီးလိမ့်မည်။ ကြိုက်ရှစ်လုံးလည်းသုံးလိမ့်မည်။ သောကြာ
ကြယ်ကြီး။ လကျွံ့ခွင်းလိမ့်မည်။ တော်သလင်းလ၌။ တိမ်ညိုကို
တာရာစားလိမ့်မည်။ တော်လဲလိမ့်မည်ဟု။ ဘုရားသခင်ဗျာဒိတ်
ကြားတော်မူသည်။ ။ဤ၌တွင်၍။အင်းဝသိုက်ပြီး၏။

ရွှေတိဂုံသိုက်ဟူသည်ကား။

နဝတိုင်လျှင်။ ကျားကြီး သား,မြေး,တို့ ကပ်သုံးပါးရောက်၍
ကုန်လတ္တံ့။ ထိုမင်းသုံးပါး တို့သည်။ ရွှေတိဂုံ ဘုရား ရင်ပြင်
တော်မှာ။ ရန်ပြေ မာန်ပြေ ဘုရားတည်လိမ့်မည်။ တည်သော
ကာလ၊ တယောက်ကိုတယောက်။ ထီးနန်းကနုက်ကိုအုပ်စိုးပါ
ဟု။ တိုက်တွန်းကြလိမ့်မည်။ သူလည်းမလုပ်။ ငါလည်းမလုပ်ဆို
သည့် ကာလ။ မိဘအရပ်သို့ ပြန်၍ ထီးတစင်း နန်း တဆောင်စီ
နေကြ ကုန်လတ္တံ့။ ထိုကာလ ရွှေသုံးပြားကို တပြားတည်းကဲ့
သို့ဖြစ်ရအောင်။ ရွှေပေလွှာစေလွှတ်၍ စေ့စပ်ပြောဆို နေကြ၍။
ဘုရားကို ထီးတင်ရာ။ သိကြားမင်း ကသည်။ ခတောက်လော။
သရက်လော သိလို၍။ လူ၏အယောင် ဆောင်ပြီးလျှင်၊ အလျား
၁၄–တောင် ရှိသောပုဆိုးကို ယူ၍ လာလိမ့်မည်။ ရောက်သည့်
ကာလ။ ထိုပုဆိုးရက်သောမိန်းမကို တောင်းရာတွင်။ သိကြား
မင်းက။ သင်တို့သည်။ သရက်မျိုးမဟုတ်။ ခတောက်မျိုးဖြစ်ကြ
သည်ဆို၍။ မိန်းမကို သိကြားမင်းက ပေးလိမ့်မည်။ ဆံပင် သုံး
တောင်ထွာ ရှိသော မိန်းမ။ စိန်း ရောင်ညို အရုပ် ဖန်ဆင်း၍

ပြီးလျှင်၊ တယောက်ကိုတယောက်။ ယူသည်အထင်ရှိ၍။ စကြာနှင့် ပစ်ကြသည် ရှိသော်။ စကြာလည်း မဟုတ်၍။ ထိုးခုတ်ပစ်လွှတ်တိုင်း မသွားနေလျှင်။ တယောက်ကား။ တောင်အရပ်မှာရှိသောသူကို သိမ်းယူလေ၏။ တယောက်ကား။ မြောက်အရပ်မှာရှိသောသူကို သိမ်းယူလေ၏။ တရောက်ကား အရှေ့အရပ်မှာရှိသောသူကို သိမ်းယူလေ၏။ သိမ်းယူပြီးလျှင်။ တယောက်ကို တယောက် တိုက်ခိုက်ကြ၍ သေလတ္တံ့။ ။သောနှင့် သတ္တနဝတိုင်လျှင်။ ပြည်သူ လူအပေါင်း တို့သည်။ အရိုးတောင်နှယ်ပုံ၍။ သွေး ချောင်းသို့ စီးလတ္တံ့။ ဒူးထောင် ပေါင်ကား။ မြေးပါ ငြားလည်း။ တောင်ဖျား မရောက်။ တောင်လယ် လောက်တွင်။ ပျောက်လတ္တံ့၊ ကရိကရင်။ မိန်းမ ဆောက်သည့် လေးတိုင်စဉ်ကို မြင်လိမ့်မည်။ မိန်းမ တဆွေ။ တမျိုး နေသည်ကို။ အခြေမရှင်။ မြင်သူသနောက်သနားတည်း။ နဝတိုင်လျှင်။ လူသူအကုန်သေလတ္တံ့။ ထိုကာလမှ၊ အနောက်တောင် အရပ်က သမ္ဗုဒ္ဓလောင်း။ မင်းကောင်း နရိန္ဒ။ ဒသစွန်း ကျော်။ နှစ်ခု ပေါ်တွင်။ ဂဠုန်နဂါး။ ဆင်ဖြူသုံးစီး။ သံခမောက်ဆောင်းလေးယောက်နှင့်။ အနောက်တောင်ရိုးက ရောက်၍လာလိမ့်မည်၊ ဆင်ဖြူသုံးစီး အနက်။ တစီးကားပိဋကတ်။ တစီးကား မွေတော်ဓာတ်တော် တင်လိမ့်မည်။ တစီးကိုကား မင်းစီးလိမ့်မည်။ သံခမောက် ဆောင်းလေးယောက်တို့တွင်၊ တယောက်မှာအာသံကြီး၏။ အာဏာတိက္ခမရှိ၏၊ တယောက်ကား မြေကြော ရှုတ်တတ်၏၊ တယောက်ကား။ ပဒါးသံသော၍ တပြည်လုံးကိုဝအောင်ကျွေးနိုင်၏။ တယောက်ကား။ အရပ်လေးမျက်နှာမှလာသမျှရန်သူတို့ကိုနှိပ်နင်းနိုင်၏၊ ဤသို့လာသော ကာလ။ သိကြားမင်းက ခရီးဦးကြိုဆို၍၊ အရှင်မင်းသားသည်၊ ပြည်ရွာပြုရအောင်လာသလောဟုမေးလျှင်။ ရာမသမ္ဗုဒ္ဓမင်းကဟုတ်ကြောင်းကိုပြော၏။ ထိုသို့ဖြစ်လျှင် ငါ၏ဆင်ဖြူသုံးစီးကိုယူလေလောဟု သိကြားမင်းကပေး၏။ ထိုမင်းသည်။ ဆင်ဖြူသုံးစီးကို ယူပြီးလျှင်။ သက်သာပန်းတောင်းသို့ ပြောင်း၍ မြို့ကြီး

တည်လတ္တံ့။ ၎င်းအဆက်အနွယ်ချနစ်ဆက်ကို။ တရုပ်ကသည်း ယိုးဒယား။ကုလားမှစ၍။လူမျိုး(၁၀၁)ပါးတို့သည်။ တံ့ဝင်ခိုလှုံ ကြ၍။ လက်နက်နိုင်ငံဖြစ်လတ္တံ့။ အသက်ရှည်မြင့်စွာချမ်းသာသ ဖြင့်နေလိုမူကား။ ငါးပါးပဥ္စသီကိုမြဲစေရမည်။ ထိုရာမသမ္မုဒ္ဒမင်း ကို တွေ့ရသော သူတို့သည်။ ပဒါးပြာကို လျက်၍ အသက်ရှည် လိမ့်မည်။ ပဒေသာပင် ပေါက်လိမ့်မည်။ ဒါန သီလ ဘာဝနာ တို့ကို။ ကြိုးစားလေ့ကျက်။ မပျက်မယုတ်။ အားထုတ်ကြရမည် ဟု။ဘုရားသခင် ဗျာဒိတ်တော်မြွက် ရှိတော်မူသည်။ ။

ဤတွင်၍ ဠွေတိဂုံသိုက်ပြီး၏။

တိုင်းပြည်နှင့် တာရာယှဉ်တွဲပုံ အကျဉ်းဆောင်ပုဒ်။

သင်းတွဲပြည်သာ။ ကျိုးတာရာ။ ရှည်ကာသွားတတ်လှ။ ။ ကြယ်ရောဟဏီ။ မိဂသီ။ တူညီအခြံ။) ။မြန်မာပြည်သာ။ ဠွေ ဘာသော်။ တာရာ ရောင်ဝမ်းပ။ ပုဏ္ဏဖုသျှ။ ဖုသျှဟု။ ခေါ်ပြ သလိသဿ။) ။ရာဇဂြိုဟ်မှာ။ကဏ္ဏတာ။တာရာပုဇ္ဇန်ရ။ ။မာဃာ ပြုပ္ပါ။ ဥတ္တရာ။ နှစ်ဖြာကုန်နည်းမျှ။) ။တက္ကသိုလ်ပြည်။ တာရာ မည်။ ထွန်းတည် ချိန်ခွင်ရ။ ။ကြယ်ဟာသဒ။ စိတ္တရ။ တူမျှ သွာဒိက။) ။ကောသမ္ဗီပြည်။ ဆံကြင်မည်။ ရောင်ခြည်ထွန်း နိုင်မျှ။ ကြယ်ဝိသာခါ။ အနုရာ။ ဇေဋ္ဌသုံးလုံးပ။) ။တလိုင်းပြည် ရှာ။ ကေဝဋ္ဋာ။ ရှည်ကာပုဏ္ဏားရ။ ။ထွန်းမူလမှန်။ ပြုပ္ပါသံ။ တူပြန် ဥတ္တရ။) ။ရှမ်းတို့ပြည်ရွာ။ ဆင်တာရာ။ ရှည်ကာသွား နေကြ။ ။သရဝန်ခနေ။ ကြယ်သိဋ္ဌ။ သတ္တဘိသျှက။) ။မြင်းတာ ရာသည်။ ကုလားပြည်။ ရောင်ခြည်လင်း၍ပ။ ။ပြုဗ္ဗါပရပိုက်။ နောက်လိုက် ကြယ်မှာ။ ဥတ္တရာ။ ရေဝတီယ။) ။သောဏ္ဏ တဲပြည်။ တာရာမည်။ ထွန်းသည်ဥဇ္ဇိုင်းလှ။ ။သတ္တဘိသာ။ နက္ခတ်မှာ။ တာရာကိုးလုံးရ။) ။နံသင့်ပြည်ရွာ။ ကြယ်တာရာ။ ထွန်းကာ ပြန့်ပြောဝ။ ။သွိုးသောရောင်ဝါ။ ထိုပြည်မှာ။ ပူဇော ခြောက်ခြားစွ။ ။တာရာနက္ခတ်၊ စွဲယူမှတ်၊ မပြတ်နှလုံးက။ ။

တိုင်းပြည်နှင့်-တာရာယှဉ်တွဲပုံ အကျဉ်းဆောင်ပုဒ်ပြီး၏။

(၁) အဿဝဏီ။ခြောက်လုံးညီ၊တူမှီ–မြင်းခေါင်းလို။
(၂) ဘရဏီမှာ၊သုံးလုံးသာ။ပမာခုံလောက်လို၊
(၃) ကြတ္တိကာကြယ်။ခုနှစ်သွယ်။ ကြက်ငယ်-ရသလို။
(၄) ဆယ်လုံးအညီ၊ရောဟဏီ၊တူပြီ-စားကျင်းလို။
(၅) မိဂသီမှာ။သုံးလုံးသာ။ပမာ-လိပ်ခေါင်းလို။
(၆) လိပ်လက်ခေါ် ကြ။အဒ-ဒြ။ဧကတလုံးကို။
(၇) ပုဏ္ဏဖုသျှု။ငါးလုံးပြု။နှိုင်းတု-သဘော်လို။
(၈) ဌက်ချေးခံသွင်။ဆယ်လုံးမြင်။ကြယ်တွင်-ဖုသျှဆို။
(၉) အဿလိဿ၊လေးလုံးရ။တူမျှ-ခက်ရင်းလို။
(၁၀) ကြယ်မာဃမှာ။လေးလုံးသာ။ပမာ-သံကောံလို။
(၁၁)(၁၂) ပြုပ္ပါဘရဂုဏ္ဏ။ဥတ္တရဘရဂုဏ္ဏ။နှစ်လုံးစီ။တူညီ
ညောင်စောင်းလို၊
(၁၃) ဟဿတမှာ။လေးလုံးသာ၊ပမာ-လက်ဝါးလို။
(၁၄)(၁၅) စိတြဲတစ်၊သွာဒိနှစ်၊ကသစ်ပွင့်လိုလို။
(၁၆) ဆဲ့လေးလုံးသာ။ဝိသာခါ။ပမာပတ်ဝိုင်းလို၊
(၁၇) ဆဲ့ငါးလုံးပ။နုရာဓ။နာဂ-လည်ဆစ်လို။
(၁၈) တလုံးတည်းမျှ။ကြယ်ဇေဋ္ဌ။နာဂ-ချက်သွင်ဆို။
(၁၉) ငါးလုံးမှန်စွ။ကြယ်မူလ၊နာဂ-မြီးဖျားဆို။
(၂၀)(၂၁) ပြုပ္ပါသန်။ဥတ္တရာသန်။၄-လုံးမှန်။လှန်းဟန်ဆင်မလို
(၂၂) သုံးလုံးမြွားဘန်။သရဝဏ်။အမှန်တူပြီဆို။
(၂၃) အင်ကြင်းသီးသွင်။၄-လုံးမြင်။မည်တွင်နေသိဋ္ဌိဆို။
(၂၄) သတ္တဘိသျှ။ခြောက်လုံးရ။တူလှ–ဆုံကျည်လို။
(၂၅)(၂၆) ပြုပ္ပါပရပိုက်။ ဥတ္တရာပရပိုက်။ လေးလုံးဆိုက်။
မှတ်ပိုက်-ညောင်စောင်းလို။
(၂၇) ကိုးလုံးအညီ။ရေဝတီ။တူပြီ-မြွေးဘန့်လို။
ကျမ်းသျှတ္တရာ။ဤသို့လာ။မှတ်ပါ-ပျားလူမိုလ်။
ဤမျှတည်းသော။သံပေါက်လက်ာဖြင့်။နက္ခတ်-အမြင်၊သဏ္ဍာန်
တို့ကို။သိအပ်ကုန်၏။

ယခုအခါ၌။ ရေဘွက်ပြဆိုခဲ့သော မင်းအဆက်ဆက် တို့၏။ အဖြစ်အပျက်နှင့်စပ်လျဉ်း၍။ မှတ်ကောင်းမှတ်ရာသော။ သိုက်စာအမျိုးမျိုးတို့ကို ပညာရှိတို့မှတ်သားရန် ခုရုံးပေါင်းစည်း၍ပြပေအံ့။

ရတနာပူရ အဝမြို့ကြီး၌၊ ရာဇမဏိစူဠာ ဘုရားဒါယကာ သာလွန် မင်းတရားကြီး လက်ထက်၊ ဇာဂရုပုဏ္ဏား စီရင်ရေးသားခဲ့သော "ဇာဂရုသိုက်" ဝမ်းဘဲအင်းစံမင်းလက်ထက်။ စက္ကာဘိဃောသ တံဆိပ်တော် ရသော နတ်စက်ရှောင် ဆရာတော် စီရင် ရေးသားခဲ့သော "နတ်စက်ရှောင်သိုက်" ၎င်းသိုက် ကိန်း နှစ်စောင်သည်။ ညီညွတ်သောအရာဌာနများ၍၊ မညီညွတ်သော အရာ စိုးစဉ်းသာရှိသည်။ သို့ဖြစ်၍ အတိတ်အနာဂါတ် အကျိုး အကြောင်းများကို၊ နောက်သား နောင်လာ ပညာရှိ အပေါင်းတို့ အလွယ်တကူမှတ်ယူကြည့်ရှုရအောင်။ စပ်ဘက်ပူးတွဲ၍ရေးသား ထားပေအံ့။

ပဉ္စသာသနဝဿသဟဿံ။ ဋ္ဌိတံကတွာပဏ္ဏသက္ကရာဇေ။
နဘုဥ္စနသေသံသုဘာသုဘလက္ခဏာကိန္နရံဘာဝတိ။ ။

အနက်ကား။ ။ပဉ္စသာသနဝဿသဟဿံ၊ သာသနာတော် နှစ် ၅၀၀၀-ကို။ ဋ္ဌိတံကတွာ။ တည်သည်ကိုပြု၍။ ပဏ္ဏသက္ကရာဇေန ရောက်သောသက္ကရာဇ်ဖြင့်၊ ဘုဥ္စနသေသံ၊ စားကြွင်းဖြစ်သော ဂဏန်းသည်။ သုဘာသုဘလက္ခဏာကိန္နရံ၊ ကောင်းမကောင်းကို မှတ်ကြောင်းဖြစ်သောကိန်းသည်။ ဘာဝတိ။ ဖြစ်၏။ ။၎င်းကိန်း၌ လိုအပ်သော ဂဏန်း ထွက်အောင်။ ဗိဒုကတ်သင်္ချာနှင့် အညီယူ လေ။ ။

ပိဋကတ်သင်္ချာ နည်းယူဟန်ကိုကား။ အောက်၌ပြအပ်သော ပုံစံအတိုင်းမှတ်လေ။

၁	၂	၃	၄	၅	၆	၇	၈	၉
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ
ယ	ရ	လ	ဝ	သ	ဂ့	ဝ့	ဟ	ဠ
ပ	ဖ	ဗ	ဘ	မ				

သရရှစ်လုံး ည အက္ခရာ။ နှ အက္ခရာ။ ဤဆယ်လုံးသော အက္ခရာတို့ကိုကား။ သုညမည်၏ဟုမှတ်။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၀၁		စန္ဒဏသေသကာလေ။ ၅၉၆-ခုကြွင်းသော့ ကာလ၌။ချမည့ရဋ္ဌဝါသီနော။ရာမညတိုင်း၌နေ ကုန်သော။ သဗ္ဗဇနာ။ ခပ်သိမ်းသောလူတို့သည်။ ကမ္ဘိသဿန္တိ။တုန်လှုပ်ကုန်လတ္တံ့။
	၂၂၈၃	စက်ချာခင်းကြွင်း။ ကိန်းများမင်း။ ထွန်းလင်း စည်ပင်သာလတ္တံ့။
၁၁၀၂		ခန္ဓဏ သေသ ကာလေ။ ၅၉၂-ခု ကြွင်း သောကာလ၌။ စညကွဓရ ကုလဇာတာ။ စည

ကောဇာ	သာသနာ	ဟောကိန်း
		အက္ခရာနှင့် ယှဉ်သော တလိုင်းလူမျိုးသည်၊ ပမက္ခရကုလံ။ ပမအက္ခရာနှင့်ယှဉ်သော မြန်မာလူမျိုးကို။ ဟိသနတ္တ။ ညှင်းဆဲခြင်းငှာ။ စိတ္တယိသတ္တိ။ ကြံကြကုန်လတ္တံ့။
	၂၂၇၄	လွှတ်ရာခိုင်ခိုင်။ မနေနိုင်။ ရန်ဆိုင်မင်းခြင်းကြံလတ္တံ့။
၁၁၀၃		ဒိပဟဏ သေသကာလေ။ ၅၇၇–ခု တြွင်းသောကာလဌ္ဌ။စညက္ခရကုလာ။ စညအက္ခရာနှင့်ယှဉ်သော မွန်လူမျိုးတို့သည်။ ဥတ္တရာဘိမုခေါ၊ မြောက်မျက်နှာသို့ ရှေ့ရှုလျက်။ ယုဒ္ဓံ၊ စစ်ထိုးခြင်းကို။ကရိသတ္တိ။ပြုကုန်လတ္တံ့။
	၂၂၇၅	မြင့်ရာကုံးခေါင်။ ရန်တင်းအောင်။ တောင်လူမြောက်သို့မွှေလတ္တံ့။
၁၁၀၄		ဝဒဏသေသကာလေ။ ၅၇၄–ခုတြွင်းသောကာလဌ္ဌ။ စညက္ခရကုလဇနာ။ စ ည အက္ခရာနှင့်ယှဉ်သော မွန်လူမျိုးတို့သည်။ ဥတ္တရဒိသာနုဂတ္ဘာ။ မြောက် အရပ်သို့ သွား၍။ မနောရမ္မံ။ နှလုံးမွေ့လျော် ဘွယ်ကို။ ကရိသတ္တိ။ ပြုကုန်လတ္တံ့။
	၂၂၇၆	သာရာကုံးခင်။ ခြင်္သေ့ဝင်။ အင်းတွင်ဟသ်ာမွှေလတ္တံ့။
၁၁၀၅		နန္ဒဏသေသ ကာလေ။ ၅၇၀–တြွင်းသောကာလနိုက်။ သုနာပရန္တဝါသိနော။ သုနာပရန္တတိုင်းနိုက်နေကုန်သောသူတို့သည်။ အာတပေန။ ပူပန်ခြင်းဖြင့်။ နာနာဘယ ယုတ္တာ။ အထူးထူး

ကောဇာ	သာသနာ	ဟောကိန်း
		သောဘေးနှင့်ယှဉ်ကုန်သည်။ ဥပဒ္ဒဝါသဘ်တို့။ ဖြစ်ကုန်လတ္တံ့။
	၂၂၈၇	တောရုံကျွက်ကြီး။ မင်းများထီး။ တိုင်းကြီးအိုးနှယ်ဆူလတ္တံ့။
၁၁၀၄		တိတာဏာ သေသကာလေ။ ၅၇၆-ခုတွင်းသောကာလ၌။ သကလနဂရဝါသိနော။ အလုံးစုံသောမြို့၌နေကုန်သောလူတို့သည်။ အာဂတဘယာ။ လာလတ္တံ့သောဘေးမှ။ မောစနတ္ထာယ။ လွတ်စိမ့်သောငှာ။ ရာသီကမ္မံ။ အစုအစုပြုခြင်းကို။ကရိဿန္တိ။ပြုကုန်လတ္တံ့။
	၂၂၈၈	အဠွအဠွာ။ ခွေးခွေးမှာ။ ဗိုလ်ပါ ရုံး ပြုလတ္တံ့။
၁၁၀၇		ရထာမ သေသ ကာလေ။ ၅၇၂-ခု တွင်းသောကာလ၌။ ပမက္ခရယုတ္တကုလာ။ ပမအက္ခရာနှင့်ယှဉ်သောမြန်မာလူမျိုးတို့သည်။ ဒုတ္ထိကေန။ ငတ်မွတ်ခြင်းဖြင့်။ ပိဠိတာ။ နှိပ်စက်အပ်ကုန်သည်။ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။
	၂၂၈၉	နောနှင့် ကားအ၌။ ခွေးခွေးမှတ်။ ငတ်မွတ်ရှားပါးကုန်လတ္တံ့။
၁၁၀၈		ဟတာမ သေသကာလေ။ ၅၆၈-ခု။ တွင်းသောကာလ၌။ ကခုနက္ခရယုတ္တာ။ ကအက္ခရာခုအက္ခရာ။ နအက္ခရာနှင့်ယှဉ်ကုန်သော ရှမ်း ကုလားလူမျိုးတို့သည်။ ဝိသုံဝိသုံ အသီးအသီး။ သုခဌာနံ။ ချမ်းသာရာအရပ်တို့။ စိန္တေတွာ။ ကြံ၍။ လာယိဿန္တိ။ပြေးကုန်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၂၉၀	နန္ဒာကန်ကောင်း။ မျိုးလူပေါင်း။ငြိမ်းကြောင်း အကြံပြုလတ္တံ့။
၁၁၀၉		စာတဏ သေသကာလေ။ ၅၆၄-ခု ကြွင်း သောကာလ၌၊ ရာမည‌ဒေသဝါသိနော၊ မွန်တိုင်း၌နေကုန်သော။ သဗ္ဗဇနာ။ လူခပ်သိမ်းတို့သည်။ ကမ္ဘိသတ္တံ၊ တုန်လှုပ်ကုန်လတ္တံ့။
	၂၂၉၁	အထက် ကောင်းကင်။ ကိန်းကိုမြင်။ သည် တွင်မငြိမ်ရှိလတ္တံ့။
၁၁၁၀		နတ္တဏသေသကာလေ။ ၅၆၀-ကြွင်းသော ကာလနိက်။ ဘူမိပါလော။ ရေမြေရှင်မင်းသည်။ အညံ့ရာဇ၊ တပါးသောမင်းကို။ အညမည်၊ အချင်းချင်း။ယုဒ္ဓကမ္မ၊စစ်ထိုးခြင်းအမှုကို။ ကရိသတိ။ပြုလတ္တံ့။
	၂၂၉၂	ကန်ကော်ကုံးကြွင်း၊ စစ်မက်ခင်း၊ လူခြင်း မသင့်ရှိလတ္တံ့။
၁၁၁၁		တမေဏ သေသကာလေ။ ၅၅၆-ခု ကြွင်း သောကာလ၌၊ ဟံသာနဂရဝါသီ၊ ဟံသာဝတီ မြို့နိုက်နေသော။ရာဇာ။မင်းသည်။ အတ္တတ္တံ၊မိမိ အကျိုးငှာ။ ဇာတ္တိတဘောဂံ။ လိုအပ်သောစည်းစိမ် ရှိသည် ဖြစ်၍။ ဝိဏ္ဏာရေသတိ။ ချဲ့ထွင် လတ္တံ့။
	၂၂၉၃	ဘောမနဝါ။ ဒွေးစန္ဒာ။ ဟံသာဌာန၊ ချဲ့ လတ္တံ့။
၁၁၁၂		ရာမဏ သေသ ကာလေ။ ၅၅၂-ခု ကြွင်း သောကာလ၌။စည်ကျွရယုတ္တပူရေ၊စည်အကျွရာ

ကောဇာ	သာသနာ	ဟောကိန်း
		နှင့်ယှဉ်သောမွန်တို့ပြည်နိုင်ကြ။ တယောဥပဒ္ဒဝါ။ ဘေးသုံးပါး တို့သည်။ ကေတော။ တပြိုင်နက်။ ဘဝိဿန္တိ။ဖြစ်ကုန်လတ္တံ့။
	၂၂၉၄	လှံဓားကိုင်ကာ၊ လူတို့ရွာ။ ကြမ္မာ ယွင်းရှိကြလတ္တံ့။
၁၁၁၃		ဒါ၀ဏ သေသကာလေ။ ၅၄၈-ခု ကြွင်းသောကာလနိုင်ကြ။ စညက္ခရယုတ္တကုလာ၊ စ ည အက္ခရာနှင့် ယှဉ်သော မွန်လူမျိုးတို့သည်၊ သေနင်္ကမ္မံ။ စစ်ထိုးခြင်းအမှုကို။ ကရိဿန္တိ။ ပြုကုန်လတ္တံ့။
	၂၂၉၅	ပွင့်ပေါ် ကားကား။ အကြံပွား။ မွန်သား စစ်မက်ဆင်လတ္တံ့။
၁၁၁၄		ဝဇ္ဇဏသေသကာလေ၊ ၅၄၉-ခုကြွင်းသောကာလနိုင်ကြ။ ဟံသာနဂရရာမညရာဇာ၊ ဟံသာဝတီပြည်ကိုအစိုးရသော မွန်မင်းသည်၊ ပမက္ခရရာဇညံ့၊ မြန်မာမင်းကို။ ဝိနဿတိ။ဖျက်ဆီးလတ္တံ့။
	၂၂၉၆	သော်ခေါကန်ကြီး၊ဟာသ်ာစီး၊ အင်းကြီးသည် တွင်ပျက်လတ္တံ့။
၁၁၁၅		နဝမ သေသ ကာလေ၊ ၅၅၀ ကြွင်းသောကာလ၌။ ပမအက္ခရရာဇညော။ မြန်မာမင်းသည် ဝိနဿနေ။ ပျက်လတ်သည်ရှိသော်၊ ဥတ္တရဌာနတော။ မြောက်အရပ်မှ။ ဘူမိပါလော။ ရေမြေကိုအစိုးရသော၊ ပမက္ခရရာဇာ။ မြန်မာမင်းသည်။ ဘဝိဿတိ ဖြစ်လာလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၂၆၇	သတ်နောခါကြုံ။ မုဆိုးချုံ။ ရွှေဘုံ ရွှေနန်း စိုက်လတ္တံ့။
၁၁၁၆		စေလဏာ သေသကာလေ။ ၅၃၆–ခု ကြွင်း သော ကာလဌ်။ နဝ ရာဇညော။ အသစ် ဖြစ် သောမင်းသည်။ စတုသုဒိသာသု။ အရင်လေး မျက်နှာတို့၌။ နဒင္ကော။ ကျွေးကျော်ချိမ်းမောင်း လျက်။ ဗာဟုံ။ လက်ရုံးကို။ ပသာရေဿတိ။ ဖြန့်လတ္တံ့။
	၂၂၆၈	ရာထူးခံကာ။ မုဆိုးရွာ။ မင်းရာနန်းရိုးစိုက် လတ္တံ့။
၁၁၁၇		ရဋ္ဌဏာသေသကာလေ။ ၅၃၂-ခု ကြွင်းသော ကာလ၌။ ရာဇာနံ။ ပြည်ထောင်မင်းတို့ကို။ ဇာနိ ကဿ။ အစိုးရသော။ နဝရာဇဿ။ မင်းသစ်၏။ အာနုဘာဝေန။ အာနုဘော်ကြောင့်။ သဗ္ဗရဋ္ဌံ။ တိုင်း အလုံးသည်။ လောဘိတံ။ သွေးရှိ သည်။ ဘဝိဿတိ။ ဖြစ်လတ္တံ့။
	၂၂၆၉	နောနောဇွေးဇွေး။ ကိန်းရှည်ထွေး။ သွေးခြင်း ချောင်းသို့စီးလတ္တံ့။
၁၁၁၈		ဟေဋ္ဌဏာ သေသကာလေ။ ၅၂၈-ခု ကြွင်း သောကာလ၌။ ပမက္ခရ ယုတ္တ ရာဇာ။ မြန်မာ မင်းသည်။ ရာမညဒေသံ။ မွန်ပြည် အရင်ကို။ ဝိနာသတ္တုံ။ ဖျက်ဆီးအံ့သော၄ှာ။ ဂမိဿတိ။ သွားလတ္တံ့။
	၂၂၇၀	နန်းစည် ကြုံကျိုက်။ ကိန်းရောက် ဆိုက်။ ရှောင်လိုက်ကွေ့မင်းသေလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၁၉		ဝေဠုဏာသေသကာလေ။ ၅၂၄—ချကြွင်းသောကာလ၌။ စည်ကန္တရယုတ္တရာဇာ။ မွန်းမင်းသည်။ ပမကန္တရယုတ္တရည်သော။ မြန်မာမင်း၏။ ဟတ္ထေ။ လက်၌။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ဥပဂမိဿတိ။ ရောက်လတ္တံ့။
	၂၂၃၁	အနန္တစော်ကား၊ မွန်တလွှား။ ပူးသားမဆိုးဖျက်လတ္တံ့။
၁၁၂၀		နဠဏာ သေသကာလေ။ ၅၂၀ ကြွင်းသောကာလ၌။ ပမကန္တရနဝရာဇာ။ မြန်မာမင်းသစ်သည်။ သောမနဿံ။ နှစ်လိုဝမ်းသာ။ ဝိဇိတံ။ ဟိုင်းနိုင်ငံကို။ ဝိဇ္ဇာရေဿတိ၊ ချဲ့လတ္တံ့။
	၂၂၃၂	ကနက်ဆောင်းကာ။ ပူးရာဇာ။ ပြည်ရွာတိုင်းကားချဲ့လတ္တံ့။
၁၁၂၁		စဋ္ဌဏာသေသကာလေ။ ၅၁၆-ချကြွင်းသောကာလ၌။ သုနာပရန္တရာဇသော။ သုနာပရန္တမင်း၏။ အမစ္စော။ အမတ်သည်။ မနောဒေါသံ။ နှလုံးပြစ်မှားခြင်းကို။ ကတွာ။ ပြု၍။ ဝိပ္ပကာရံ။ သစ္စာဖောက်ပြန်ခြင်းသို့။ ပါပုဏိဿတိ။ ရောက်လတ္တံ့။
	၂၃၀၃	စံနန်းပိုးကာ။ မတ်အင်္ဂါ။ သစ္စာပေါက်ပြန်သွေလတ္တံ့။
၁၁၂၂		ခဋ္ဌဏာသေသကာလေ။ ၅၁၂-ချ ကြွင်းသောကာလ၌အညမညာရာဇကုလတော။ အချင်းချင်းမင်းမျိုးမှ။ နိက္ခမိတွာ။ ထွက်၍။ မနောဒေါသေနစိတ်ပြစ်မှားခြင်းဖြင့်။ ဒွိဇနာ။ နှစ်ရု

ကောဇာ	သာသနာ	ဟောကိန်း
		သော လူတို့ သည်၊ ဘဝိဿန္တိ၊ ဖြစ် ကုန် လတ္တံ့။
	၂၃၀၄	လူနတ်စော်ကား၊ အကြီပြား။ ပုန်စားအမျိုး ပေါ်လတ္တံ့။
၁၁၂၃		ဟညာဏာ သေသကာလေ။ ၅၀၈-ခုတွင်း သော ကာလ၌၊ ကေတုမဒိနဂရေ။ ကေတုမဒီ မြို့၌။ အညမညဝိနာသနံ၊ အချင်းချင်းဖျက်ဆီး ခြင်းလုံ။ဂမိဿတိ။ရောက်လတ္တံ့။
	၂၃၀၅	မနာစစ်ကြီး။ ကိန်း၌မှီး။ ပျက်စီး တောင်ငူ ကျေလတ္တံ့။
၁၁၂၄		ဝိညာဏာ သေသကာလေ။ ၅၀၄-ခုတွင်း သောကာလ၌၊ ပမက္ခရရာဇဒေသေ။မြန်မာပြည် နိုက်။ မနုဿာ။လူတို့သည်။ မနောရမံ။နှလုံးမွေ့ လျော်သည် ဖြစ်၍၊ ဒါနံ။ အလှူကို။ ဒဿန္တိ။ လှူကုန်လတ္တံ့။
	၂၃၀၆	ပူးနှင့်နဂါး။ခြသေ့ ကျား။ တိုင်းကားသာယာ စည်လတ္တံ့။
၁၁၂၅		အညာဏာ သေသ ကာလေ၊ ၅၀၀-တွင်း သောကာလနိုက်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်နိုက်။ သမဏာ။ရဟန်းတို့သည်။ အနုမောဒမာနာ။ ဝမ်းမြောက် ဝမ်းသာ ကုန် သည်။ ဟုတ္တာ။ ဖြစ်၍၊ ဝိဟာရိဿန္တိ၊ နေကုန် လတ္တံ့။
	၂၃၀၇	ထီးနန်းစိုးခါ။ သာသနာ၊ ရောင်ဝါထွန်းလင်း စည်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၂၆		ရုဠ္ဌာဝ သေသ ကာလေ။ ၄၉၆-ခု ကြွင်း သောကာလနိုက်။ ကမ္ဗောဇဟာရိပုဥ္ဇာ။ ကမ္ဗော ဇတိုင်း။ ဟာရိပုဥ္ဇတိုင်းသား ရှမ်းလူမျိုးတို့သည်။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ပါပုဏိသာ တ္တိ။ရောက် ကုန်လတ္တံ့။
	၂၃၀၈	ရွှေနန်း စံကြ။ ကိန်းရောက်က။ မြန်မာ့ပြည် တွင်သာလတ္တံ့။
၁၁၂၇		ခန္တာဝ သေသ ကာလေ။ ၄၉၂-ခု ကြွင်း သောကာလ၌။ တမ္ဗဒီပရာဇဋ္ဌာနေ။ မြန်မာပြည် နိုက်။ ဘောမပုတ္တော။ အင်္ဂါသားသည်။ နဂရံ။ မြို့ကို။မာပေဿတိ။ဖန်ဆင်းလတ္တံ့။
	၂၃၀၉	ဌာနစစ်ကိုင်း။ သာယာနိုင်း။ သမိုင်းအသစ် ဖြစ်လတ္တံ့။
၁၁၂၈		ဟောဒဝ သေသ ကာလေ၊ ၄၈၈-ခု ကြွင်း သော ကာလနိုက်၊ ယောနကရဋ္ဌေ။ ယောနက တိုင်း၌။ ဒွါရာဝတီနဂရံ။ ဒွါရာဝတီပြည်သည်။ ဝိနဿတိ။ပျက်လတ္တံ့။
	၂၃၁၀	နှံ့အောင်စော်ကား၊ ယိုးဒယား။ တိုင်းကား အကုန်ပျက်လတ္တံ့။
၁၁၂၉		ဘာဇဝ သေသ ကာလေ၊ ၄၈၄-ခု ကြွင်း သောကာလ၌။ တမ္ဗဒီပရဋ္ဌေ။တမ္ဗဒီပတိုင်းနိုက်။ ရတနာပူရနဂရံ၊ ရတနာပူရမြို့ကို၊ နဝံ။ အသစ်။ ကာရေဿတိ။ပြုပြင်လတ္တံ့။
	၂၃၁၁	အခုပ်ဩဆင်ကောင်း။ ကိန်းမြို့ဟောင်း၊ ထပ် လောင်းအသစ်တည်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၃၀		နန္ဒဝ သေသ ကာလေ။ ၄၇၀-ကြွင်းသော ကာလ၌၊ တမ္ဗဒီပရဋ္ဌေ၊ တမ္ဗဒီပ တိုင်း၌၊ ဗုဒ္ဓသာသနံ၊ ဘုရားသခင် သာသနာ တော်သည်။ ဇောတေသတိ၊ ထွန်းလင်း တောက်ပ လတ္တံ့။
	၁၃၁၂	ချစ်ဦးစကား၊ ပြောကြပြား၊ ဘုရားဖိနည်း ထွန်းလတ္တံ့။
၁၁၃၁		တထာဝ သေသကာလေ၊ ၄၇၆-ခု ကြွင်း သောကာလ၌၊ တမ္ဗဒီပ နဂရ၀ါသိနော၊ မြန်မာ ပြည်၌နေသောလူအပေါင်းတို့သည်၊ ဒါနံ၊ အလှူ ကို ဒဿန္တိ၊ လှူကုန်လတ္တံ့။
	၂၃၁၃	ဆင်ဦးစီးကား၊ တရားရှာ၊ ကောင်းစွာ အလှူ ပေးလတ္တံ့။
၁၁၃၂		ရထာဝ သေသ ကာလေ၊ ၄၇၂--ခု ကြွင်း သောကာလ၌၊ သုနာပရန္တဌာနေ၊ မြန်မာပြည် အရပ်၌၊ ဂန္ဓာလ ၀ါသိနော၊ တရုပ် လူမျိုးတို့ သည်၊ ပရာဇယိဿန္တိ၊ ရှုံးကုန်လတ္တံ့။
	၂၃၁၄	လှအောင်စံခိုင်း၊ မြန်မာတိုင်း၊ အရှိုင်းပုံစား ကုန်လတ္တံ့။
၁၁၃၃		ဟတာဝ သေသကာလေ၊ ၄၆၈--ခု ကြွင်း သော ကာလ၌၊ သုနာ ပရန္တ ဒေသေ၊ မြန်မာ ပြည်အရပ်၌၊ သာသနံ၊ သာသနာတော်သည်၊ ဇောတေသတိ၊ ထွန်းတောက်ပလတ္တံ့။
	၂၃၁၅	ပန်းဦးဆင်ကာ၊ သာသနာ၊ ရောင်ဝါထွန်း လင်းစည်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၃၄		ဃထာဝ သေသကာလေ။ ၄၆၄-ခု ကြွင်းသောကာလ၌။ သုနာပရန္တဒေသေ။ မြန်မာပြည်အရပ်၌။ ဧက ဆတ္တံ။ ထီးဖြူ တစင်း သည်။ ဝဇ္ဇေသတိ။တိုးပွားလတ္တံ့။
	၂၃၁၆	သာအောင်စစ်ကြီး။ ကိန်းမှာမှီး။ ဖွေထီးတစင်းတိုးလတ္တံ့။
၁၁၃၅		အန္တဝ သေသကာလေ။ ၄၆၀–ကြွင်းသောကာလ၌။ သုနာပရန္တေ။ မြန်မာတိုင်း၌။ ဂရုဠ္ဌောရာဇာ။ ဂဠုန်မင်းသည်။ ပုရကိစ္စံ။ပြည်ထဲရေးကို။ ကရိဿတိ။ပြုလတ္တံ့။
	၂၃၁၇	တဦးစိတ်ကုန်၊ ငှက်ဂဠုန်။ ရန်ကုန်ပြည်ထဲပြုလတ္တံ့။
၁၁၃၆		စမ္မာဃ သေသ ကာလေ။ ၄၅၆-ခု။ ကြွင်းသော ကာလ၌။ သုနာပရန္တ ဠာနိကေ။ မြန်မာတိုင်း၌ နေသောသူတို့ကို။ အညပုရ ဝါသိနော။ တပါးပြည်၌နေကုန်သောသူတို့သည်။ ဝိနဿန္တိ။ ပျက်ဆီးကုန်လတ္တံ့။
	၂၃၁၈	ရန်အောင် စစ်ကိုင်း။ ကိန်းသမိုင်း။ အရိုင်းနဂါးကုန်လလတ္တံ့။
၁၁၃၇		ရမ္မာဝ သေသ ကာလေ။ ၄၅၂–ခု ကြွင်းသောကာလ၌။ ဂရုဠ္ဌရာဇာ။ ဂဠုန်မင်း သည်။ သုညာဂါရံ။ ဆိတ်ငြိမ်ရာအရပ်တို့။ ဥပဂမိဿတိ။ကပ်လေလလတ္တံ့။
	၂၃၁၉	ဈေးဦးဆစ်ခါ။ ရှားတတ်စွာ။ ယာဇာယာရှိပြုလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၃၇		ဒွိစတ္တ ၀ သေသ ကာလေ၊ ၄၃၇–ခု တွင်း သောကာလန္တိက်၊ ဂရုဋ္ဌရာဇာ။ ဂဠုန်မင်းသည်။ သုညာဂါရံ၊ ဆိပ်ငြိမ်ရာ အရပ်သို့၊ ပဝိသိဿတိ။ဝင်ရလတ္တံ့။
	၂၃၂၀	နတ်ကဆင်ကောင်း။ မင်းမြတ်လောင်း။ ရွှေ့ပြောင်းခန္ဓာကွယ်လတ္တံ့။
၁၁၃၉		ဘစတ္တ ၀ သေသကာလေ။ ၄၄၄–ခုတွင်းသောကာလန္တိ၊ ရဝိသုနော။ ဂဠုန်ရင်သွေးဖြစ်သော။ ဗျဂ္ဃရာဇာ။ ကျားမင်းသည်။ ဘဝိဿတိ။ ဖြစ်လာလတ္တံ့။
	၂၃၂၁	အကုန်စကား။ ဂဠုန်သား။ ကျားလျှင်မင်းသစ်ပြုလတ္တံ့။
၁၁၄၀		နာဂဿာစ သေသကာလေ။ ၄၄၀–တွင်းသောကာလန္တိ။ ဗျဂ္ဃရညော၊ ကျားမင်း၏။ ကာလေ၊ လက်ထက်၌။ ပစ္စတ္တိကာ၊ ရန်သူပုန်တို့သည်၊နသံဝိဇ္ဇန္တိ။မရှိကုန်လတ္တံ့။
	၂၃၂၂	ချစ်ခင်စိတ်ကုံ၊ ရန်သူကုန်၊ သူပုန် သူကန်ရှားလတ္တံ့။
၁၁၄၁		တိဗောစ သေသကာလေ။ ၄၃၆–ခု တွင်း သော ကာလန္တိ၊ ဗျဂ္ဃရာဇာ၊ ကျားမင်း သည်။ မနုဿေ။လူတို့ကို၊ အဓမ္မေ။မတရားသောအမှု၌၊ နိယောဇေဿတိ။ယှဉ်စေလတ္တံ့။
	၂၃၂၃	စစ်ချီစကား။ မပြောဌား။ သောက်စားအရှုံးပေါ်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၄၂		ခဂ္ဂဝသေသကာလေ။ ၄၃၂-ခု ကြွင်းသောကာလန္တိက်။ထူပစေတီယာဒယော။ စေတီပုထိုး အစရှိသည် တို့သည်။ ဘိဇ္ဇန္တိ။ ပြိုပျက် ကုန်လတ္တံ့။
	၂၃၂၄	လူကြီးစိတ်ကြိုက်။ ကိန်းခန်းဆိုက်။ နံ့လိုက်ဘုရားပြိုလတ္တံ့။
၁၁၄၃		ဇရာစာ သေသ ကာလေ၊ ၄၂၈-ခု ကြွင်းသောကာလန္တိက်။ ဗျဂ္ဃသာ။ ကျား၏၊ ဘဝနံ၊ နေရာကို၊ ဥန္ဒုရေန။ကြွက်သည်၊ ဘဘိသတိ။ ရလတ္တံ့။ ဥန္ဒုရသာ။ကြွက်၏။ ဘဝနံ။နေရာကို။ ကာကော။ ကျီးသည်။ ဥဂ္ဂဏှိသတိ။ လုယူလတ္တံ့။
	၂၃၂၅	မင်းကောင်းစံရာ။ ကြွက်ရန်ရှာ။ ကာကာရွေ နန်းစိုးသတ္တံ့။
၁၁၄၄		ဘရာစာ သေသကာလေ၊ ၄၂၄-ခု ကြွင်းသောကာလ၌။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော မင်းသည်၊ပူရာဏာနဂရံ၊မြို့ဟောင်းကို။ ဇဟိတွာ။ စွန့်၍။နဝံပူရံ။ မြို့သစ်သို့။ ဂမိဿတိ။ ပြောင်းသွားလတ္တံ့။
	၂၃၂၆	သည်ကစက်ကြ။ ရွှေအင်းဝ။ ဌာနမြို့သက်ကုန်လတ္တံ့။
၁၁၄၅		နဠောစာ သေသ ကာလေ။ ၄၂၀-ကြွင်းသောကာလန္တိက်။ဆတ္တသမုဟဋ္ဌာနေ။ထီးပေါင်းခအရပ်န္တိက်။ နဝံပူရံ။ မြို့သစ်သည်။ ဘဝိဿတိ။ ဖြစ်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၃၂၇	တကြိုမ် စံကြာ။ ထီး ပေါင်းခါ။ ၊ ဋ္ဌာန မြို့သစ် တည်လတ္တံ့။
၁၁၄၆		စက္ကာဘိ သေသကာလေ။ ၄၁၆-ခု ကြွင်း သောကာလန္တိက်။ မဇ္ဈဂိရိဒေသေ။ ရခိုင်သန်တွဲ အရပ်နိုက်။ ဉာဝတီနဂရံ။ ဓညဝတီမြို့သည်။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ပါပုဏိဿတိ. ရောက် လတ္တံ့။
	၂၃၂၈	ရန်ကုန်စိတ်ကောင်း။မင်းစောလောင်း။ ကိန်း ပြောင်းရခိုင်ပျက်လတ္တံ့။
၁၁၄၇		ခယဝ သေသ ကာလေ။ ၄၁၂-ခု ကြွင်း သောကာလန္တိက်။ သုနာပရန္တ ဒေသေ။ မြန်မာ တိုင်းနိုက်။ကာကောရာဇာ။ ကျီးမင်းသည်။ သေ နင်္ဂသဘာယံ။ စစ်ပွဲ သဘင်သို့။ နိက္ခမိဿတိ။ ထွက်လတ္တံ့။
	၂၃၂၉	နေသွန်ငွေ့စမ္မာကြီးဒွါ။ ဗုဒ္ဓကိုယ်စား။ ဘုရားမြတ် စွာ။ရွှေပြည်သာသို့ကြွလတ္တံ့။
၁၁၄၈		ဒါနဝသေသကာလေ။ ၄၀၈-ခုကြွင်းသော ကာလ၌။ ဇေယျာဝဍ္ဍနရာမညဒေသေ။ ဇေယျာ ဝဍ္ဍနတိုင်း။ ရာမညတိုင်းအကြားအလယ်၌။ အဗ္ဗိ ရာသိ။အရိုးစုသည်။ ဂိရိပမာဏံ။တောင်လောက် ရှိသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။
	၂၃၃၀	နန်းစံစစ်ကူ။ ရန်စထူ။ ဗိုလ်လူအများ သေ လတ္တံ့။
၁၁၄၉		ဃာနာဘိ သေသကာလေ။ ၄၀၄-ခု ကြွင်း သောကာလ၌။ ဇေယျာဝဍ္ဍနသုနာပရန္တရာဇာ။

ကောဇာ	သာသနာ	ဟောကိန်း
		ဧယျာဝဇ္ဇန မင်း။ သုနာပရန္တ မင်း တို့သည်၊ အညမညံ၊ အချင်းချင်း၊ ယုဒ္ဓံ၊ စစ်ထိုးခြင်းကို၊ ကရိဿန္တိ၊ပြုကုန်လတ္တံ့။
	၂၂၃၁	ဦးစွာဆင်ကောင်း၊ လတပေါင်း၊ မျိုးပေါင်း ဗိုလ်ပါ၊ရှမ်းတို့ရွာမှာနေလတ္တံ့။
၁၁၅၀		အနာဗာသေသလာလေ၊ ၄၀၀-ကြွင်းသော ကာလ၌၊ ကာကောရာဇဗ္ဗာနေ၊ ကျီးမင်းမြို့၌၊ ဝသန္တာ၊ နေကုန်သော၊ မနုဿာ၊ လူတို့သည်၊ အဂ္ဂိဝိယ၊မီးကဲ့သို့၊ ဘဝိဿန္တိ၊ဖြစ်ကုန်လတ္တံ့။
	၂၂၃၂	ကိုယ်စား စိတ်ကုန်၊ မျိုးလူပုံ၊ ငြိမ်းတံ့မရှိပူလတ္တံ့.
၁၁၅၁		တဏှာလ သေသ ကာလေ၊ ၃၉၆-ချကြွင်း သောကာလ၌၊ ကာကောရာဇဗ္ဗာနေ၊ ကျီးမင်း မြို့၌၊ ဝသန္တာ၊ နေကုန်သော၊ မနုဿာ၊ လူတို့ သည်၊ အဂ္ဂိဝိယ၊မီးကဲ့သို့၊ ဘဝိဿန္တိ၊ဖြစ်ကုန် လတ္တံ့။
	၂၃၃၃	စံစားပိုးကဲ၊လူခဲ၊စွမ်းရဲမရှိကုန်လတ္တံ့။
၁၁၅၂		ရဓဗသေသကာလေ၊ ၃၉၂-ချကြွင်းသော ကာလနိုက်၊ ကာကောရာဇာ၊ ကျီးမင်းသည်၊ ဥတ္တရဒိသံ၊ မြောက်အရပ်သို့၊ ဂတ္ဂ်ာ၊ သွား၍၊ ယာဂီယာတရာကမ္မံ၊ ယာဂီယာတရာမှုကို၊ က. ရိဿတိ၊ပြုလတ္တံ့။
	၂၃၃၄	လုံစွာ စိမ့်ကြောင်း၊ လူအပေါင်း၊ ထောင့် ကောင်းရာသို့ခိုလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၅၃		ဒယလ သေသ ကာလေ။ ၃၀၀-ချွင်း သောကာလ၌၊ဇေယျာဝဍ္ဎနဒေသေ၊ဇေယျာဝဍ္ဎန တိုင်း၌၊ ဒွါရာဝတီရာဇာ၊ ဒွါရာဝတီမြို့ကို အစိုးရသော ယိုးဒယားမင်းသည်။ မရှိသတိ၊ သေလတ္တံ့။
	၂၃၃၅	ပန်းညှိုးဆက်ခါ။ ပြည်ဒွါရာ၊ ရာဇာစိုးမင်း သေလတ္တံ့။
၁၁၅၄		ဝိဇာလ သေသ ကာလေ၊ ၃၀၄-ချွင်း သောကာလ၌။ သုနာပရန္တ ဇေယျနဝဍ္ဎနဇနာ၊ သုနာပရန္တတိုင်းသား၊ ဇေယျာဝဍ္ဎနတိုင်းသား၊ နှစ်ပါးသော လူတို့သည်၊ အညမညံ့၊ အချင်းချင်း၊ ဒုက္ခ၊ ဆင်းရဲ ကုန်သည်၊ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။
	၂၃၃၆	သဇင်စွဲကိုင်၊ လမ်းဗိုင်ဗိုင်၊ ရန်ဆိုင် နှစ်ဦး သေလတ္တံ့။
၁၁၅၅		နဒါလ သေသကာလေ။ ၃၀၀-ကြွင်းသော ကာလ၌၊ဇာတေဝသပဉ္စာယ။ ဤ ၁၁၅၅-ခု နှစ်မှစ၍၊ ဒွေတြိံဒွေကေသဟဿံ။ ၁၂၃၂-ခု နှစ်တိုင်အောင်၊ သတ္တသတ္တတိဝဿာနိ၊ ၇၇-နှစ် တို့ပတ်လုံး၊ အညမညံ့၊ အချင်းချင်း၊ နိကာရုဏိကံ၊ သနားခြင်း မရှိသည် ဖြစ်၍၊ ဒုက္ခံ၊ တော်မွတ်ရှားပါးသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။
	၂၃၃၇	တံဆိပ်စာ ကောင်း။ မိန့်တော် ဟောင်း၊ ထောင်းထောင်းပြည်ရွာကြေလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၅၆		တံသူလသေသ ကာလေ၊ ၃၇၆–ခု ကြွင်းသော ကာလန္တိက်။ပစ္စန္တဝါသိနော။တိုင်းစွန်ပြည်နား၌ နေကုန်သောသူ တို့သည်။ စောရဝိလုပ္ပ။ ခိုးဝှက်လုရက်ခြင်းကို။ ကရိဿန္တိ။ ပြုကြကုန်လတ္တံ့။
	၂၃၃၈	ရာဇာ စစ်ကူ၊ မိန့်တော်ထူ၊ ပြည်သူ ပြည်သားငတ်လတ္တံ့။
၁၁၅၇		ရထာလ သေသကာလေ၊ ၃၇၂-ခု ကြွင်းသောကာလ၌၊ သဗ္ဗရဋ္ဌေ၊ အလုံးစုံသောတိုင်းနိုင်ငံ၌။ ဗျဿပိဋ္ဌိတောတိ။ကျွားမင်းမှုသည်ဟူ၍၊ ကောလာ ဟာလံ၊ အုပ်အုပ် ကျက်ကျက်။ ဘဝိဿတိ။ဖြစ်လတ္တံ့။
	၂၃၃၉	နောနှင့်ကြိန်း။ တိခွေးကိန်း။ ခပ်သိမ်းပြည်သူကြေလတ္တံ့။
၁၁၅၈		ဇတိလ သေသ ကာလေ၊ ၃၆၈–ခု ကြွင်းသောကာလ၌။ ဗျဿရာဇာနံ၊ ကျွားမင်းကို။ အတိဗာလော။ အလွန်မိုက်သောသူသည်။သတ္တုရုကရဋ္ဌာ၊ ရန်ပြု ခြင်းကြောင့်။ အတ္တဝိနာသံ။ မိမိပျက်စီးခြင်းသို့။ဂမိဿတိ။ရောက်လတ္တံ့။
	၂၃၄၀	နန်းလျာစိုးခိုက်၊ ကိန်းအလိုက်၊ လူမိုက်ပုံခံပြုလတ္တံ့။
၁၁၅၉		ဃတာလ သေသကာလေ။ ၃၆၄-ခု ကြွင်းသော ကာလ၌၊ ကာက ရာဇာနံ၊ ကျီးမင်းကို၊ အန္တဗာလံ။ အလွန်မိုက်သောသူသည်၊ ရောသ

ကောဇာ	သာသနာ	ဟောကိန်း
		နေနု၊ချုပ်ချယ်နှောင့်ရှက်သဖြင့်၊ဝိနသသတိ၊ပျက်စီးလတ္တံ့။
	၁၃၄၁	အချွင်စကား၊ မတည်ကြား၊ပုံစားရန်ရှာပြုလတ္တံ့။
၁၁၆၀		နတဂ္ဂ သေသကာလေ၊ ၃၆၀- ကြွင်းသောကာလ၌၊ မနုဿာ၊ လူတို့သည်၊ အဓမ္မကမ္မံ၊ မတရားသောအမှုကို၊ ဇူဗ္ဗိတာ၊ အလိုရှိ ကုန်သည်၊ ဟုတွာ၊ ဖြစ်၍၊ မရိသဿန္တိ၊ သေကုန်လတ္တံ့။
	၂၃၄၂	ကလူစားခိုက်၊ လူငမိုက်၊ စိတ်ကြိုက်မနေလားလတ္တံ့။
၁၁၆၁		စမ္မလသေသကာလေ၊ ၃၅၆–ခုကြွင်းသောကာလ၌၊ မနုဇိန္ဒသာ၊ လူတို့ကိုအစိုးရသောမင်း၏၊ ဇူဗ္ဗိတကမ္မံ၊ အလိုရှိအပ်သော အမှုကို၊ နဂရာ၊ ပြည်သူတို့သည်၊ အမနာပါ၊မနှစ်လိုကုန်သည်၊ဘဝိဿန္တိ၊ဖြစ်ကုန်လတ္တံ့။
	၂၃၄၃	စောလှစည်းခံ၊ ကိန်းမှာတုံ၊ သူပုန်သူကန်များလတ္တံ့။
၁၁၆၂		ရေမင်္ဂသေသကာလေ၊ ၃၅၂-ခု ကြွင်းသောကာလနိုက်၊ ဇာရာဘိသေကော၊ ဘိသိက်ခံသောမင်းလက်ထက်နိုက်၊ ပိဋကဇေဒါနို၊ ပိဋကတ်ကျမ်း၊ ဗေဒင်ကျမ်းတို့သည်၊ အန္တရဓာယန္တိ၊ ကွယ်ကုန်လတ္တံ့။ ဂေါရိနာဂါ၊ ဆင်ဖြူမလည်းရောက်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၃၄၄	လေးလှံစွဲကာ။ ကိန်းကိုရှာ။ ရာဇာ ယာဒိုပြုလတ္တံ့။
၁၁၆၃		ဇယ်လ သေသ ကာလေ။ ၃၄၈—ခု ကြွင်းသောကာလန္တိုက်။ တရုတ်ပြည်။မိန်းမပျိုတို့သည်။ ရဒ္ဓသဝဏ္ဏာနို။ တိုတောင်းသော အဝတ်ထဘီတို့ကို။ နိဝါသေတွာ။ ဝတ်၍။ ဆူတောစိတော။ ထိုမှ၍မှ။ ဝါဏိဇ္ဇကမ္မ။ ကုန်သွယ်ခြင်းအမှုကို။ ကရိဿန္တိ။ပြုကုန်လတ္တံ့။
	၂၃၄၅	ပင်လယ်စစ်ကူ။ ကရင်ဖြူ။ ဗိုလ်လူရန်ဖွေးပြုလတ္တံ့။
၁၁၆၄		ဘဝဂ်သေသကာလေ။ ၃၄၄-ခုကြွင်းသောကာလ၌။ စညကဏ္ဍရဋ္ဌေ။ တလိုင်းရှမ်းလူမျိုးတို့၏ အကြား၌။ ဗဟုဇနာနံ။ များစွာသောလူတို့၏။လောဟိတံ။သွေးသည်။ ဝါတေဿတိ။ချောင်းစီးလတ္တံ့။ နဝံပူရံ။ မြို့သစ် တည်သည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။
	၂၃၄၆	သည်လျှင်စစ်ကြီး။သွေးချောင်းစီး။ ပြည်ကြီးအသစ်တည်လတ္တံ့။
၁၁၆၅		နဝင် သေသကာလေ။ ၃၄၀—ကြွင်းသောကာလ၌။ ဗဟုဇနာနံ။ များစွာသော လူတို့ကို။ ဝိသုံဝိသုံ။ အသီးအသီး။ ကြီးရာသိ။ သုံးရသုံးပုံ။ ပဝတ္တာယ။ ဖြစ်ခြင်းငှာ။ ရာဇာ။ မင်းသည်။ စိန္တေဿတိ။ကြံလတ္တံ့။
	၂၃၄၇	တလိုင်းစိတ်ကောက်။ အကြံပေါက်။ခဲလေသံဆန်သို့ပြုလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၆၆		စဂ်လသေသကာလေ။ ၃၃၆-ခုကြွင်းသောကာလ၌။ ရာဇာ။မင်းသည်။ ဗဟုဇနာနံ။ များစွာသောလူတို့၏၊ မန်။ စိတ်ကို။ ဟာသံ ကတွာ။ ရွှင်လန်းခြင်းကိုပြု၍။ဒသာတိ။ပေးလတ္တံ့။
	၂၃၄၈	ရန်လွှန် စေကြောင်း။ သွားတုံ့ရှောင်း။ လူပေါင်းသုံးရပ်ကွဲလတ္တံ့။
၁၁၆၇		ရာဂိလ သေသ ကာလေ။ ၃၃၂—ခု ကြွင်းသောကာလ၌။ ပုမိတ္တိ မနုဿာ။ လူမိန်းမ လူယောကျ်ား အပေါင်း တို့သည်။ ဝိကိရိသန္တိ။ ဖယိုဖရဲကွဲပြားကုန်လတ္တံ့။
	၂၃၄၉	ဈေးလမ်း စစ်ကြောင်း။ လူ အပေါင်း။ ထောင်းထောင်းသည်တွင်ကြေလတ္တံ့။
၁၁၆၈		ဒါရုလ သေသ ကာလေ။ ၃၂၈-ခု ကြွင်းသောကာလ၌။ ရာဇာ နုဘာဝေန။ မင်း၏အာနုဘော်ကြောင့်။ သေတနာဂံ။ ဆင်ဖြူသည်။ ဒက္ခိဏတော။ တောင်အရပ်မှ။ အာဂမိဿတိ။ လာရောက် လတ္တံ့။ ဗိယာ ဘရိယာပိ။ ချစ်စွာသောမယားသည်လည်း။မရိဿတိ။သေလတ္တံ့။
	၂၃၅၀	နိဗ္ဗာန်ဆင်ကောင်း။ မရောက်ထောင်း။ အလောင်းမင်းအား။နှစ်ပါးချစ်သူကွေလတ္တံ့။
၁၁၆၉		ဘရဂု သေသ ကာလေ။ ၃၂၄-ခု ကြွင်းသောကာလ၌။ မနုဿာ။ လူတို့သည်။ အညမညံ။အမျိုးအချင်းချင်း။ နိကာရနိကံ။သနားခြင်းကင်းကြသည်။ဘဝိဿတိ။ဖြစ်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၃၅၁	အပွင့်စကား။ ကိန်းနှင့် ငြား။ တိုင်းကား ရိုက်ရိုက်တုန်လတ္တံ့။
၁၁၇၀		နိရာဂ သေသကာလေ။ ၃၂၀- ကြွင်းသော ကာလ၌၊ ဗဟုဇနာနံ။ များစွာသောလူတို့အား။ တီပတိ ဗျာဓိပတိ။ ကပ်သုံးပါး တို့ဖြင့်။ ပိဋ္ဌိတာ။ နှိပ်စက် အပ်ကုန်သည်၊ ဘဝိဿန္တိ၊ ဖြစ်ကုန် လတ္တံ့။
	၂၃၅၂	ကြမ္မာဆိုးကျ။ ကပ်သုံးဝ၊ တော်ကြလူပေါင်း မင်းလောင်းနန်းလျှာသေ လတ္တံ့။
၁၁၇၁		စက္ကုလ သေသ ကာလေ။ ၃၁၆-ချကြွင်း သောကာလ၌၊ ရာဇာဘိသေကစိန္တနေ၊ ရာဇ ဘိသိက် သွန်းမည် ကြံသောအခါ၌၊ ဇ္ဈတောဝိ တော၊ ထိုမှဤမှ။ အညမည့်၊ အချင်းချင်း၊ ဂရု ဟိဿန္တိ၊ ကဲ့ရဲ့ကုန်လတ္တံ့။
	၂၃၅၃	စင်ဖြူစိမ့်ကြောင်း၊ ဘိသိက်လောင်း။ ချောင်း ၍ကိုယ်စီနေလတ္တံ့။
၁၁၇၂		ဝိပလသေသ ကာလေ။ ၃၁၂-ချကြွင်းသော ကာလ၌၊ သုနာပရန္တ ဒေသေ။ မြန်မာ တိုင်း၌၊ မဟိဒ္ဓိက ရာဇနုဂရံ၊ တန်ခိုး ကြီးသော မင်း၏ မြို့သည်၊ အဂ္ဂိဇာလံ၊ မီးလျှံ သင့်သည်။ဘဝိဿ တိ။ဖြစ်လတ္တံ့။
	၂၃၅၄	လူမင်း စိတ်ကုန်။ ညှိုးလျော်တုံ။ ရွှေဘုံ ပြောင်း၍စံလတ္တံ့။
၁၁၇၃		ဒါနဂ္ဂသေသကာလေ၊ ၃၀ဂ-ချကြွင်းသော ကာလ၌။ ရာဇဂေဟော၊ မင်းအိမ်၌၊ ဝိသေသ

ကောဇာ	သာသနာ	ဟောကိန်း
		တော။ အသူးအားဖြင့်၊ မဟိဒ္ဓိကပုရိသော။ တန်ခိုး ကြီးသော ယောကျ်ားသည်။ ဘဝိဿတိ။ ဖြစ်လတ္တံ့။
	၂၃၅၅	မင်းမြတ်စံကာ၊ အိမ်တော်သာ။ ဒေဝါနတ်များကူလတ္တံ့။
၁၁၇၄		ဃနုလ သေသ ကာလေ၊ ၃၀၄-ခု ကြွင်းသော ကာလနိုက်။ ဘယပိဠိတော။ ဘေးဖြင့်နှိပ်စက်အပ်သောကြောင့်။ မာတာပီတုနံ။ မိဘတို့အား။ပုတ္တဓိတရော။သားသမီးတို့သည်။ အသုခကာရီ။ ချမ်းသာအောင် မပြုနိုင်သည်၊ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။
	၂၃၅၆	သားမြေးစစ်ကျ။သောကာလ၊ ပြည်မကြိုက်ကြိုက်ဆူလတ္တံ့။
၁၁၇၅		အညာဂ သေသ ကာလေ။ ၃၀၀- ကြွင်းသောကာလနိုက်။ ရာဇာ။မင်းသည်။ ဗဟူပိ။များစွာသောလူတို့ကိုလည်း။ ရက္ခိတကမ္မံ။ စောင့်ရှောက်အပ်သောအမှုကို။ ဒုက္ကရာ၊ ပြုခက်သည်ဖြစ်၍။ကိလိဿတိ။ပင်ပန်းလတ္တံ့။
	၂၃၅၇	ထွန်မြတ်စိုးကဲ။ သီလမြဲ၊ ဈေးပွဲကုတို့စည်လတ္တံ့။
၁၁၇၆		တာမိရ သေသကာလေ၊ ၂၉၆-ခု ကြွင်းသောကာလနိုက်။ ဗုဒ္ဓသာသနေ။ ဘုရားသခင်သာသနာတော်၌။ဝိနယံ၊ ဝိနည်းတရားတော်ကို။ ဂရုံကရောန္တော။ အလေးအမြတ် ပြုကုန်သည်။ နဟောန္တိ။မဖြစ်ကုန်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၃၅၈	ရွှေပန်းဆင်ခါ။ သာသနာ၊ ကိန်ဝါပွင့်လင်း စည်လတ္တံ့။
၁၁၇၇		ခမီရသေသကာလေ။ ၂၈၂-ခု ကြွင်းသောကာလန္တိက်။ မာတာပီတရောစ။အမိအဘတို့ကိုလည်းကောင်း။ ဉာတိမိတ္တေပိ သားချင်းမိတ်ဆွေ တို့ကို လည်း ကောင်း။ ပဠ ယိသန္တိ။ တောင်းတကုန်လတ္တံ့။ ရာမညရဋ္ဌာစ။ ရာမညတိုင်းသားတို့သည်လည်း။ ကမ္ပိသန္တိ။တုန်လှုပ်ကုန်လတ္တံ့။
	၂၃၅၉	နဝပဥ္စ။ဘောမစန္ဒာ။ကိန်းရောက်ခါ။ဆွေညာမိဘ'တ'လတ္တံ့။
၁၁၇၈		ဒဟာရသေသကာလေ။ ၂၈၈-ခုကြွင်းသောကာလန္ဒြ။ နရိန္ဒော။လူတို့ကိုအစိုးရသော။ ရာဇာ။မင်းသည်။အပရံဂေဟံ။ တပါးသောနန်းအိမ်သို့။ ဂမိဿတိ။ပြောင်းသွားလတ္တံ့။
	၂၃၆၀	နန်းသစ်စံကြို။ ကိန်းမှာတုံ။ ရွှေဘုံပြောင်းလဲ တည်လတ္တံ့။
၁၁၇၉		ဘဒရသေသကာလေ။ ၂၈၄-ခုကြွင်းသောကာလန္ဒြ။ ဗဟုဇာနေဟိ။ များစွာသောလူတို့နှင့်။ သဟာ၊ တကွ။ အမစ္စာ။ အမတ်တို့သည်၊ သူ့ရစိတ္တကမ္ဘ်၊ ရဲစိတ်ဝင်သောအမှုသည်။ ဘဝိဿတိ။ဖြစ်လတ္တံ့။
	၂၃၆၁	အောင်သာစစ်ကဲ၊ ဗိုလ်ခပဲ၊ စွန့်ရဲကြိုးပန်း ကြံလတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၇၀		အဟာရသေသကာလေ။ ၂၇၀-ကြွင်းသော ကာလ၌။ တရုတ် ပုရိသသာ။ ငယ် နှုံးသော ယောကျ်ား၏၊ ဝစန်။ စကားကို။ သုက်တွာန။ နာယူသောကြောင့်။ ဇေဌပုရိသော။ ကြီးသော သူသည်။ နဒိဗာယု ကော။ အသက် မရှည် သည်။ဘဝိဿတိ။ဖြစ်လတ္တံ့။
	၂၃၅၂	ငယ်သူ စကား။ နာယူမှား။ တိုင်းကားလူ ကျော်သေလတ္တံ့။
၁၁၇၁		ဘိသဌ သေသ ကာလေ။ ၂၆၅-ခု ကြွင်း သောကာလ၌။ အညမညဂေဟေ။ အချင်းချင်း အိမ်၌။ ကနိဌ ဘာ တိကာ၊ ညီ အစ်ကို နှစ် ယောက် တို့သည်၊ မနောဒေါသာ၊ စိတ်နှစ်လုံး ဆန့်ကျင်ကြ ကုန်သည်၊ ဘဝိဿန္တိ။ ဖြစ်ကုန် လတ္တံ့။ -
	၂၃၅၃	စိတ်သည်းညည်းခံ။ ရွှေနန်းစံ။ ရန်မာန်ညီ နောင်ခုလတ္တံ့။
၁၁၇၂		ရထဝ်သေသကာလေ။ ၂၆၂-ခုကြွင်းသော ကာလ၌။ ဧကောဧကာယ။ တယောက်သည် တယောက်အား၊ အညမညဂုဏံ။ အချင်းချင်း ကျေးဇူးဂုဏ်ကို။ပကာသိဿတိ။ပြလတ္တံ့။
	၂၃၅၄	လေသာ စခန်း။ သောင် ရွှေနန်း။ လက်ပန်း ဟန်ရေးပြလတ္တံ့။
၁၁၇၃		ဇာတိရ သေသ ကာလေ။ ၂၅၇-ခု ကြွင်း သောကာလ၌။ ဗဟုဇနေဟိ။ များစွာသော လူ တို့နှင့်။ သဟ။ တကွ။ ဗုဒ္ဓသာသနံ။ မြတ်စွာ

ကောဇာ	သာသနာ	ဟောကိန်း
		ဘုရားသာသနာတော်သည်။ ဥဇ္ဇုံရိဂကော၊ အညာသို့-ဆန်တက်သည်။ ဘဝိဿတိ။ ဖြစ်လတ္တံ့။
	၂၃၆၅	ပြည်သူစိတ်ကုန်။ ကိန်းမှာတုံ၊ လူပုံအညာ ဆန်လတ္တံ့။
၁၁၈၄		ဝိစာရသေဿကာလေ၊ ၂၆၄-ခုကြွင်းသောကာလ၌၊ ရာမည ဒေသေ။ ရာမည တိုင်း၌၊ ဒုက္ခံကျွံ။ တော်မွတ်ခြင်းသည်၊ ဘဝိဿတိ။ ဖြစ်လတ္တံ့။
	၂၃၆၆	သက်သာဆုကုန်။ ကိုယ်ရေးကြုံ၊ မွတ်တုံ ရှားပါးကြလတ္တံ့။
၁၁၈၅		နစိရ သေဿ ကာလေ။ ၂၆၀-ကြွင်းသောကာလ၌၊ ပမက္ခရဇနာ။ မြန်မာလူမျိုး တို့သည်။ ဗဟုပ္ပဒ္ဒဝါ။ ဘေး ဥပါဒ် များကုန် သည်၊ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။
	၂၃၆၇	တသက်စိတ်က။ မနေရ၊ ကြေမွ ဥပါဒ်ဖြစ်လတ္တံ့။
၁၁၈၆		တိမုခ သေဿ ကာလေ၊ ၂၅၆-ခု ကြွင်း သော ကာလ၌။ ရာမည ဒေသ ဝါသိနော။ မွန်တိုင်းသုံးရပ်၌နေကုန်သော။ ဇနာ၊ လူတို့သည်။ ဝိသုံဝိသုံ၊ အသီးအသီး။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။
	၂၃၆၈	ရွာသားစိတ်ကျုံ။ မကောင်းတုံ၊ လူပုံရှုရှုကွဲလတ္တံ့။
၁၁၈၇		ဒိဏာရ သေဿ ကာလေ၊ ၂၅၂-ခု ကြွင်း သောကာလ၌။ ကမ္ဗောဇဗာရဏကုလာ။ ရှမ်း

ကောဇာ	သာသနာ	ဟောကိန်း
		ကုလားလူမျိုးတို့သည်။ ဒုဗ္ဘိက္ခံ။ ငတ်မွတ်ခြင်းသို့။ ပပြေါန္တိ။ ရောက်ကုန်လတ္တံ့။ ပမက္ခရကုလား။ မြန်မာလူမျိုးတို့သည်။ သုခကာရံ။ ချမ်းသာဘွယ်ကို။ စိန္တယန္တိ။ ကြံကုန်လတ္တံ့။
	၂၃၆၉	ဓားသွားစကြာ။ ကိန်းရောက်ခါ။ ငြိမ်းစွာစကားပြောလတ္တံ့။
၁၁၈၈		ဒပါရသေသကာလေ။ ၂၄၈-ချွင်းသောကာလ၌။ ဘတက္ခရယုတ္တာ။ ဘအက္ခရာ တအက္ခရာနှင့်ယှဉ်ကုန်သော ရှမ်းကုလားတို့သည်။ တယောဥပ္ပဒ္ဒဝါ။ ဘေးသုံးပါး ရောက် ကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။
	၂၃၇၀	နန္ဒာစစ်ကိုင်း။ ကိန်းသမိုင်း။ အရိုင်းရှမ်းတို့ ပျက်လတ္တံ့။
၁၁၈၉		ဝေဘာရ သေသကာလေ။ ၂၆၆-ချွင်းသောကာလ၌။ တနက္ခရကုလား။ တနအက္ခရာနှင့်ယှဉ်သော ကုလားလူမျိုးတို့သည်။ တယောဥပ္ပဒ္ဒဝါ။ ကင်သုံးပါး ဆိုက်ရောက် ကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။
	၂၃၇၁	အိမ်တော်စံခိုက်။ လူတဝိုက်။ ကြိုက်ကြိုက် အိုးသို့ဆူလတ္တံ့။
၁၁၉၀		နဝါရသေသ ကာလေ။ ၂၆၀-ကြွင်းသောကာလ၌။ ရာမညဒေသကုလား။ တလိုင်းလူမျိုးတို့သည်။ ဒုဗ္ဘိက္ခပိဠိတာ။ ငတ်မွတ် ခြင်းဖြင့်နှိပ်စက်ကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
	၂၃၇၂	ကန့်တွင်းဆုံခိုက်၊ ကိန်းမှာဆိုက်၊ ပြိုက်ပြိုက် တလိုင်းကျေလတ္တံ့။
၁၁၉၁		တဂ္ဂရ သေသ ကာလေ၊ ၂၃၉-ခု ကြွင်း သောကာလ၌၊ စည္ကဒ္ဒရကုလေသု၊ မွန်လူမျိုးတို့၌၊ နဒီတလတော၊ မြစ်ညာမှ၊ ဒေဝမနုဿာနံ၊ နတ်လူတို့၏၊ ပူဇိတပဂ္ဂလော၊ ပူဇော်အင်သောပုဂ္ဂိုလ်သည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
	၂၃၇၃	စည်ထွန်းစံကူး၊ လူသုံးဦး၊ ဘူးကြွစရာ၊ မြစ်ချောကပေါ်လတ္တံ့။
၁၁၉၂		ရာဇဒ္ဒ သေသ ကာလေ၊ ၂၃၂-ခု ကြွင်း သောကာလ၌၊ ကမ္ဗောဇဒေသကုလာ၊ ရှမ်းလူမျိုးတို့သည်၊ ဇ္ဇုတောစိတော၊ ဤမှထိုမှ၊ အပရာပရံ၊ လူးလာလူးလာ၊ ဂစ္ဆန္တာ၊ သွားကုန်သည်ဖြစ်၍၊ အသန္တာ၊ မငြိမ်သက်ကုန်သည်၊ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။
	၂၃၇၄	လူတို့စိတ်က၊ ကြံမရ၊ သွားကြ မငြိမ်ရှိ လတ္တံ့။
၁၁၉၃		ဒိဋ္ဌိရသေသကာလေ၊ ၂၂၈-ခု ကြွင်းသော ကာလ၌၊ တနင်္ဂရကုလာ၊ ကုလားလူမျိုးတို့သည်၊ သုညာဂါရံ၊ ဆိတ်ငြိမ်ရာ ဖြစ်သော၊ ဝနသဏ္ဍံ၊ တောအုပ်သို့၊ ပဝိသိဿတိ၊ ဝင် လတ္တံ့။
	၂၃၇၅	ဖဲထွက် စင်ချောက်၊ လူပေါက် သောက်၊ မြောက်ဘက်မြို့ရွာ၊ တောသာအတိဖြစ်လတ္တံ့။

ကောဇာ	သာသနာ	ဟောကိန်း
၁၁၉၄		ဝိရဇ္ဇသေသကာလေ။ ၂၂၄–ကြွင်းသောကာလ၌။ တမ္ဗဒီပဒေသေ။ တမ္ဗဒီပတိုင်း၌။ ငမုံ နဒီဝဂ်နိဝါသမနုဿာ။ စမုံ မြစ်ကျောက်ကောက်စင်းစင်း၌ နေသောလူတို့သည်။ ဝိနာသံ။ ပျက်စီးခြင်းသို့။ ဂမိဿန္တိ။ ရောက်ကုန်လတ္တံ့။
	၂၃၇၆	သည်တွင်ဇိတ်ကုန်။ ကိန်းရောက်တုံ။ စမုံ မြစ်ရိုးပျက်လတ္တံ့။
၁၁၉၅		အဂ္ဂိဇ္ဇသေသကာလေ။ ၂၂၀–ချကြွင်းသောကာလ၌။ ဗာလောစ။ သူမိုက် သည် လည်းကောင်း။ ပဏ္ဍိတောစ။ ပညာရှိ သည် လည်းကောင်း။ ဒွိဓာ။ နှစ်ဖြာ။ ဟောဒုံ။ကွဲပြားခြင်းသို့။ ဂတေ။ ရောက်သည်ရှိသော်။ ဗာလာ။ သူမိုက်တို့သည်။ဝိနဿန္တိ။ပျက်စီးကုန်လတ္တံ့။
	၂၃၇၇	တိုးတက်ဆန်းခိုင်။ ကိန်းအလိုက်။ လူမိုက်ဥပါဒ်များလတ္တံ့။
၁၁၉၆		စက္ကရ သေသ ကာလေ။ ၂၁၆–ချ ကြွင်းသောကာလ၌။ ကနက္ခရယက္ခကုလာ။ ကုလားလူမျိုး တို့သည်။ ဧကော ဧကာယ။ တယောက်သည် တယောက်အား။ ဒေါသဝိနာသံ။ဒေါသဖြင့်ပျက်စီးခြင်းသို့။ဂမိဿတိ၊ရောက်လတ္တံ့။
	၂၃၇၈	ရန်တင်စကား။ ရှမ်းတို့ရွာ၊ ညီညာမရှိပျက်လတ္တံ့။
၁၁၉၇		ဒိပရသေသကာလေ။ ၂၁၂–ချကြွင်းသောကာလ၌။ ပမဘ္ဗရကုလဒေသေ။ မြန်မာလူမျိုး

ကောဇာ	သာသနာ	ဟောကိန်း
		တို့အရပ်၌။ ဒုတ္တိကျွ ။ ဝေတ်မွတ်ခြင်းသည်၊ ဘဝိသာတိ။ဖြစ်လတ္တံ့။
	၂၃၇၉	ခေါးတွင် စိတ်ကုန်။ ကိန်းရောက်တုံ။ လူပုံဝေတ်မွတ်ရှားလတ္တံ့။
၁၁၉၈		ဟာနိရသေသကာလေ၊ ၂၀၈-ချကြွင်းသောသော ကာလ၌။ ကက္ခရကာလေ၊ ရှမ်းလူမျိုး၌။ နဂရပိနာသံ၊ မြို့ရွာပျက်စီးခြင်းသည်။ ဘဝိသာတိ။ဖြစ်လတ္တံ့။
	၂၃၈၀	နန်းရံစကား၊ ကိန်းမှာငြား။ ရှမ်းကုလားလူပျက်လတ္တံ့။
၁၁၉၉		ဝါနိရသေသကာလေ၊ ၂၀၄-ချကြွင်းသောကာလ၌။ စညက္ခရ ဒေသေ၊ မွန်တို့ အရပ်၌။ ဥမ္မတ္တကဝစနံ။ သူရူးစကားကို။ ဂဏှိတွာ။ ယူမိမှား၍။ နဂရံ၊ ပြည်သည်။ ကမ္ပိသတိ။ တုန်လှုပ်လတ္တံ့။
	၂၃၈၁	သူရူးစကား၊ နာယူမှား။ တိုင်းကားတုန်လှုပ်ပြန်လတ္တံ့။ဝပြောအံ့။ကိလကာနှစ်။
၁၂၀၀		အညာရသေသကာလေ၊ ၂၀၀-ကြွင်းသောကာလ၌။ ရာမည ဒေသေ၊ မွန်တို့ အရပ်နိုက်၊ သတ္တုန္တိရာဘယံ၊ လက်နက် အန္တရာယ် ဘေးသည်။ဘဝိသာတိ။ဖြစ်လတ္တံ့။
	၂၃၈၂	ကရင်စိတ်ကိုး၊ ရန်စပျိုး၊ ထားမိုးစင်း လှံမိုးစင်းရွာလတ္တံ့။
၁၂၀၁		တဋ္ဌာကသေသကာလေ၊ ၁၉၆--ခု ကြွင်းသောကာလ၌။ ပမက္ခရကုလာ။ မြန်မာလူမျိုး

ကောဇာ	သာသနာ	ဟောကိန်း
		တို့သည်၊ အညမညီ၊အချင်းချင်း၊ ကြောကောယာ၊ တယောက်သည် တယောက်အား၊ သေးနင်း၊စစ်ထိုးခြင်းကို၊ကရိသသင်္ကြိ၊ပြုကုန်လတ္တံ့။
